# ကြေးမုံ

**The Mirror Daily**

ဘဏ္ဍာရေးမပြီးဘဲ ဘတ်ဂျက်ကိုလူထုထံ တင်ပြသည်ထက်ပို၍ Established in 1957


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်၊ တနင်္ဂနွေနေ့။ Sunday, 29 March 2020 ၉၉၆၉


# COVID-19 သက်ရောက်မှုကြောင့် ထိခိုက်မှုရှိနေသော စီးပွားရေးလုပ်ငန်းများအား COVID-19 Fund မှ ထုတ်ပေးမည့် ချေးငွေလျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေး အမှတ်စဉ် ၂/၂၀၂၀ ၏ ဆုံးဖြတ်ချက်အရ COVID-19 ကြောင့် လတ်တလောစီးပွားရေးထိခိုက်မှု အများဆုံးခံစားရသည့် လုပ်ငန်းကဏ္ဍများအဖြစ် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို ဦးစားပေးကုစားရမည့် ကဏ္ဍများအဖြစ် သတ်မှတ်၍ ၁၀၀ ဘီလီယံ ကျပ်ဖြင့် COVID-19 Fund ထူထောင်ကာ ချေးငွေများ ထုတ်ချေးပေးရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ အဆိုပါ ချေးငွေကို ဦးစားပေးကုစားရမည့် ကဏ္ဍများတွင် အကျုံးဝင်သည့် စီးပွားရေးလုပ်ငန်းများကို အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ ချေးငွေကာလ တစ်နှစ် သတ်မှတ်၍ ချေးငွေထုတ်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ပါ၍ ဦးစားပေးကုစားရမည့် ကဏ္ဍများရှိ အောက်ပါအချက်များနှင့် အကျုံးဝင်ကိုက်ညီသော စီးပွားရေးလုပ်ငန်းများအနေဖြင့် ချေးငွေရယူနိုင်ရေး လျှောက်ထားနိုင်ပါသည်-

(က) COVID-19 ကြောင့် အမှန်တကယ် ထိခိုက်မှုရှိနေသော နိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်း ဖြစ်ရမည်။

(ခ) လက်ရှိ လည်ပတ်ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ရမည် သို့မဟုတ် ယခု ကြေညာချက်ထုတ်ပြန်သည့်နေ့မှ ယခင် ၃ လအတွင်း ယာယီရပ်စဲထားပြီး ချေးငွေရရှိပါက ချက်ချင်း ပြန်လည်စတင် လည်ပတ်နိုင်သည့်လုပ်ငန်းဖြစ်ရမည်။

(ဂ) ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်နေ့မတိုင်မီက သက်ဆိုင်ရာဌာနမှ ခွင့်ပြုချက်/ လုပ်ငန်းလိုင်စင်ရထားပြီးသည့်လုပ်ငန်း ဖြစ်ရမည်။

(ဃ) လွန်ခဲ့သည့် ၂ နှစ်တာကာလအတွင်း နှစ်စဉ်ဝင်ငွေရရှိနေသော လုပ်ငန်းဖြစ်ရမည်။

(င) ချေးငွေအား ပြန်လည်ပေးဆပ်နိုင်မည့် ခိုင်လုံသောအခြေအနေရှိသည့်လုပ်ငန်း ဖြစ်ရမည်။

(စ) ချေးငွေအား ဝန်ထမ်းနှင့် လုပ်သားများ လစာပေးရန်နှင့် လက်ရှိလုပ်ငန်းလည်ပတ်ရန်ကိစ္စအတွက်သာ အသုံးပြုမည့်လုပ်ငန်း ဖြစ်ရမည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳



**ကြေးမုံ ယနေ့ ဖတ်စရာ**

ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်မည့် နိုင်ငံခြားသားများအား မည်သည့် ပြည်ဝင်ဗီဇာ အမျိုးအစားမဆို ထုတ်ပေးခြင်းကို ယာယီရပ်ဆိုင်းကြောင်း ကြေညာချက်

စာမျက်နှာ » ၅

ကမ္ဘာ့စီးပွားရေးကို ထိခိုက်မည့် COVID-19

စာမျက်နှာ » ၁၅

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

စာမျက်နှာ » ၁၇




အင်းလေးဖောင်တော်ဦးဘုရားကို ဖူးတွေ့ရစဉ်။

## ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်းရှိ ဖောင်တော်ဦးဘုရား၊ နန်းပန်အလိုပေါက်ဘုရား၊ ရွှေအင်းတိန်မွေတော်ဘုရားနှင့် တာခေါင်မွေတော်ဘုရားတို့အား ဖူးမြော်ကြည်ညိုခွင့် ယာယီရပ်ဆိုင်း

ညောင်ရွှေ မတ် ၂၈

လတ်တလော ကမ္ဘာနှင့်တစ်ဝန်း ကူးစက်ဖြစ်ပွားနေသည့် Coronavirus Disease 2019 (COVID-19) အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါသည် ကူးစက်ပျံ့နှံ့မှုလျင်မြန်လျက်ရှိပြီး လူစည်ကားရာနေရာများတွင် ပိုမိုဖြစ်ပွားနိုင်ကြောင်း၊ လူစုလူဝေးမပြုလုပ်သင့်ကြောင်း သက်ဆိုင်ရာမှ အသိပေးထုတ်ပြန်ထားသည်။

COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုထိန်းချုပ်ရေးနှင့် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်းရှိ ဘုရားဖူးဧည့်သည်များနှင့် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှု အများဆုံးဖြစ်သည့် အင်းလေးဖောင်တော်ဦးဘုရား၊ နန်းပန်အလိုတော်ပေါက်ဘုရား၊ ရွှေအင်းတိန် မွေတော်ဘုရားနှင့် တာခေါင်မွေတော်ဘုရားတို့အား ဖူးမြော်ကြည်ညိုခွင့်နှင့် သွားရောက်လည်ပတ်ခွင့်ကို မတ် ၂၉ ရက်မှ ဧပြီ ၃၀ ရက်အထိ ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ဂေါပကအဖွဲ့၏ ဆုံးဖြတ်ချက်အရ သိရသည်။

စိုင်းအယ်ဘဲ




ကြေးမုံ

# ခပ်ခွာခွာနေထိုင်ခြင်းသည်သာ အကောင်းဆုံး

၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှစတင်ခဲ့သည့် တစ်ကမ္ဘာလုံးကူးစက်ပျံ့နှံ့နေသော COVID–19 ရောဂါသည် မြန်မာနိုင်ငံတွင် မတ် ၂၃ ရက်မှစတင်ဖြစ်ပွားခဲ့သည်။ မတ် ၂၃ ရက်မှ ၂၈ ရက်အထိ ငါးရက်အတွင်း လူ ရှစ်ဦးတွင် ရောဂါတွေ့ရှိခဲ့ရာ ရောဂါဖြစ်ပွားမှု နေ့စဉ်တိုးနေသည်ဟု သတ်မှတ်ရမည်ဖြစ်သည်။ ထို့ကြောင့် ကူးစက်ခြင်းမခံရဖို့အရေး တစ်ဦးနှင့်တစ်ဦး ခပ်ဝေးဝေးနေပေးကြဖို့လိုမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် COVID–19 ရောဂါပိုးတွေ့ရှိမှုကို ဆန်းစစ်ကြည့်မည်ဆိုလျှင် မတ် ၂၃ ရက်တွင် အမေရိကန်နှင့် အင်္ဂလန်နိုင်ငံမှ ပြန်လာသူ နှစ်ဦး၊ မတ် ၂၅ ရက်တွင် အင်္ဂလန်မှပြန်လာသူ တစ်ဦး၊ မတ် ၂၇ ရက်တွင် အမေရိကန်မှပြန်လာသူ တစ်ဦးနှင့် ဩစတြေးလျနှင့်စင်ကာပူမှ ဆေးကုသပြီးပြန်လာသူ တစ်ဦး၊ မတ် ၂၈ ရက်တွင် အင်္ဂလန်နိုင်ငံမှပြန်လာသူတစ်ဦး၊ ဆွစ်ဇာလန်နိုင်ငံမှ ရောက်ရှိလာသူတစ်ဦးနှင့် ပြည်ပနိုင်ငံများသို့ သွားရောက်ခြင်းမရှိသော်လည်း နိုင်ငံခြားသားများနှင့် မြန်မာနိုင်ငံတွင် အနီးကပ်အလုပ်လုပ်ခဲ့သူ တစ်ဦး စုစုပေါင်း ရောဂါတွေ့ရှိသူ ရှစ်ဦးရှိနေပြီဖြစ်သည်။

ယင်းကိုကြည့်လျှင် COVID–19 ရောဂါသည် ပြည်ပနိုင်ငံများမှတစ်ဆင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်ပြီး လက်ရှိတွင် ၎င်းတို့မှတစ်ဆင့် မြန်မာနိုင်ငံသားများကို ဆင့်ပွားကူးစက်ပျံ့နှံ့ခြင်း လတ်တလော စစ်ဆေးနိုင်မှုအရ မတွေ့ရသေးပေ။ ထို့ကြောင့် ပြည်ပမှ မြန်မာနိုင်ငံသို့ ရောက်ရှိလာကြသော နိုင်ငံသားများ၊ နိုင်ငံခြားသားများအား သီးခြားနေထိုင်သည့် Quarantine လုပ်ငန်းစဉ်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်ပါအတိုင်း အတိအကျလုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏အနေအထားအရ ဤသို့သောအခြေအနေ အနေအထားမျှ ဖြစ်ပွားနေသည်မှာ စိတ်သက်သာရာရဖွယ်ဟုဆိုနိုင်သော်လည်း လူတို့တွင် အဆိုပါရောဂါ ရှိ၊ မရှိ သေချာတပ်အပ်မသိနိုင်သဖြင့် ရောဂါကြိုတင်ကာကွယ်ရေး ဆောင်ရန်၊ ရှောင်ရန်လမ်းညွှန်ချက်များကို ပြည်သူအားလုံး လိုက်နာအားထုတ် ဆောင်ရွက်ကြရန်လိုပေမည်။ ရောဂါကူးစက်ခြင်းမှ သက်သာစေရန် လူတို့၏နေ့စဉ် နေထိုင်သွားလာမှုဘဝများတွင် မတတ်သာသဖြင့် ခပ်ခွာခွာနေကြရမည်ကို နားလည်မှုရှိဖို့လိုမည်ဖြစ်သည်။

COVID–19 ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ရန်အတွက် လူအများနှင့်ထိတွေ့မှုကို တတ်နိုင်သမျှ လျှော့ချရမည်ဖြစ်သည်။ မတတ်သာ၍ ပြင်ပသို့၊ လုပ်ငန်းခွင်သို့ သွားရသော်လည်း လူစုလူဝေး၊ လူတို့နှင့်အနီးကပ်ထိတွေ့မှုကို ရှောင်ရှားရမည်ဖြစ်သည်။ ဖြစ်နိုင်လျှင် အထူးသဖြင့် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ၊ ရောဂါအခံရှိသူများ မိမိတို့နေအိမ်တွင်သာ နေထိုင်သင့်ပါသည်။ အခြားသူများနှင့် ဆက်ဆံရာတွင် သုံးပေအကွာမှသာ ဆက်ဆံပြောဆိုရမည်ဖြစ်ပြီး မကြာခဏဈေးဝယ်ခြင်းကို မပြုလုပ်ဘဲ လိုအပ်မှသာ လိုအပ်သလောက် တစ်ယောက်တည်း ဈေးဝယ်ရန် လိုပါသည်။

COVID–19 ရောဂါနှင့်ပတ်သက်၍ လူအများနှင့်ထိတွေ့ဆက်ဆံနေလျှင် ရောဂါပိုးရှိသူ လူတစ်ဦးကို ရောဂါရှိမှန်းမသိနိုင်ဘဲ ပုံမှန်အတိုင်းသာ ပြောဆိုဆက်ဆံသွားလာနေကာ ငါးရက်အတွင်း လူနှစ်ဦးမှ သုံးဦးအထိ ကူးစက်နိုင်ပြီး ရက် ၃၀ အတွင်း လူ ၄၀၀ ကျော်အထိ ကူးစက်သွားနိုင်သည်။ နေ့စဉ်ဘဝတွင် လူအများနှင့်ထိတွေ့မှုကို ထက်ဝက်ခန့် လျှော့ချနိုင်ပါက ရက် ၃၀ အတွင်း လူ ၁၅ ဦးသာကူးစက်နိုင်ပြီး လူအများနှင့်ထိတွေ့မှုကို ၇၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ပါက ရက် ၃၀ အတွင်း လူနှစ်ဦးမှ သုံးဦးအထိသာ ကူးစက်နိုင်ပါသည်။

သို့ဖြစ်ရာ ထိုရောဂါသည် တစ်ဦးမှအစ တစ်ကမ္ဘာလုံး ကူးစက်လာခြင်းဖြစ်ရာ မြန်မာနိုင်ငံတွင် မတ်လ ၂၃ ရက်နေ့မှစတင်၍ ပြည်ပမှ ရောက်ရှိလာသည့် ရောဂါဖြစ်သူ ရှစ်ဦးသာရှိသေးရာ မြန်မာနိုင်ငံသားများ တစ်ဦးမှ တစ်ဦးသို့ ကူးစက်ခြင်းမရှိစေရန် တစ်ဦးနှင့်တစ်ဦး မတတ်သာ၍ ခပ်ခွာခွာနေထိုင်ခြင်းသည်သာ အကောင်းဆုံး ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မြဝတီနယ်စပ်ဂိတ်မှ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ ပြန်လည်ရောက်ရှိသူများအား COVID-19 ရောဂါကူးစက်မှု ရှိ၊ မရှိ အထူးကြပ်မတ်စစ်ဆေး

**ရန်ကုန် မတ် ၂၈**

မြဝတီနယ်စပ်ဂိတ်မှ ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ မတ် ၂၇ ရက် ည ၇ နာရီခွဲတွင် ပြန်လည်ရောက်ရှိလာသူများအား ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ အစီအစဉ်ဖြင့် COVID- 19 ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ရောဂါကူးစက်မှု ရှိ၊ မရှိ ကျန်းမာရေး အထူးကြပ်မတ်စစ်ဆေးဆောင်ရွက်ပေးခဲ့ကြသည်။

**စနစ်တကျ မှတ်တမ်းထားရှိ**

ထိုသို့ မြဝတီနယ်စပ်ဂိတ်မှ အောင်မင်္ဂလာ အဝေးပြေးကားဂိတ်သို့ ရောက်ရှိလာပြီး ရန်ကုန်မြို့နှင့် ရန်ကုန်မြို့မှတစ်ဆင့် နေရပ်ပြန်မည့် မြန်မာနိုင်ငံသားများအား စာရင်းကောက်ယူ၍ ကျန်းမာရေးစစ်ဆေးမှုများကို စနစ်တကျ မှတ်တမ်းထားရှိကာ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှတာဝန်ရှိသူများ ပေါင်းစပ်ဖွဲ့စည်းထားသောအဖွဲ့က ကြပ်ကြပ်မတ်မတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြသည်။



ထိုသို့ စိစစ်ဆောင်ရွက်ပေးလျက်ရှိရာသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်၊ လွှတ်တော်ကိုယ်စားလှယ်များက သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

**စိစစ်ခွင့်ပြု**

အဆိုပါ ပြန်လည်ရောက်ရှိလာသူများကို ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ စီစဉ်သောကားများဖြင့် ခေါ်ဆောင်လာခြင်းဖြစ်ပြီး မြဝတီနယ်စပ်ဂိတ်ဝင်ရောက်စဉ်တစ်ကြိမ်၊ ယခု အောင်မင်္ဂလာ အဝေးပြေးဂိတ်သို့ ရောက်ရှိစဉ်တစ်ကြိမ် ကျန်းမာရေး အထူးကြပ်မတ်စစ်ဆေးခဲ့ပြီး စိတ်ချရသည့်အနေအထားရှိမှသာ ရန်ကုန်မြို့နှင့် ရန်ကုန်မြို့မှတစ်ဆင့် နေရပ်ပြန်မည့်သူများကို စိစစ်ခွင့်ပြုပေးခဲ့ခြင်း ဖြစ်သည်။ ၎င်းတို့အနေဖြင့်လည်း မိမိတို့နေရပ်သို့ ရောက်ရှိစဉ် ရပ်ကွက် ကျေးရွာ အုပ်ချုပ်ရေးမှူးများထံ သတင်းပေးပို့ပြီး မိမိတို့၏နေအိမ်၌ပင် အသွားအလာကန့်သတ်၍ ၁၄ ရက်တာ နေထိုင်ရမည်ဖြစ်ကြောင်းနှင့် ကျန်းမာရေးစိစစ်ပေးသည့် အဖွဲ့အစည်းများကလည်း ၎င်းတို့ထံမှ သတင်းအချက်အလက်များရယူထားပြီး သက်ဆိုင်ရာများသို့ ဆက်လက်သတင်းပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန် /ဆက်)

# အောင်မြေသာစံမြို့နယ်၌ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းဆွေးနွေး

**မန္တလေး မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက် ကမ်းနားလမ်း ၂၂–၂၆ လမ်းကြားရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းဝေးခန်းမ၌ မတ် ၂၈ ရက် နံနက် ၉ နာရီခွဲက COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အစည်းအဝေးကို ကျင်းပသည်။

အခမ်းအနားတွင် နေအိမ်၌သာနေထိုင်ရန် အသွားအလာကန့်သတ်ထားရှိသူ ၅၁ ဦးရှိကြောင်း၊ နိုင်ငံရပ်ခြားမှ မတ် ၂၅ ရက်နောက်ပိုင်း ရောက်ရှိသူများကို သတ်မှတ်နေရာများတွင် နေထိုင်ရန် အသွားအလာကန့်သတ်မှု ပြုလုပ်သွားမှာဖြစ်ကြောင်း နိုင်ငံခြားပြန်များရောက်ရှိမှုနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များရရှိနိုင်ရန် လိုအပ်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုးက ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်၍ တိတိကျကျဆောင်ရွက်ရန် အသိပညာပေး လက်ကမ်းစာစောင် အိမ်တိုင်းစေ့ကပ်ထားရန်နှင့် လိုအပ်သည့်အချက်များ မှာကြားသည်။

တင်မောင်(မန်းကိုယ်ပွား)

# COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အလှူငွေနှင့်စက်ပစ္စည်းများ ပေးအပ်လှူဒါန်း

**မတ္တရာ မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် COVID–19 ရောဂါကာကွယ်ရေးနှင့် စောင့်ကြပ်ကြည့်ရှုသည့်နေရာများတွင် အသုံးပြုနိုင်ရန်အတွက် အလှူငွေများနှင့် စက်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက မတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



လှူဒါန်းပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလွင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်တို့က လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကားများပြောကြားပြီး အလှူရှင် "မြင့်"ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မြင့်က လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန့်လွင်ထွန်းက လှူဒါန်းမှုတို့အတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အလှူငွေကျပ် သိန်း ၅၀၊ ငွေကျပ် ၃၇၅၀၀၀ တန်ဖိုးရှိအပူချိန်တိုင်းကိရိယာငါးခုနှင့် နှာခေါင်းစည်း အခု ၄၀၀ တို့အား အလှူရှင်က ပေးအပ်လှူဒါန်းရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဆရာဝန်ကြီးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့က လက်ခံရယူခဲ့ကြသည်။

စိုးကျော်သူထွေး(မတ္တရာ)

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Daily Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# ပြည်သူသိလျှင် အဓိက

* ရှေ့ဖုံးမှ

(ဆ) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်ရုံးက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားခြင်းခံရသည့် (သို့မဟုတ်) မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံထားရသည့် ကုမ္ပဏီမဖြစ်စေရ။ ကုမ္ပဏီမဟုတ်သောစီးပွားရေးလုပ်ငန်းဖြစ်ပါက သက်ဆိုင်ရာ အစိုးရဌာန/ အဖွဲ့အစည်းက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားခြင်းခံရသည့် (သို့မဟုတ်) မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံထားရသည့် စီးပွားရေးလုပ်ငန်း မဖြစ်စေရ။

(ဇ) ဝင်ငွေခွန်/ ကုန်သွယ်ခွန်/ အထူးကုန်စည်ခွန် ပေးဆောင်ထားသည့် လုပ်ငန်းဖြစ်ရမည်။

( ဈ ) လူမှုဖူလုံရေးထည့်ဝင်ကြေး ပုံမှန်ထည့်ဝင်ထားသည့်လုပ်ငန်းကို ဦးစားပေးနိုင်သည်။

(ည) ကုမ္ပဏီဖြစ်ပါက ဒါရိုက်တာအဖွဲ့၊ ကုမ္ပဏီမဟုတ်ပါက ချေးငွေရယူသည့် လုပ်ငန်းပိုင်ရှင်မှ ချေးငွေအားပြန်လည်ပေးဆပ်ရန် အာမခံချက်ပေးနိုင်ရမည်။

၄။ ချေးငွေပြန်လည်ပေးဆပ်နိုင်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်။ ထို့အပြင် ချေးငွေရယူထားသည့်လုပ်ငန်းများအနေဖြင့် ချေးငွေပေးဆပ်မှုပျက်ကွက်ပါက Credit Bureau တွင် Negative List အဖြစ် ထည့်သွင်းခံရမည်ဖြစ်ပြီး ဘဏ်၊ ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းတို့မှ ချေးငွေရယူနိုင်ခြင်းမရှိစေရန် စီစဉ်သွားမည်။

၅။ ချေးငွေများကို သတ်မှတ်ထားသည့် အဆိုပြုလျှောက်လွှာပုံစံများဖြင့် လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရန် စာရွက်စာတမ်းအချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်။ သတ်မှတ်ချက်များနှင့် ပြည့်စုံကိုက်ညီခြင်းမရှိသည့်လျှောက်လွှာများကို လက်ခံဆောင်ရွက်ပေးမည် မဟုတ်ပါ။

၆။ လျှောက်လွှာများကို အောက်ပါရုံး၊ ဌာနများတွင် ရယူနိုင်ပါသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ရန်ကုန်မြို့။

( ခ ) တိုင်းဒေသကြီးနှင့် ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းရုံးများ။

( ဂ ) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ရုံးများ။

(ဃ) စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ရုံးများ။

( င ) ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ရုံးများ။

၇။ လျှောက်လွှာများကို အောက်ဖော်ပြပါ website များမှလည်း ထုတ်ယူနိုင်ပါသည် -

(က) www.mopfi.gov.mm
( ခ ) www.mifer.gov.mm
( ဂ ) www.msme.gov.mm
(ဃ) www.tourism.gov.mm
( င ) www.dica.gov.mm
( စ ) www.umfcci.com.mm

၈။ လျှောက်လွှာများကို ၂၀၂၀ ပြည့်နှစ် မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၉ ရက်နေ့အတွင်း နေ့စဉ် နံနက် ၀၉:၃၀ မှ ညနေ ၀၄:၃၀ အချိန်အတွင်း အောက်ပါနေရာများ၌ လက်ခံသွားမည်ဖြစ်ပါသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။

( ခ ) တိုင်းဒေသကြီးနှင့်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းရုံးများ။

၉။ လျှောက်လွှာလက်ခံရန် နောက်ဆုံးသတ်မှတ်ရက်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ် ဧပြီလ ၉ ရက်နေ့ထက် ကျော်လွန်တင်ပြလာသည့်လျှောက်လွှာများအား လက်ခံဆောင်ရွက်ခြင်းပြုမည်မဟုတ်ပါ။

၁၀။ ချေးငွေလျှောက်ထားခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည့် အချက်များရှိပါက အောက်ဖော်ပြပါ ရုံး၊ ဌာနနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်။ | ၀၁ - ၂၃၁၄၃၄၃<br>၀၁ - ၂၃၀၂၄၈၅<br>၀၁ - ၂၃၀၁၅၆၂<br>covid-19@umfcci.com.mm |
| ( ခ ) | ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန။ | ၀၁ - ၆၅၈၁၂၀<br>၀၁ - ၆၅၈၁၃၁ |
| (ဂ) | စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန။ | ၀၉-၅၁၅၃၉၄၆ |
| (ဃ) | ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန။ | ၀၉-၅၀၃၄၅၈၂ |

၁၁။ COVID-19 ကြောင့် ထိခိုက်မှုရှိနေသည့် အပိုဒ် ၁ ပါ ကဏ္ဍများမှ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် ချေးငွေလျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

# COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄၃/၂၀၂၀)သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်

**နေပြည်တော် မတ် ၂၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသော COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄၃/၂၀၂၀) နှင့် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် အင်တာနက်ကွန်ရက်အသုံးပြု Video Conferencing အစည်းအဝေးသို့ တက်ရောက်သည်။



**လိုက်နာဆောင်ရွက်**

အစည်းအဝေးများ၌ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများတွေ့ရှိနေပြီဖြစ်သဖြင့် လက်ရှိဆောင်ရွက်နေသော ရောဂါကာကွယ်ထိန်းချုပ်ရေးနည်းဗျူဟာများကို ပြောင်းလဲလာသော အခြေအနေများနှင့်အညီ မွမ်းမံဆောင်ရွက်ရန်၊ ဓာတ်ခွဲအတည်ပြုလူနာ ရှစ်ဦးနှင့် ထိတွေ့ခဲ့သူများကို ရှာဖွေထောက်လှမ်းဖော်ထုတ် (contact tracing) မှုများကို အားဖြည့်ဆောင်ရွက်ရန်၊ ဆေးရုံများတွင် ရောဂါပိုးကူးစက်ပြန့်ပွားခြင်းကာကွယ်ရေးလုပ်ငန်းများကို လုပ်ငန်းလမ်းညွှန်များနှင့်အညီ စနစ်တကျဆောင်ရွက်ရန်၊ အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းလမ်းညွှန်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယနေ့ပြုလုပ်သော အစည်းအဝေးများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရောဂါဖြစ်ပွားမှုများပြားရာနိုင်ငံများမှ လေကြောင်းခရီးဖြင့် ပြည်တွင်းသို့ရောက်ရှိသူများအား အသွားအလာကန့်သတ်ထားရှိရန် နေရာများရရှိရန် ရှာဖွေနေမှုအခြေအနေများ၊ နယ်စပ် ဝင်/ထွက်ပေါက်များမှ ပြည်တွင်းသို့ မြန်မာနိုင်ငံသားများ ဝင်ရောက်နေမှုအခြေအနေ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ရပ်ကွက်၊ ကျေးရွာများတွင် လက်ကိုင်အသံချဲ့စက်ငယ်များအသုံးပြု၍ အသွားအလာကန့်သတ်ခြင်းတွင် ပူးပေါင်းဆောင်ရွက်ရန်နှင့် ရောဂါကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်နေမှုများ၊ COVID-19 ရောဂါ ရှာဖွေစစ်ဆေးရေးအတွက် Rapid Diagnosis Test Kit များ အသုံးပြုပါက ဖြစ်ပေါ်လာနိုင်သည့် အားသာချက်နှင့် အားနည်းချက်များ၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံများ၊ အသက်ရှူစက်များ အပါအဝင် ဆေးနှင့် ဆေးပစ္စည်းများ ဖြန့်ဝေထားရှိမှု၊ မှာယူထားရှိမှုနှင့် ထပ်မံရောက်ရှိလာမည့်အခြေအနေ၊ COVID-19 ဓာတ်ခွဲအတည်ပြုလူနာ ရှစ်ဦးနှင့် ထိတွေ့ခဲ့သူများကို ရှာဖွေထောက်လှမ်းဖော်ထုတ် (contact tracing)ကာ အသွားအလာကန့်သတ်ထားရှိမှု၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များ၊ ဆေးရုံများတွင် စောင့်ကြည့်လူနာများနှင့် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများအား သီးခြားထားရှိကုသပေးနေမှုများနှင့် လူနာများ ထပ်မံတွေ့ရှိပါက ပြင်ဆင်ထားရှိသည့်အခြေအနေ၊ စောင့်ကြည့်လူနာများနှင့် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများအား ကုသမှုပေးခဲ့သည့် ကျန်းမာရေးဝန်ထမ်းများ နေထိုင်စားသောက်နိုင်ရန် အစီအစဉ်များ ပြုလုပ်ထားရှိမှု၊ အခြားနိုင်ငံများတွင် COVID-19 ရောဂါကုသရာတွင် Hydroxychloroquine နှင့် Azithromycin ဆေးဝါးများ အသုံးပြုနေမှုအခြေအနေများနှင့် ကုထုံးဆိုင်ရာကိစ္စရပ်များနှင့် အထွေထွေကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန)၊ ညွှန်ကြားရေးမှူးချုပ် (ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများနှင့် ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေး၊ ကုသရေး၊ ဝယ်ယူဖြန့်ဖြူးရေး၊ ဝန်ထမ်းရေးရာ၊ ဓာတ်ခွဲ၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေး၊ eHealth၊ ပြည်တွင်း ပြည်ပဆက်ဆံရေး၊ စီမံခန့်ခွဲရေး စသည့် ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်ကာကွယ်နိုင်ရေး အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်

လှိုင်းဘွဲ့ မတ် ၂၈။ ။ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ ပြည်သူများ ကျန်းမာရေးအသိ ပိုမိုသိရှိလိုက်နာစေရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့နှင့် ကြက်ခြေနီတို့ပူးပေါင်း၍ လူစည်ကားရာနေရာများတွင် ကိုရိုနာဗိုင်းရပ်စ်ကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် အသိပေးဆိုင်းဘုတ်များဖြင့် လှုံ့ဆော်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ပူးပေါင်းဆောင်ရွက်ခဲ့သည်။ အဆိုပါအသိပညာပေးလုပ်ငန်းကို လမ်းဆုံ၊ လမ်းခွများ၊ ဈေးနှင့် ကားဂိတ်များတွင် ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခံရပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပြသရန် လက်ကိုင်ဆိုင်းဘုတ်များဖြင့် အသိပညာပေးခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရေဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

# Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အမျိုးသားအဆင့် ဗဟိုကော်မတီသို့ ပြည်တွင်း/ပြည်ပအလှူရှင်များက ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/စက် ကိရိယာများ၊ အစားအသောက်များ လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19)နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်တွင်း/ပြည်ပအလှူရှင်များအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၈ ရက်နေ့၊ ညနေ ၆ နာရီအထိ အောက်ဖော်ပြပါအတိုင်း ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/စက် ကိရိယာများ၊ အစားအသောက်များကို စေတနာ ထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည်–

**COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသောအလှူရှင်များစာရင်း(၂၈.၃.၂၀၂၀)ရက်နေ့၊ ညနေ (၆)နာရီ**

| စဉ် | အလှူရှင်အမည် | အမျိုးအစား | ပမာဏ | ခန့်မှန်းတန်ဖိုး (ကျပ်သိန်းပေါင်း) |
|---|---|---|---|---|
| ၁ | တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး | COVID test kit | ၂,၀၁၆ | ၇,၀၀၀.၀၀ |
| | | Electronic thermometer | ၁၀၀ | |
| | | N95 | ၅,၀၀၀ | |
| | | PPE | ၅,၀၀၀ | |
| | | Surgical mask | ၂၀၀,၀၀၀ | |
| | | Human body temperature measure Hemisphere | ၁၀ | |
| | | Sterilized wipes | ၁၀၀ | |
| ၂ | Yeeshin | Ventilator | ၅ | ၆၈၅.၀၀ |
| ၃ | Rolex Group | Ventilator | ၁ | ၇၅.၀၀ |
| ၄ | ISM | Ventilator | ၁ | ၇၅.၀၀ |
| ၅ | ဦးထူးထူးမောင်၊ ဒေါ်သက်သက်မွန် Bright Family Co.ltd | Ventilator | ၁ | ၇၅.၀၀ |
| ၆ | ဦးစိန်လွင်လေး၊ ဒေါ်ဖြူဖြူခိုင် (ရတနာရှင်းသန့် ကုမ္ပဏီ) | Ventilator | ၁ | ၇၅.၀၀ |
| ၇ | Myanmar Awba | Ventilator with humidifier | ၂ | ၁,၀၅၃.၀၀ |
| | | Ventilator | ၄ | |
| | | IEC & Hand Speaker | | |
| ၈ | YatharchoCo.ltd | Pt Monitor | ၂ | ၂၈၁.၀၀ |
| | | ခေါက်ဆွဲခြောက် | ၁၀၀,၀၀၀ | |
| ၉ | Enervon C | Enervon C | ၅၀၄ | ၁၀၁.၀၀ |
| ၁၀ | Cherry Myittar | Surgical Mask | ၁၀,၀၀၀ | ၁၄၀.၀၀ |
| ၁၁ | EMP | Ventilator | ၁ | ၁၈၀.၀၀ |
| ၁၂ | Daw Yee YeeThar | Ventilator | ၁ | ၂၄၅.၀၀ |
| ၁၃ | Okkarthiri | Ventilator | ၁ | ၆၈၀.၀၀ |
| | | Protective Clothing | ၉၉၉ | |
| ၁၄ | AMTT | Ventilator | ၁ | ၂၅၅.၀၀ |
| ၁၅ | Gold Power | Pt Monitor | ၄ | ၁၁၆.၀၀ |
| | | Fortified Rice | ၄,၀၀၀ | |
| ၁၆ | Zizawa | Bronchoscope | ၁ | ၅၅.၀၀ |
| | | Non contact Thermometer | ၄၀ | |
| ၁၇ | Sea Lion Co., Ltd | PPE | ၂,၀၀၀ | ၆၆၀.၀၀ |
| ၁၈ | Gold Lite Myanmar Co.,Ltd | N95 Face Mask (3M 9010) | ၂,၀၀၀ | ၂၀၀.၀၀ |
| ၁၉ | Japan Heart Association | Hand Sanitizer Gel 200ml (Biogard) | ၉၇၀ | ၂၀၀.၀၀ |
| ၂၀ | Myanmar Red Cross Association | Personal protective materials | ၂,၀၀၀ | ၂၅၀.၀၀ |
| ၂၁ | Embassy of China (Myanmar) | Disinfection Wipes | ၉၆ | ၇၀.၀၀ |
| | | Digital Thermometer | ၁၀၀ | |
| ၂၂ | MERCY Malaysia | Hand Gel 500 ml (MERCY Malaysia) | ၁၀၀ | ၈၀.၀၀ |
| | | Face Mask (MERCY Malaysia) | ၅၀၀ | |
| | | Examination Glove (MERCY Malaysia) | ၁၀၀ | |
| ၂၃ | Singapore | N95 Face Mask (3M 8210) | ၆၈၀ | ၆၈.၀၀ |
| | | N95 Medicos Duck | ၃၂၀ | |
| ၂၄ | Embassy of Thailand | Hand Gel | ၁၀၀ | ၃၀.၀၀ |
| ၂၅ | Temasek Foundation | Oxygen concentrator | ၁၀ | ၆၀.၀၀ |
| ၂၆ | ဆေးတက္ကသိုလ် (၁) ရန်ကုန် (၁၉၇၄–၁၉၈၂) အတန်းသားများ | Ventilator | ၁ | ၇၅.၀၀ |
| ၂၇ | NIBBAN Electric & Electronics | Aircooler | ၁၀ | ၄၃.၀၀ |
| ၂၈ | Access Spectrum | Hand Speaker | ၆၀၀ | ၆၆.၀၀ |
| ၂၉ | လေးကျွန်းသူဖောင်ဒေးရှင်း | ဝေဘာဂီဆေးရုံအတွက် ပရိဘောဂများ | | ၃၇.၀၀ |
| ၃၀ | Uni Energy Co.,Ltd | PPE Isolated Gown | ၂,၅၀၀ | ၈၀၀.၀၀ |
| ၃၁ | Zifam | Pt monitor | ၂ | ၁၀၀.၀၀ |
| | **စုစုပေါင်း** | | | **၁၃၈၃၀.၀၀** |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေး ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်–

**Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

## မချမ်းဘော့မြို့နယ်၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းညှိနှိုင်းစည်းဝေး

**မချမ်းဘော့ မတ် ၂၈**

ကချင်ပြည်နယ် မချမ်းဘော့မြို့နယ်အတွင်း ကိုရိုနာဗိုင်းရပ်စ် ရောဂါကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းကော်မတီဖွဲ့စည်း၍ ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများအတွက် လုပ်ငန်းညှိနှိုင်းစည်းဝေးကို ယနေ့ နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည်သိမ်းက လတ်တလော ဖြစ်ပေါ်နေသော ကိုရိုနာဗိုင်းရပ်စ်ရောဂါ မြို့နယ်အတွင်းထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီအနေဖြင့် လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များ၊ ရောဂါကူးစက်နိုင်ချေရှိသည့်နည်းလမ်းများ၊ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ၊ ကာကွယ်ရမည့်နည်းလမ်းများကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

အဆိုပါလုပ်ငန်းကော်မတီအနေဖြင့် လိုအပ်လာပါက ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်နှင့်မြို့နယ်အတွင်းသို့ နိုင်ငံရပ်ခြားမှပြန်လည်ရောက်ရှိလာ၍ ၁၄ ရက် စောင့်ကြည့်ခံရသူများထားရှိရန် အဆောက်အဦကို ရွေးချယ်ခဲ့ကြပြီး လိုအပ်ချက်အရ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အမျိုးသားကျန်းမာရေးတာဝန်တစ်ရပ်အနေဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **ဖုန်းကန်(ပူတာအို)**

# ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်မည့် နိုင်ငံခြားသားများအား မည်သည့်ပြည်ဝင်ဗီဇာအမျိုးအစားမဆို ထုတ်ပေးခြင်းကို ယာယီရပ်ဆိုင်းကြောင်း ကြေညာချက်

၁။ COVID–19 ကူးစက်ရောဂါပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားအားလုံးအပေါ် *၂၉–၃–၂၀၂၀ ရက်နေ့၊ မြန်မာစံတော်ချိန် ၀၀:၀၁ နာရီမှစတင်၍ ၃၀–၄–၂၀၂၀ ရက်နေ့အထိ* အောက်ဖော်ပြပါအတိုင်း ပြည်ဝင်မှုဆိုင်ရာ ယာယီကန့်သတ်ချက်များကို ချမှတ်လိုက်သည်–

(က) နိုင်ငံခြားသားအားလုံးအား (မြန်မာနိုင်ငံဆိုင်ရာ သံတမန်များ၊ မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် မြန်မာနိုင်ငံနှင့် အပြန်အလှန် ပြေးဆွဲနေသည့် လေယာဉ်များနှင့် သင်္ဘောများမှ လေယာဉ်မှူးများ/ သင်္ဘောအရာရှိများ၊ တာဝန်ရှိအမှုထမ်းများမှလွဲ၍)လူမှုရေးဗီဇာအပါအဝင် မည်သည့်ပြည်ဝင်ဗီဇာထုတ်ပေးခြင်းကိုမဆို ယာယီရပ်ဆိုင်းခြင်း။

(ခ) အာဆီယံနိုင်ငံများအပါအဝင် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံ အစီအစဉ်ဖြင့် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပြုထားသောနိုင်ငံအားလုံးမှ နိုင်ငံခြားသားများအား(သံတမန် နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများမှအပ) ဗီဇာကင်းလွတ်ခွင့်ကို ယာယီရပ်ဆိုင်းခြင်း။

(ဂ) မြန်မာနိုင်ငံဆိုင်ရာ သံတမန်များ၊ မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့်မူ ပြည်ပနိုင်ငံများရှိ သက်ဆိုင်ရာ မြန်မာသံရုံး/အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးတို့မှတစ်ဆင့် ပြည်ဝင်ဗီဇာလျှောက်ထားရယူနိုင်မည်ဖြစ်ပါသည်။ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်မည့်နေ့ရက်မတိုင်မီနှင့် လေယာဉ်များပေါ်သို့ မတက်ရောက်မီ အသိအမှတ်ပြု ဓာတ်ခွဲခန်းမှ လွန်ခဲ့သော (၇၂)နာရီမတိုင်မီက ရရှိထားသည့် COVID–19 ရောဂါကင်းရှင်းကြောင်း ဆေးစစ်ချက်အထောက်အထားပြသရန် လိုအပ်မည်ဖြစ်ပြီး ၎င်းတို့အား မြန်မာနိုင်ငံသို့ စတင်ရောက်ရှိချိန်မှစတင်၍ ၎င်းတို့နေအိမ်များတွင် ၁၄ ရက် သီးသန့်နေထိုင်စောင့်ကြည့်မှု (Home Quarantine) ပြုလုပ်သွားမည် ဖြစ်ပါသည်။

(ဃ) မြန်မာနိုင်ငံနှင့် အပြန်အလှန်ပြေးဆွဲနေသည့် လေယာဉ်များနှင့် သင်္ဘောများမှ လေယာဉ်မှူးများ/သင်္ဘောအရာရှိများ၊ တာဝန်ရှိအမှုထမ်းများအနေဖြင့်လည်း ပြည်ပနိုင်ငံများရှိ သက်ဆိုင်ရာ မြန်မာသံရုံး/အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးတို့မှတစ်ဆင့် ပြည်ဝင်ဗီဇာ လျှောက်ထားရယူနိုင်မည်ဖြစ်ပါသည်။ ၎င်းတို့အနေဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ နောက်ဆုံးထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၂။ သို့ရာတွင် ပြည်ပနိုင်ငံအသီးသီးမှ ခရီးသွားများအနေဖြင့် မလွှဲမရှောင်သာကိစ္စရပ်ကြောင့်ဖြစ်စေ သို့မဟုတ် အရေးပေါ်တာဝန်ဖြင့်ဖြစ်စေ မြန်မာနိုင်ငံသို့ လာရောက်ရန်ရှိပါက ဖော်ပြပါ ပြည်ဝင်ဗီဇာကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံရန် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၈ ရက်**

## ပဲခူးတိုင်းဒေသကြီးအတွင်း COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး တိုင်း/ခရိုင်/မြို့နယ်အဆင့်ကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး မတ် ၂၈**

ပဲခူးတိုင်းဒေသကြီးအတွင်း COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး တိုင်း/ခရိုင်/မြို့နယ်အဆင့် ကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ မတ် ၂၇ ရက် နံနက်ပိုင်းက ကျင်းပသည်။



**အထူးအလေးထားစောင့်ကြည့်**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက COVID–19 ရောဂါသည် ယနေ့အချိန်တွင် မြန်မာနိုင်ငံ၌ ရောဂါဖြစ်ပွားသူ ငါးဦးရှိနေပြီဖြစ်ကြောင်း၊ အဓိကအားဖြင့် အနောက်ဥရောပနိုင်ငံများမှ ပြန်လာသူများ COVID–19 ရောဂါပိုးတွေ့ရှိရသော်လည်း ထိုင်းနိုင်ငံမှ နေ့စဉ်လူထောင်ချီ၍ ပဲခူးတိုင်းဒေသကြီးကို ဖြတ်သန်းလျက်ရှိရာ အထူးအလေးထားစောင့်ကြည့်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပြည်ပမှ မိမိတို့နေရပ်သို့ ပြန်လာသူများကို သက်ဆိုင်ရာမြို့နယ်အလိုက် စောင့်ကြည့်ရေးစခန်းများတွင် ၁၄ ရက်ကြာ နေထိုင်ရမည်ဖြစ်ပြီး နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုစသည့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြရန် လိုအပ်ကြောင်း၊ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီမှ ညွှန်ကြားချက်များအတိုင်း ဆောလျင်စွာ ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း စနစ်တကျဆောင်ရွက်နိုင်မှသာ ရောဂါဖြစ်ပွားမှု လျှော့ချနိုင်မှာဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း COVID–19 ရောဂါ ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်းလုပ်ငန်းများတွင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဌာနဆိုင်ရာများ၊ NGO များ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ NGO များ၊ လူမှုအဖွဲ့အစည်းများအနေဖြင့်လည်း ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်ထားသည့်အတိုင်း အကာအကွယ်ပစ္စည်းများ၊ အသုံးအဆောင်များဖြင့်သာ ကူညီဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ထုတ်ပြန်ပေးရန်၊ ပညာပေးလုပ်ငန်းများကိုလည်း ရပ်ကွက်/ကျေးရွာနေ ပြည်သူများ သိရှိစေရန်၊ အဓိကအားဖြင့် သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါသည်များ အိမ်အပြင်မထွက်ရေး အထူးဂရုပြုကြရန် လိုအပ်ကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဖွဲ့စည်းထားပြီးဖြစ်သည့် ကော်မတီများအလိုက် စနစ်တကျ ဖိဖိစီးစီး ဆောင်ရွက်သွားကြရန်၊ ဝန်ဆောင်မှု ဆောင်ရွက်ပေးသည့် ဝန်ထမ်းများ၊ ပြည်သူများအတွက် လိုအပ်သော ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပြည့်ပြည့်စုံစုံ ရရှိနိုင်ရေး ဆောင်ရွက်ပေးရန်၊ သက်ဆိုင်ရာမြို့နယ်အလိုက် စောင့်ကြည့်ရေးစခန်းများတွင် လိုအပ်ချက်များကို ကြိုတင်ပြင်ဆင်ထားရန်နှင့် ဒေသခံပြည်သူများကိုလည်း အသိပညာပေးထားရန်၊ လိုအပ်ပါက ကန့်သတ်နယ်မြေအဖြစ် ထားရှိရန်ကိုလည်းကောင်း၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ဆန်းက ထိုင်းနိုင်ငံမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်/ရပ်ကွက်/ကျေးရွာများသို့ နေရပ်ပြန်လာသည့် ပြည်သူများအား မြဝတီသို့သွားရောက်ခေါ်ဆောင်ကာ သက်ဆိုင်ရာ မြို့နယ်စောင့်ကြည့်ရေးစခန်းများသို့ တိုက်ရိုက်ပို့ဆောင်မည့် အစီအမံများကိုလည်းကောင်း၊ တက်ရောက်လာသည့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများက တာဝန်ယူထားသည့် ကော်မတီအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်ချက်များကို တင်ပြကြရာ ဝန်ကြီးချုပ် ဦးဝင်းသိန်းက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

**ဆက်သွယ်နိုင်**

ပဲခူးတိုင်းဒေသကြီး COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးကွပ်ကဲရေးရုံးအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဆောင်၍ ပဲခူးမြို့ သာသနာ့ဗိမာန်အောက်ထပ်၌ ဖွင့်လှစ်ထားရှိပြီး လိုအပ်ချက်များနှင့် လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ၀၉–၂၅၀၃၀၀၄၂၂ နှင့် ၀၅၂–၂၂၂၃၅၅၅ တို့သို့ ဆက်သွယ်နိုင်ပါကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ကောလင်းမြို့၌ လူစည်ကားရာနေရာများတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**ကောလင်း မတ် ၂၈**

ကောလင်းမြို့၌ မြို့ဝင်မြို့ထွက်ဂိတ်များတွင်လည်း ခရီးသည်ယာဉ်များနှင့် လူများကို ကျန်းမာရေးစစ်ဆေးခြင်း၊ ဒါနမောင်မယ်အဖွဲ့သားများကလည်း မြို့နယ်ဆရာဝန်ကြီး၏ လမ်းညွှန်မှုနဲ့အတူ လူစည်ကားရာနေရာများတွင် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ ပြည်ပပြန်ပြည်သူများ စောင့်ကြည့်ရေးစခန်း အထက(၁)၌ မတ် ၂၈ ရက်အထိ ပြည်သူ ကျား/မ စုစုပေါင်း ၄၃ ဦးရှိပြီး အားလုံး ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်း၊ လွှတ်တော် ကိုယ်စားလှယ်များဖြစ်သည့် ဒေါ်ဖြူဖြူဝင်း၊ ဦးတင်စိုး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမိုးဆွေနှင့် ဌာနဆိုင်ရာများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ ရောဂါကာကွယ်ရေးအထောက်အကူပြုအဖွဲ့၊ နာရေးကူညီမှုအသင်း၊ အဖြူရောင်လူမှုကူညီရေးအသင်း၊ ကုသိုလ်ရှင်လူမှုကူညီရေးအသင်း၊ ကြက်ခြေနီတပ်ဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ဌာနဆိုင်ရာများ၊ မြို့သူမြို့သားများက အနီးကပ်စောင့်ရှောက်၍ လိုအပ်သည်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းကူညီ လုပ်ဆောင်ပေးလျက်ရှိသည်။

ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုအဖွဲ့သို့ ပြည်သူများ လှူဒါန်းလာသည့် အလှူငွေကျပ် တစ်ဆယ့်ကိုးသိန်းနှစ်သောင်းကျပ်နှင့် ဆန်တစ်အိတ် လှူဒါန်းထားကြကြောင်း ရောဂါကာကွယ်ရေးအထောက်အကူပြုအဖွဲ့ ဆရာကြီး ဦးကျော်စိုးက ပြောသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

## ချင်းပြည်နယ်၌ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး စည်းဝေး

**ဟားခါး မတ် ၂၈**

ချင်းပြည်နယ်အတွင်း COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ပြည်နယ်အဆင့်လုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဘာသာရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ချင်းပြည်နယ်အတွင်း လတ်တလောဖြစ်ပွားလျက်ရှိသော COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုနှင့်အတူ ပညာပေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး၊ မြို့ပေါ်ရပ်ကွက်များတွင်သာမက ကျေးလက်ဒေသရှိ ပြည်သူများထံအရောက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြည်နယ်လုပ်ငန်းကော်မတီအနေဖြင့် စနစ်တကျ စီမံဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများနှင့် အတူ အစီအမံကောင်းများ ချမှတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ရေးနှင့် နိုင်ငံခြားမှရောက်ရှိလာသည့် ဒေသခံများကို ကျန်းမာရေးစစ်ဆေးစောင့်ရှောက်မှု ခံယူနိုင်ရေးအတွက် ၎င်းတို့ကိုယ်တိုင် ပူးပေါင်းပါဝင်မှသာ လုပ်ငန်းများအောင်မြင်မည် ဖြစ်ကြောင်း ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်**

ထို့နောက် တက်ရောက်လာကြသည့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် လုပ်ငန်းကော်မတီဝင်များက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိသည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က ထိန်းချုပ်ကုသရေး လုပ်ငန်းများ စနစ်တကျအောင်မြင်စွာဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများအချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ လုပ်ငန်းအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားမည် ဖြစ်သောကြောင့် မိမိတို့ကျရာကဏ္ဍမှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**

# ကိုဗစ် – ၁၉ ကို စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ကျော်လွှားသွားကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ၏ ပံ့ပိုးမှုဖြင့် မှော်ဘီမြို့နယ်ရှိ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း (quarantine) လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုကျောင်းတိုက်တွင် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားသည့်နိုင်ငံများမှ ပြည်တွင်းသို့ပြန်လည်ရောက် ရှိလာကြသူများ၊ ရောဂါဖြစ်ပွားသူနှင့် ထိတွေ့ခဲ့သူများမှ မည်သည့်ရောဂါလက္ခဏာ တစ်စုံတစ်ရာမျှ မရှိသူများကို အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုခြင်း (quarantine) လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ကျန်းမာရေးအဖွဲ့များကိုလည်း တာဝန်ချထားမည်ဟုဆိုသည်။ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။ ထို့အပြင် ဆရာတော်ကြီး၏ အမြော် အမြင်ကြီးမားမှုနှင့် ပြည်သူများအပေါ် ထားရှိသည့် မေတ္တာ၊ ကရုဏာတို့အပေါ်တွင်လည်း ကြည်နူးဝမ်းမြောက်စွာဖြင့် သာဓုအကြိမ်ကြိမ် ခေါ်မိပါသည်။

ထို့အပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဧရာဝတီဘဏ်တို့ကလည်း ပြည်ပမှပြန်လည်ရောက်ရှိလာမည့် ကိုဗစ်–၁၉ စောင့်ကြည့်ခံရသူများကို ထားရှိရန် ဝေဇယန္တာလမ်းပေါ်ရှိ အမျိုးသားဘောလုံး အကယ်ဒမီ (ရန်ကုန်)နှင့် တာမွေမြို့နယ်ရှိ ဧရာဝတီဘဏ် သင်တန်းကျောင်း အဆောက်အဦများ ပံ့ပိုးကူညီပေးသွားမည်ဟု ဆိုသည်။ စောင့်ကြည့်ခံမည့်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တာဝန်ယူသွားမည်ဖြစ်ပြီး တည်းခိုစားသောက်ရေးနှင့် လုံခြုံမှုကို ဧရာဝတီဖောင်ဒေးရှင်းက ပါဝင်ကူညီဆောင်ရွက်သွားမည်ဟု ဆိုသည်။ ဧရာဝတီ ဖောင်ဒေးရှင်းက ကိုဗစ်–၁၉ ကုသကာကွယ်ရေးလုပ်ငန်း များအတွက် ကျပ်သိန်းပေါင်း ၁၀၀၀ အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။ မုဒိတာပွားမိပါသည်။

### လှူဒါန်းလျက်ရှိ

မြန်မာနိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများကို အမျိုးသားအဆင့်အနေဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေတစ်ရပ် ထူထောင်ထားရှိပြီးဖြစ်သည်။ ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ထားရှိသည်။ စေတနာထက်သန်သည့် ပြည်သူများသည် ဆေးနှင့် ဆေးပစ္စည်းများအပြင် ငွေကြေးလည်း ပါဝင်လှူဒါန်းလျက်ရှိကြသည်။ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။

ထို့အပြင် ရန်ကုန်၊ မန္တလေးအပါအဝင် မြို့ကြီးများတွင် ပရဟိတအဖွဲ့အစည်းများနှင့် စေတနာရှင် ပြည်သူများပူးပေါင်းကာ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လက်ဆေးရည်နှင့် ဆပ်ပြာများလှူဒါန်းခြင်းတို့ကို လုပ်ဆောင်ပေးလျက်ရှိသည်။ အများပြည်သူသွားလာရာနေရာများ၊ ဈေးရုံကြီးများ၊ ဆေးရုံများ၊ ကျောင်းများ၊ အဝေးပြေးကားဝင်းများတွင်လည်း ပိုးသတ်ဆေးများဖျန်းလျက်ရှိသည်။ တာဝန်သိပြည်သူများသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးအတွက် တတ်အားသရွေ့ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။

### အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်လျက်ရှိ

ထို့အပြင် ဗန်းမော်ဆရာတော်ကြီးအပါအဝင် ထေရ်ကြီးဝါကြီးဆရာတော်ကြီးများသည် ရတနသုတ် အပါအဝင် အန္တရာယ်ကင်းပရိတ်တော်များကို နေ့စဉ်ရွတ်ဖတ်ပြီး မေတ္တာပို့သစ္စာဆိုလျက်ရှိသည်။ မြို့ရွာများအလိုက်လည်း အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ဆိုလျက်ရှိသည်။ မြတ်စွာဘုရားရှင်လက်ထက်တော်ကလည်း ကပ်ရောဂါများကျရောက်သည့်အချိန်မျိုးတွင် ပရိတ်တော်များရွတ်ဖတ်ပြီး သစ္စာဆိုခဲ့သည်။ လယ်တီဆရာတော်ကြီးသည် ဝမ်းရောဂါနှင့် ပလိပ်ရောဂါဖြစ်ပွားသည့်ဒေသများတွင် ပရိတ်ရွတ်ပြီး မေတ္တာပို့ခဲ့ဖူးသည်။ ပြည်သူများအနေဖြင့် မြတ်စွာဘုရား၏ ပရိတ်တော်များကို ယုံယုံကြည်ကြည် ရွတ်ဖတ်ပူဇော်သွားမည်ဆိုလျှင် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါကြီးမှ ကျော်လွှားနိုင်မည်ဟု ခိုင်မာစွာယုံကြည်မိပါသည်။

လက်ရှိအချိန်တွင် ကိုဗစ်–၁၉ ကာကွယ်ကုသရေးဆိုင်ရာ အထောက်အကူပစ္စည်းများ၊ ဆေးဝါးများ အလှူခံလျက်ရှိပါသည်။

### ကူးစက်ပျံ့နှံ့မှုမြင့်တက်လျက်ရှိ

တရုတ်နိုင်ငံ ဝူဟန်မြို့၌ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် စတင်ဖြစ်ပွားခဲ့သည့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ကို ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက မတ်လ ၁၁ ရက်နေ့ မြန်မာစံတော်ချိန် ည ၁၁ နာရီ ၁၃ မိနစ်တွင် သတ်မှတ်ကြေညာခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မတ်လ ၂၈ ရက်နေ့ ထုတ်ပြန်ချက်အရ နိုင်ငံပေါင်း ၁၉၅ နိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူ ၅၁၂၇၀၁ ဦးရှိပြီး သေဆုံးသူ ၂၃၄၉၅ ဦး ရှိသွားပြီဖြစ်သည်။ ကူးစက်ပျံ့နှံ့မှုမြင့်တက်လျက်ရှိရာ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော လူတိုင်းလိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို တိကျစွာ လိုက်နာဆောင်ရွက်သွားသင့်ပေသည်။

> **မည်သို့ပင်ဆိုစေ ကိုဗစ်–၁၉ ရောဂါသည် ကမ္ဘာတစ်ဝန်းသို့ကူးစက်ပျံ့နှံ့နေပြီဖြစ်သည်။ မြန်မာနိုင်ငံ၌လည်း ကူးစက်မှုထိန်းချုပ်နိုင်ရန် ပြည်သူများအနေဖြင့် ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိနေရန် လိုအပ်ပေသည်။ အထူးသဖြင့် လက်မှန်မှန်ဆေးကြောခြင်း၊ လူစုလူဝေးရှိရာ နေရာများသို့ သွားလာခြင်းတို့ကို ရှောင်ကြဉ်သွားသင့်ပါသည်။တတ်နိုင်ပါက နေအိမ်အတွင်း၌သာ နေထိုင်သင့်ပေသည်။ စင်စစ် အားဖြင့် ကိုဗစ်–၁၉ ရောဂါအပါအဝင် တိုင်းပြည်အတွင်း မည်သည့်ဘေးအန္တရာယ်ကျရောက်လာသည်ဖြစ်စေ နိုင်ငံသူ နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့်သာ ကျော်လွှားသွားမည်ဆိုလျှင် အဖိတ်အစဉ် အနည်းဆုံးဖြင့် ဧကန်မုချ အောင်မြင်မှုရရှိနိုင်မည်**

### အထူးဂရုစိုက်ရန်လို

မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါခံတွင်ခဲ့အတည်ပြုလူနာရှစ်ဦးအထိ တွေ့ရှိပြီဖြစ်ရာ ပြည်သူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုစိုက်ရန် လိုအပ်သည်။ လက်မှန်မှန်ဆေးကြောခြင်း၊ နှာချေ၊ ချောင်းဆိုးခြင်းများကို တစ်ရှူးအုပ်ပြီးမှသာလုပ်ဆောင်ခြင်း၊ အသုံးပြုပြီး တစ်ရှူးများကို အမှိုက်ပုံးထဲစွန့်ပစ်ခြင်း၊ လူစည်ကားရာ နေရာများသို့ မလွှဲမရှောင်သာသွားရမည်ဆိုလျှင် နှာခေါင်းစည်း တပ်ထားခြင်း၊ ဖျားနာနေလျှင် အိမ်၌သာအနားယူခြင်း၊ ဖျားနာပြီးမောနေလျှင်၊ အသက်ရှူကျပ်လျှင် ဆရာဝန်နှင့် ချက်ချင်းပြသခြင်း၊ ဖျားနာနေလျှင်ခရီးသွား လာမှုကို ရှောင်ရှားခြင်း၊ ဖျားနာနေသူများထံသို့ သွားရာမှ ပြန်လာလျှင် လက်ကိုဆပ်ပြာနှင့် စင်ကြယ်စွာ ဆေးကြောခြင်း၊ လုပ်ငန်းခွင်နှင့် နေအိမ်တွင် ပိုးသတ်ဆေးဖျန်းခြင်း စသည်တို့ကို မပျက်မကွက် လုပ်ဆောင်သင့်ပေသည်။

### စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ကျော်လွှားသွားကြပါစို့

တချို့သော ဝိသမလောဘစီးပွားရေးသမားများသည် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုကို အကြောင်းပြု၍ အမြတ်ထုတ်လျက်ရှိကြသည်။ ဆိုလိုသည်မှာ နှာခေါင်းစည်းများ၊ လက်သန့်ဆေးများနှင့် ဆေးဝါးပစ္စည်းများကို အဆမတန်ဈေးနှုန်းတင်၍ ရောင်းချလျက်ရှိသည်။ ကောလာဟလသတင်းများကြောင့် တချို့သော ပြည်သူများသည် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကိုအဆမတန် ဝယ်ယူဖြည့်တင်းလျက်ရှိကြသည်။ လူသုံးကုန်ပစ္စည်းများကို လိုအပ်သည်ထက်ပိုမိုဝယ်ယူသိုလှောင်ထားခြင်းသည် ကုန်ဈေးနှုန်းများ တက်နိုင်ပေသည်။ တချို့သူများသည် အကြောက်တရားကြီးလွန်းကြသည်။ ချင့်ချိန်နိုင်စွမ်းအားနည်းကြသည်။

မည်သို့ပင်ဆိုစေ ကိုဗစ်–၁၉ ရောဂါသည် ကမ္ဘာတစ်ဝန်းသို့ကူးစက်ပျံ့နှံ့နေပြီဖြစ်သည်။ မြန်မာနိုင်ငံ၌လည်း ကူးစက်မှုထိန်းချုပ်နိုင်ရန် ပြည်သူများအနေဖြင့် ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိနေရန်လိုအပ်ပေသည်။ အထူးသဖြင့် လက်မှန်မှန်ဆေးကြောခြင်း၊ လူစုလူဝေးရှိရာနေရာများသို့သွားလာခြင်းတို့ကို ရှောင်ကြဉ်သွားသင့်ပါသည်။ တတ်နိုင်ပါက နေအိမ်အတွင်း၌သာ နေထိုင်သင့်ပေသည်။ စင်စစ်အားဖြင့် ကိုဗစ်–၁၉ ရောဂါအပါအဝင် တိုင်းပြည်အတွင်း မည်သည့်ဘေးအန္တရာယ်ကျရောက်လာသည်ဖြစ်စေ နိုင်ငံသူ နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့်သာ ကျော်လွှားသွားမည်ဆိုလျှင် အဖိတ်အစဉ်အနည်းဆုံးဖြင့် ဧကန်မုချ အောင်မြင်မှုရရှိနိုင်မည်ဟု ယုံကြည်မိပါတော့သည်။ ။

# COVID – 19 ရောဂါဆိုင်ရာ သတင်းမှန်ထုတ်ပြန်နိုင်ရေးလုပ်ငန်းဆိုင်ရာများ ဆွေးနွေး

**ရေဦး မတ် ၂၈**

ကမ္ဘာလုံးဆိုင်ရာ COVID – 19 ကပ်ရောဂါနှင့်ပတ်သက်၍ အများပြည်သူ သိသင့်သိထိုက်သော သတင်းအချက်အလက်အမှန်များ ထုတ်ပြန်နိုင်ရေးအတွက် ရွှေဘိုခရိုင် ရေဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းတွင် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့် သတင်းမီဒီယာများ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထိုသို့ ဆွေးနွေးရာတွင် ရေဦးမြို့နယ်မှ COVID –19 ရောဂါ နှင့်ပတ်သက်၍ ဒေသခံပြည်သူများ သိရှိနိုင်ရေးအတွက် ရေဦးမြို့နယ် COVID –19 ရောဂါ ဆိုင်ရာသတင်းထုတ်ပြန် ရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီ သတင်းစာမျက်နှာတစ်ခုပြုလုပ်ပြီး COVID –19 ရောဂါဆိုင်ရာ သတင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာသွားရန်၊ ပြည်သူများအနေဖြင့် သက်ဆိုင်ရာမှ ထုတ်ပြန်ကြေညာထားသည့် တိကျခိုင်လုံသော သတင်းအချက်အလက်အမှန်များကို ရှာဖွေကြည့်ရှုရေး ဆော်သြပေးရန်၊ လတ်တလောတွေ့ကြုံနေရသည့် ကျန်းမာရေးဆိုင်ရာ သတင်းများနှင့်ပတ်သက်၍ ပြည်သူများ စိုးရိမ်ထိတ်လန့်မှုဖြစ်အောင် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် အမျိုးမျိုးရေးတင်နေကြသည်များ ရှိနေရာ ကမ္ဘာ့ကပ်ရောဂါဖြစ်သော COVID –19 ရောဂါသတင်းနှင့် ပတ်သက်၍ သတင်းမှားများ POST တင်ရေးသားခြင်း၊ သတင်းမှားများ Sharing ပြုလုပ်ခြင်းများ မပြုရန်နှင့် တွေ့ရှိခဲ့ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားရန် စသည်တို့ ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညွန့်ဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်၊သန်းထိုက်(ရေဦး)



# ပြည်ပမှ ပြန်လည်ရောက်ရှိလာမည့်သူများအား အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုမည့်နေရာများ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၂၈**

COVID- 19 ရောဂါကြိုတင် ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်အဖွဲ့သည် မတ် ၂၇ ရက် နံနက် ၈ နာရီက ပြည်ပမှ ရန်ကုန်တိုင်းဒေသကြီးသို့ ပြန်လည်ရောက်ရှိလာမည့်သူများအား စောင့်ကြပ်ကြည့်ရှု ထားရှိမည့် လှည်းကူးမြို့နယ်အတွင်းရှိနေရာများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ ရန်ကုန်တိုင်းဒေသကြီးသို့ ပြန်လည်ရောက်ရှိလာမည့် မြန်မာနိုင်ငံသားများအား ၁၄ ရက်ကြာ သီးခြားခွဲပြီး အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှု ထားရှိမည့် လှည်းကူးမြို့နယ် အမြန်လမ်းတိုးဂိတ်အနီး ဇီးရိုးမိုင်နားရှိ ဓမ္မရံသီ မိုးကုတ်ရိပ်သာကျောင်းတိုက်ရှိ အဆောင်များကို ဓမ္မရံသီမိုးကုတ်ရိပ်သာကျောင်းတိုက်ကြီးများ၏အဓိပတိ နာယကချုပ် ဆရာတော်အရှင်သုနန္ဒ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လိုက်လံကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ထိုသူများအတွက် နေထိုင်စားသောက်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမည့်အစီအမံများကို ဆရာတော်အားလျှောက်ထား၍ လိုအပ်သည်များ ဆောင်ရွက်ထားရှိနိုင်ရန် တာဝန်ရှိသူများအား မှာကြားသည်။

**စောင့်ကြပ်ကြည့်ရှု**

ဓမ္မရံသီမိုးကုတ်ရိပ်သာကျောင်းတိုက်ကြီး၌ ယခုလက်ရှိတွင် ပြည်ပနိုင်ငံများမှပြန်လာသူ ၉၅ ဦးအား အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုခြင်း ပြုလုပ်ထားကြောင်းနှင့် ကျောင်းတိုက်တွင် အဆောင်သုံးဆောင်အား စီစဉ်ထားရှိပြီး လူဦးရေ ၄၀၀ ကျော်ခန့်ထားရှိနိုင်ကြောင်း ဆရာတော်က မိန့်ကြားသည်။

ဆက်လက်၍ လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ရှိ ဒဂုံဆောင်၊ ယုဇနဆောင်၊ ဥတ္တရဆောင်နှင့် အခြားအဆောင်များအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည့်အစီအမံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိနိုင်ရေး အတွက် ဖောင်ကြီးဆွေ့ရိပ်သာ၌ ဌာနဆိုင်ရာတာဝန်ရှိ သူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။



**ဆန်းကျော်ဦး(ပြန်/ဆက်)**



# မွန်ပြည်နယ်ဝန်ကြီးချုပ် ကျိုက်မရောမြို့ ပြည်သူ့ဆေးရုံ၌ ကြည့်ရှုစစ်ဆေး

**ကျိုက်မရော မတ် ၂၈**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံသည် မတ် ၂၇ ရက် နံနက် ၁၀ နာရီက ကျိုက်မရောမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကာ ကျိုက်မရောမြို့နယ်၏ COVID – 19 ရောဂါနှင့် ပတ်သက်၍ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လျက်ရှိသော အလုပ်သမားများ၏ ကျန်းမာရေးအခြေအနေများ၊ ဆေးရုံနှင့် အခြားကျန်းမာရေးဌာနများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ကိုယ့်အသိစိတ်ဓာတ်ဖြင့် သတင်းပေးပို့မှုအခြေအနေများကို သက်ဆိုင်ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများအား တွေ့ဆုံမေးမြန်းပြီး လိုအပ်ချက်များအား သက်ဆိုင်ရာဌာနတာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ထို့နောက် COVID- 19 ရောဂါနှင့်ပတ်သက်၍ ကျိုက်မရောဆေးရုံအတွင်း၌ စီစဉ်ဆောင်ရွက်ထားရှိမှုများကို မေးမြန်းရာ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဝင်းဇော်က ကုသရေးလုပ်ငန်းများ၊ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ထားကြောင်း၊ ယခုလက်ရှိအခြေအနေတွင် ထိုင်းနိုင်ငံမှ ပြန်လာသူ အမျိုးသမီးတစ်ဦး ကိုယ်အပူချိန်မြင့်တက်ပြီး ရောက်ရှိလာသဖြင့် သီးသန့်လူနာဆောင်တွင် ထားရှိ၍ COVID- 19 ရောဂါရှိ-မရှိ စစ်ဆေးဆောင်ရွက်ထားရှိပါကြောင်း၊ သံသယလူနာအဖြစ် ကျိုက်မရောဆေးရုံတွင် တစ်ဦးသာရှိကြောင်း၊ သီးသန့်လူနာဆောင်များဆောင်ရွက်ထားရှိကြောင်း ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဝန်ကြီးချုပ်က ကျိုက်မရော ပြည်သူ့ဆေးရုံအတွက် လိုအပ်ချက်များကို တင်ပြတောင်းဆိုသွားရန် တာဝန်ရှိသူများအား မှာကြားပြီး ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

# COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေး ကယားပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေး

**ရှားသစ် မတ် ၂၈**

COVID–19 ရောဂါနှင့် ပတ်သက်၍ ကယားပြည်နယ်အတွင်း ကူးစက်ပျံ့နှံ့မှုမရှိစေရေးနှင့် ထိရောက်စွာကြိုတင်ကာကွယ်နိုင်ရန်အတွက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်အဖွဲ့က ရှားသစ်မြို့ သံလွင်မြစ်ကမ်း စွပ်ပိုင်ရှိ အိမ်နီးချင်း ထိုင်းနိုင်ငံနှင့်နယ်နိမိတ်ထိစပ်လျက်ရှိသော BP(10) ဝင်ပေါက်မှ ဝင်ရောက်လာသော ပြည်သူများအား စောင့်ကြည့်ပြီး ကျန်းမာရေးစစ်ဆေးဆောင်ရွက်မှု အခြေအနေများကို မတ် ၂၇ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါလမ်းကြောင်းမှ ဝင်ရောက်လာသည့် နေရပ်ပြန်များအား ရှားသစ်မြို့အတွင်း ဖြစ်ပါက Isolation Hospital Quarantine ထားရှိဆောင်ရွက်မည့် ရှားသစ်တိုက်နယ်ဆေးရုံအား လည်းကောင်း၊ Facilities Quarantine ၁၄ ရက်ထားရှိမည့် ရှားသစ်မြို့ သီရိမင်္ဂလာခန်းမနှင့် ထပ်မံလိုအပ်ပါက အရန်ထားရှိဆောင်ရွက်မည့် အထကတွင် လည်းကောင်း၊ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စွပ်ပိုင်ဂိတ်တွင် စစ်ဆေးခဲ့သော အကြံပြုထားသည့် ဝမ်ဗလ၊ သာယာ၊ စွပ်ပိုင်တို့မှ ရေလမ်းကြောင်းနှင့် ကုန်းလမ်းကြောင်းဆုံရာ အဖြစ် စိစစ်နိုင်မည့် ဒေါလဲဒူကျေးရွာသစ် တည်ထောင်မည့်နေရာတွင် ဂိတ်စခန်း အချိန်နှင့်တစ်ပြေးညီ ဖွင့်လှစ်နိုင်ရေးနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးနှင့် တပ်မတော်၏ ပူးပေါင်းမှုဖြင့် ဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**နန်းဆွေဆွေအေး**
**(ပြန်/ဆက်)**



# မန္တလေးကုန်စည်ဒိုင် အချိန်ပြောင်းလဲဖွင့်လှစ်

**မန္တလေး မတ် ၂၈**

မန္တလေးမြို့တော်အတွင်း ကုန်စည်စီးဆင်းမှုလျင်မြန်ချောမွေ့စေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် မန္တလေးပွဲစားကုန်သည်စက်ပိုင်များအသင်း(မန္တလေးကုန်စည်ဒိုင်)အား ဆက်လက်ဖွင့်လှစ်ရန် မန္တလေးတိုင်းဒေသကြီး COVID–19 ရောဂါကာကွယ်တားဆီး၊ ထိန်းချုပ်၊ ကုသရေးကော်မတီကညွှန်ကြားသဖြင့် ယခင်ယာယီပိတ်ထားရန် ကြေညာထားသော သတင်းထုတ်ပြန်ချက်အား ပယ်ဖျက်၍ မန္တလေးကုန်စည်ဒိုင်အား ဆက်လက်ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် ဖွင့်လှစ်ချိန်ကိုလည်း နံနက် ၈ နာရီမှ ၁၁ နာရီအထိသာဖွင့်လှစ်၍ ရောင်းဝယ်ကြရန်အသင်းအမှုဆောင်အဖွဲ့က မတ် ၂၆ ရက်က အသိပေးကြေညာထားသည်။ မန္တလေးကုန်စည်ဒိုင်အတွင်း ဂိတ်အဝင်အထွက်များကိုလည်း အသင်းသားအသင်းသူများ၏ ကျန်းမာရေးအတွက်ကိုယ်အပူချိန်တိုင်းစက်ကိရိယာများဖြင့် အသင်းအမှုဆောင်များ၊ ရုံးအဖွဲ့ဝင်များ၊ ဆရာဝန်၊ သူနာပြုများကတိုင်းတာစစ်ဆေးပြီးမှ ကုန်စည်ဒိုင်အတွင်း ဝင်ရောက်ခွင့်ပြုလျက်ရှိသည်။

**မောင်ပြည်သူ**
**(မန္တလေး)**

# COVID -19 ရောဂါကာကွယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ ပေးအပ်

**စစ်ကိုင်း မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အဖွဲ့သည် မတ် ၂၇ ရက် ညနေ ၅ နာရီခွဲတွင်အင်းတော်မြို့အဝင်စစ်ဆေးဂိတ်သို့ ရောက်ရှိလာပြီး အင်းတော်မြို့နယ်အတွင်းရှိပြည်သူများ၊ အခြားနိုင်ငံမှ ဝင်ရောက်လာသူများ၊ မြို့ကိုဖြတ်ကျော်၍ အခြားမြို့သို့သွားသော ပုဂ္ဂိုလ်များ၏ ကျန်းမာရေးကို အဓိကထား၍ စစ်ဆေးရန်နှင့် လူစုလူဝေးဖြင့်နေခြင်းများကို ရှောင်ရှားရန်၊ သင်္ကာမကင်းသူအား နီးစပ်ရာ ဆေးရုံသို့အမြန်ပို့အပ်ရန်အဓိကထားပြောကြားခဲ့ပြီး အင်းတော်မြို့နယ်အတွက် COVID–19 ရောဂါကာကွယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**လှအောင်**
**(ကသာ)**



ကချင်ပြည်နယ်ရှိ IDP စခန်းများတွင် COVID-19 ကပ်ရောဂါနှင့်ပတ်သက်၍ အသိပညာပေးခြင်းနှင့် လက်ဆေးဆပ်ပြာထောက်ပံ့ပေးခြင်းများ ဆောင်ရွက်နေစဉ်။



ကရင်ပြည်နယ်ရှိ IDP စခန်းများတွင် COVID-19 ကပ်ရောဂါနှင့်ပတ်သက်၍ အသိပညာပေးခြင်းနှင့် လက်ဆေးဆပ်ပြာထောက်ပံ့ပေးခြင်းများ ဆောင်ရွက်စဉ်။

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက နေရပ်စွန့်ခွာသူ (IDP)စခန်းများတွင် COVID-19 ကူးစက်မြန်ကပ်ရောဂါဆိုင်ရာ ပညာပေးခြင်းနှင့် ထောက်ပံ့မှုများ စတင်ဆောင်ရွက်

**နေပြည်တော် မတ် ၂၈**

Coronavirus Disease 2019 (COVID-19) ကမ္ဘာလုံးဆိုင်ရာ ကူးစက်မြန်ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ယာယီခိုလှုံရာစခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူ(IDP)များအား ရောဂါကြိုတင်ကာကွယ်ရေး၊ လိုက်နာ ပူးပေါင်းဆောင်ရွက်ရေးအတွက် အသိပညာပေး ရှင်းလင်းခြင်းနှင့် လက်ဆေးဆပ်ပြာများထောက်ပံ့ပေးဝေခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တာဝန်ရှိသူများက ဆက်စပ်ဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှုများ မဖြစ်ပွားစေရန်နှင့် ယာယီခိုလှုံရာစခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူ(IDP)များ အလွယ်တကူ သိရှိလိုက်နာဆောင်ရွက်ရန် အချက်များ၊ COVID-19 ရောဂါဖြစ်ပွားလျှင် ခံစားရသော ရောဂါလက္ခဏာများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များကို ရှင်းလင်းခြင်း၊ လိုက်နာဆောင်ရွက်ပေးကြရန်နှင့် ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းခြင်း၊ ပညာပေး နံရံကပ်ပိုစတာများ၊ လက်ကမ်းစာစောင်များ ပေးဝေခြင်း၊ လက်ဆေးဆပ်ပြာများ ထောက်ပံ့ပေးအပ်ခြင်းတို့ကို ပြည်တွင်းနေရပ်စွန့်ခွာသူများ နေထိုင်ကြသည့် ယာယီခိုလှုံရာစခန်းများဖြစ်သော ကချင်ပြည်နယ်ရှိ ယာယီခိုလှုံရာ စခန်း ကိုးခု၊ ရှမ်းပြည်နယ်ရှိ ယာယီခိုလှုံရာစခန်း ငါးခု၊ ရခိုင်ပြည်နယ်ရှိ ယာယီခိုလှုံရာစခန်း နှစ်ခုနှင့် ကရင်ပြည်နယ်ရှိ ယာယီခိုလှုံရာစခန်း နှစ်ခု စုစုပေါင်း စခန်း ၁၈ ခုတို့တွင် ယနေ့မှစတင်၍ ဆောင်ရွက်ပေးလျက်ရှိသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း နေရပ်စွန့်ခွာသူများအတွက် နိုင်ငံတကာလူသားချင်းစာနာ ကူညီမှုနှင့် ကာကွယ်စောင့်ရှောက်ပေးမှုဆိုင်ရာ စံချိန်စံညွှန်းများ၊ Inter-Agency Standing Committee က စခန်းတွင်နေထိုင်ကြသူများအတွက် COVID-19 ကူးစက်ရောဂါနှင့် စပ်လျဉ်းပြီး ထုတ်ပြန်ထားသော အချက်အလက်များကို ထည့်သွင်း၍ COVID-19 ကူးစက်ရောဂါနှင့်ပတ်သက်သည့် ကြိုတင်ပြင်ဆင်ရေးစီမံချက်(မူကြမ်း)တစ်ခုကို ရေးဆွဲထားပြီး ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့များနှင့်လည်း ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းထားပြီးဖြစ်ရာ ထိုစီမံချက်ကို အကောင်အထည်ဖော်ရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်ရန်တာဝန်ရှိသော အသိပညာပေးလုပ်ငန်းများ၊ ထောက်ပံ့ခြင်းလုပ်ငန်းများကို ဆက်စပ်ဝန်ကြီးဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြည်သူလူထုကြား ဆောင်ရွက်ခြင်းနှင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ညွှန်ကြားချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ရောဂါကူးစက်ခံရမှုနှင့် ရောဂါပြန့်ပွားမှုမရှိစေရေး ပြည်သူများလိုက်နာ ကျင့်သုံးရမည့်အချက်များကို ဝန်ထမ်းများကိုယ်တိုင် သိရှိနားလည်ကြပြီး ပြည်သူများအကြားတွင် စံနမူနာပြဆောင်ရွက်ရန်လည်း တာဝန်ရှိသူဝန်ထမ်းများအား တိုက်တွန်းအသိပေးထားပြီး လိုအပ်သော ပံ့ပိုးမှုများ ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



ရခိုင်ပြည်နယ်ရှိ IDP စခန်းများတွင် COVID-19 ကပ်ရောဂါနှင့်ပတ်သက်၍ အသိပညာပေးခြင်းနှင့် လက်ဆေးဆပ်ပြာထောက်ပံ့ပေးခြင်းများ ဆောင်ရွက်နေစဉ်။



ရခိုင်ပြည်နယ်ရှိ IDP စခန်းများတွင် COVID-19 ကပ်ရောဂါနှင့်ပတ်သက်၍ အသိပညာပေးခြင်းနှင့် လက်ဆေးဆပ်ပြာထောက်ပံ့ပေးခြင်းများ ဆောင်ရွက်နေစဉ်။

*** ကျောဖုံးမှ**

အဆိုပါချုပ်ပြီးသား နှာခေါင်းစည်းများကို ကျိုက်မရောမြို့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီးက ပိုးသတ်စက်တစ်လုံးနှင့် နည်းပညာများပြသပေးသွားပြီး ကျန်းမာရေးနှင့်အညီ အရည်အသွေးပြည့်မီသော ရောင်စုံနှာခေါင်းစည်းများကို ကျိုက်မရောမြို့နယ်အတွင်းရှိ ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများထံ အခမဲ့ ဖြန့်ဝေသွားမည်ဖြစ်သည်ဟု အဆိုပါ နှာခေါင်းစည်းများကို တာဝန်ယူ ချုပ်လုပ်နေသော အဖွဲ့ခေါင်းဆောင် ဦးသိမ်းမင်းက ပြောသည်။ ချုပ်လုပ်ထားသောပစ္စည်းများသည် ပိုးသတ်ထားပြီးဖြစ်သဖြင့် ပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ကြောင်း၊ အဆိုပါနှာခေါင်းစည်းများကို တစ်နေ့လျှင် အခုရေ သုံးရာခန့်ထိ ချုပ်လုပ်ပြီးစီးကြောင်း နည်းပြဆရာမထံမှ သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

**■ COVID-19 မှ**

အဆိုပါ COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းကျော်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုး၊ ကျန်းမာရေးမှူး ဦးတင်လှိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနေလင်းကျော် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မတ် ၂၈ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်မှ စတင်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရီးသွားပြင်သစ်နိုင်ငံသား ဧည့်သည် ခုနစ်ဦးသည် မြန်မာနိုင်ငံသားဧည့်လမ်းညွှန်နှင့် ဆက်စပ်မှုရှိကြောင်းသိရှိရသဖြင့် ၎င်းတို့၏ ခရီးသွားရာဇဝင်ကို ပြန်လည်စစ်ဆေးသည့်အခါ အမှတ်(၈) COVID-19 ရောဂါပိုးတွေ့ရှိခဲ့သည့် ဧည့်လမ်းညွှန်နှင့်အတူ ရန်ကုန်နှင့် ဟဲဟိုးတို့တွင် အတူသွားလာစားသောက်ခဲ့ရာ မတ် ၂၂ ရက် မွန်းလွဲပိုင်းတွင် မန်းရတနာပုံလေယာဉ်ဖြင့် သံတွဲမြို့သို့ ရောက်ရှိလာပြီး Thande Beach Hotel ကားဖြင့် ဟိုတယ်သို့ သွားရောက်ခဲ့သည်။ မတ် ၂၅ ရက် မွန်းတည့် ၁၂ နာရီထိ တည်းခိုနေထိုင်ခဲ့ပြီး မွန်းလွဲ ၁ နာရီခွဲတွင် မန်းရတနာပုံလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရှိရသဖြင့် အဆိုပါဟိုတယ်အား ပိုးသတ်ဆေးဖျန်းကာ ဝန်ထမ်းများကိုလည်း ဟိုတယ်အတွင်း ၁၄ ရက် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သံတွဲ(ပြန်/ဆက်)**

■

# ကသာခရိုင်၌ ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်ရေးအတွက် အလှူငွေများနှင့် ကျန်းမာရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**မုံရွာ မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ ခုနစ်မြို့နယ်တွင် ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်ရေးအတွက် အလှူငွေများနှင့် ကျန်းမာရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အရှိန်အဟုန်မြှင့်ဆောင်ရွက်**

ရေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးများက အနီးကပ်ကြီးကြပ်ပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာများစုပေါင်းကာ အများပြည်သူဘေးအန္တရာယ်ကင်းရှင်းစေရေး အထူးအလေးထား၍ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များတွင် လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အခမ်းအနားတွင် မိမိတို့အစိုးရအဖွဲ့နှင့် အလှူရှင်များ ပူးပေါင်းပြီး အလှူငွေများနှင့် ကျန်းမာရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွက် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်အသုံးပြုရန်အတွက် ငွေကျပ် ၆၅ သိန်းနှင့် လိုအပ်လျက်ရှိသော PPE ဝတ်စုံ ၁၀၀၊ ကိုယ်အပူချိန်တိုင်း ကိရိယာ ၃၀ နှင့် နှာခေါင်းစည်း ၁၀၀၀ စသည့် ကျန်းမာရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲပြုလုပ်ရခြင်းဖြစ်ကြောင်းနှင့် အားလုံးပူးပေါင်းပါဝင်ပေးကြရန် တိုက်တွန်းမှာကြားခဲ့သည်။



ဆက်လက်၍ ကိုရိုနာဗိုင်းရပ်နှင့် ပတ်သက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင်က အသိပညာပေးဟောပြောပြီး သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးများက မိမိတို့ဒေသအလိုက် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် လိုအပ်ချက်များကို တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထိုသို့ လှူဒါန်းရာတွင် ကသာခရိုင်အတွင်းရှိ ကသာ၊ ထီးချိုင့်၊ အင်းတော်၊ ဗန်းမောက်၊ ပင်လည်ဘူး၊ ကောလင်း၊ ဝန်းသို စသည့်မြို့နယ်များအတွက် ဆုထူးပန်ကုမ္ပဏီက ငွေကျပ်သိန်း ၃၀ နှင့် ကသာခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေသော ကုမ္ပဏီရှစ်ခုမှ တာဝန်ရှိသူများက ကိုရိုနာ ဗိုင်းရပ်စ်အတွက် အသုံးပြုရန် ငွေကျပ် ၃၅ သိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကိုယ်အပူချိန်တိုင်း ကိရိယာ ၃၀၊ နှာခေါင်းစည်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ ကသာခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုန်နှင့် တာဝန်ရှိသူတို့က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကသာခရိုင်အတွင်း ကိုရိုနာဗိုင်းရပ်ကြိုတင်ကာကွယ်ရေး စစ်ဆေးရေးဂိတ်များအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် ဆေးဝါးများနှင့် အလှူငွေများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ထွန်းကိုကို(ယင်းမာပင်)**



# COVID-19 ရောဂါ ကူးစက်ခံရသူ စားသောက်ခဲ့သည့် ပခုက္ကူမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်အား ပိုးသတ်ဆေးဖျန်း

**ပခုက္ကူ မတ် ၂၈**

COVID–19 ရောဂါ ကူးစက်ခံရသူ စားသောက်ခဲ့သည့် ပခုက္ကူမြို့ အမှတ်(၁၁)ရပ်ကွက် (၂)လမ်းရှိ စားသောက်ဆိုင်ကို မတ် ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲက ပိုးသတ်ဆေးပက်ဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျန်းမာရေးစစ်ဆေး**

ပိုးသတ်ဆေးဖျန်းရာသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ၊ ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အုံ့မောင်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပခုက္ကူခရိုင်ဆေးရုံအုပ် ဒေါက်တာတင်ထွန်းဇော်၊ ဒုတိယ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ အမှတ်(၁၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပရဟိတအသင်းအဖွဲ့များ ပူးပေါင်းပါဝင်ကြပြီး စားသောက်ဆိုင်ပိုင်ရှင်နှင့် ဝန်ထမ်းတို့ကို ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းများပြုလုပ်ကြသည်။

**စောင့်ကြည့်သွားမည်**

COVID–19 ရောဂါ ကူးစက်ခံရသူသည် နိုင်ငံခြားသားခရီးစဉ်တွင် လိုက်ပါလာပြီး ပခုက္ကူမြို့ ဟိုပင် စားသောက်ဆိုင်၌ မတ် ၁၇ ရက်တွင် ဝင်ရောက်စားသောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ စားသောက်ဆိုင်တွင် ဆိုင်ရှင်အပါအဝင် ဆိုင်ဝန်ထမ်း ၁၀ ဦးရှိပြီး ဆိုင်ပိုင်ရှင်ပါ လေးဦးအား နေအိမ်တွင် ၁၄ ရက်ကြာနှင့် ကျန်ဆိုင်ဝန်ထမ်းခြောက်ဦးအား ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက် လေယာဉ်ပျံကွင်းဟောင်းရှိ ကျန်းမာရေးဝန်ထမ်းအိမ်ရာတွင် အသွားအလာ ကန့်သတ်မှု ၁၄ ရက်ကြာထားရှိ၍ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဆလိုင်းကိုကီး**

# ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ ၁၅၀ အတွက် အလှူငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**မင်းဘူး မတ် ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းသို့ ထိုင်းနိုင်ငံမှ ပြန်ရောက်ရှိလာသူ ၁၅၀ အတွက် အလှူငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ ညနေ ၆ နာရီခွဲက မင်းဘူးမြို့ အထက(၁)၌ ကျင်းပခဲ့ကြောင်း သိရသည်။

**နေထိုင်စောင့်ကြည့်မှုကိုပြုလုပ်**

ကိုဗစ်–၁၉ ဗိုင်းရပ်စ်ရောဂါသည် ကမ္ဘာ့ကပ်ရောဂါအသွင်ဖြင့် ပျံ့နှံ့ကူးစက်နေသည့် ကပ်ရောဂါဖြစ်ပြီး မင်းဘူးခရိုင်တွင် ကိုဗစ်– ၁၉ ရောဂါဖြစ်ပွားသူ မရှိသေးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်သူများ နေရပ်သို့ ပြန်လည်ရောက်ရှိလာသူ ၁၅၀ တို့အား ၁၄ ရက်ကြာ သီးသန့်နေထိုင်စောင့်ကြည့်မှုကို ပြုလုပ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

**ပေးအပ်လှူဒါန်း**

အဆိုပါ ပြန်လည်ရောက်ရှိလာသူများအတွက် အလှူငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ထမင်းတစ်ရက်စာ၊ ဖျာအချပ် ၆၀ နှင့် နှာခေါင်းစည်း ၁၀၀၀ တို့အား မြင်းခြံမြို့ သုခမိန် ဆေးရိုးဆေးစက်နှင့် သုခမိန်ဆေးလိပ်ခုံ ဦးဌေးဝင်းအောင်နှင့် ဒေါ်နီနီမိသားစု မြင်းခြံမြို့က လာရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ အလှူငွေများအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးတို့က လက်ခံရယူခဲ့သည်။

**ကျော်စိုးဝင်း(မင်းဘူး)**



# COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဆေးဘက်ဆိုင်ရာအထောက်အကူပြု ပစ္စည်းများလှူဒါန်း

**ရန်ကုန် မတ် ၂၈**

COVID–19 ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် Taw Win Development Foundation က ငွေကျပ် ၁၅၃၉၂၀၀ တန်ဖိုးရှိ ဆေးဘက်ဆိုင်ရာအထောက်အကူပြု ကာကွယ်ရေးသုံးပစ္စည်းများကို ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်သူ့ဆေးရုံကြီး၌ ယနေ့နံနက် ၁၁ နာရီက လှူဒါန်းခဲ့ရာ ဆေးရုံအုပ်ကြီး ဒေါက်တာချိုချိုလွင်က လက်ခံရယူခဲ့ပြီး အလှူရှင်ဖောင်းဒေးရှင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

COVID–19 ကူးစက်မြန် ကပ်ရောဂါဆိုးကြီးအားအတူတကွလက်တွဲ၍ ဝိုင်းဝန်းတွန်းလှန်နေကြသော ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်သူ့ဆေးရုံကြီးရှိ ဆေးဘက်ဆိုင်ရာ ဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ဆေးကုသမှုခံယူနေကြသည့်လူနာများအတွက် အခြေခံလိုအပ်ချက်များဖြစ်သော ကျန်းမာရေးအကာအကွယ်ဝတ်စုံ ၁၀ စုံ၊ နှာခေါင်းစည်း ၅၀၀ နှင့် N95 ၄၀ တို့အား လှူဒါန်းခဲ့ကြောင်း သိရသည်။ **ပွင့်သစ္စာ**

# အမျိုးသားသွေးဌာန(ရန်ကုန်)အတွက် သွေးလှူရှင်များ တစ်ဦးချင်းလာရောက်လှူဒါန်းရန် တိုက်တွန်း

**ရန်ကုန် မတ် ၂၈**

COVID–19 ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် လူစုလူဝေးဖြင့် သွေးလှူဒါန်းမှုများကို လက်မခံသည့်အတွက် အမျိုးသားသွေးဌာန(ရန်ကုန်)၏ သွေးရရှိမှုသည် သုံးပုံ တစ်ပုံခန့်ကျဆင်းသွားကြောင်း သိရှိရသည်။ လာမည့် သုံးလအတွင်း ထပ်မံကျဆင်းနိုင်သောကြောင့် သွေးလှူရှင်များအနေဖြင့် တစ်ဦးချင်း လာရောက်လှူဒါန်းကြရန် အမျိုးသားသွေးဌာန(ရန်ကုန်)က နှိုးဆော်ထားကြောင်း သိရသည်။

**တဖြည်းဖြည်းကျဆင်းလာ**

အမျိုးသားသွေးဌာန(ရန်ကုန်)တွင် တစ်လလျှင် သွေးလှူရှင် ၉၀၀၀ နီးပါးရှိပြီး သွေးယူနစ်ပေါင်း ၁၇၀၀၀ ကျော်ရရှိကြောင်း သိရသည်။ COVID – 19 ရောဂါဂယက်ကြောင့် ဖေဖော်ဝါရီလမှစတင်ပြီး သွေးလှူရှင်များ တဖြည်းဖြည်းကျဆင်းလာရာ တစ်ဦးချင်းသွေးအလှူရှင်ရရှိရန် လုပ်ဆောင်လျက်ရှိပြီး ပုံမှန်သွေးအလှူရှင်များကို ဆက်သွယ်ပြီး လှူဒါန်းနိုင်ရန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခင်က အမျိုးသားသွေးဌာန(ရန်ကုန်)တွင် ပုံမှန် စုပေါင်းသွေးလှူဒါန်းပွဲနှင့် ရွှေတိဂုံဘုရားရှိ ပုံမှန်သွေးလှူဒါန်းပွဲများမှ သွေးများရရှိကြသည်။ ယခုအခါ သွေးရရှိမှုမပြတ်စေရန် ပုံမှန်သွေးလှူရှင်များထံ အိမ်တိုင်ရာရောက် သွေးအလှူခံရန် အစီအစဉ်ရှိနိုင်ကြောင်း သိရသည်။

**ထောက်ပံ့ပေးလျက်ရှိ**

အမျိုးသားသွေးဌာန(ရန်ကုန်)သည် ရန်ကုန်မြို့ရှိ ဆေးရုံ ၁၄ ရုံအတွက် နေ့စဉ်သွေးလိုအပ်ချက်ကို ထောက်ပံ့ပေးလျက်ရှိပြီး ဆေးရုံများသို့ သွေးဆက်လက်ထောက်ပံ့ပေးနိုင်ရန် ယခုမတ်လတွင် သွေးအလှူရှင် ၆၀၀၀ ဝန်းကျင်မှ သွေးယူနစ်ပေါင်း ၁၅၀၀၀ နီးပါး လိုအပ်သည်ဟု သိရှိရသည်။ **အောင်သူရ**

# တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော်  မတ်  ၂၈**

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ စစ်သမိုင်းပြတိုက်၌ ပြုလုပ်သည်။

သတင်းစာရှင်းလင်းပွဲ မစတင်မီ တက်ရောက်လာကြသူများအား COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများက စမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးသည်။



**ရှင်းလင်းပြောကြား**

ထို့နောက် တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက ကောင်းခါးပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ စတင်ပေါ်ပေါက်လာပုံ၊ ၂၀၁၈ ခုနှစ် ဩဂုတ်လမှ ၂၀၂၀ ပြည့်နှစ် မတ် ၂၆ ရက်အထိ ကောင်းခါးကျေးရွာတစ်ဝိုက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ လက်နက်၊ ခဲယမ်းများ၊ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရရှိမှုအခြေအနေများ၊ တပ်မတော်မှ တာဝန်ရှိသူများနှင့် ကောင်းခါးပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး ကောင်းခါးပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များမှ သိမ်းဆည်းရမိ လက်နက်၊ ခဲယမ်းများ အပါအဝင် လက်နက်မျိုးစုံ ၁၈၄၆ လက်၊ ကျည်မျိုးစုံ ၅၀၈၉၃၇ တောင့်၊ ဗုံးသီး၊ ဒုံးသီးမျိုးစုံ ၂၁၉၇ လုံး၊ လက်ပစ်ဗုံး ၁၀၉၅ လုံး၊ မိုင်း ၂၉ လုံးနှင့် ဆက်စပ်ပစ္စည်းများ အပ်နှံ၊ သိမ်းဆည်းရမိမှုအခြေအနေ၊ ကောင်းခါးပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တပ်မတော်မှ စားဝတ်နေရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ကူညီထောက်ပံ့ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် COVID-19 ရောဂါ ကာကွယ်၊ ကုသရေးနှင့် ပတ်သက်ပြီး မတ် ၂၃ ရက်တွင် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက မြောက်ဥက္ကလာပမြို့နယ်ရှိ အထွေထွေရောဂါကုဆေးရုံကြီး(ဝေဘာဂီ)နှင့် ပြည်သူ့ဆေးရုံများသို့ COVID-19 ရောဂါကုသရေးအထောက်အကူပြု ဆေးနှင့်ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့မှု၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်မြို့ရှိ တပ်မတော်ဆေးရုံများ၌ COVID-19 ရောဂါကုသရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးခဲ့မှု၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နေပြည်တော်ရှိ တပ်မတော်ဆေးရုံများ၌ COVID-19 ရောဂါကုသရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးခဲ့မှု၊ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများနှင့် ဆေးဝါးများအား နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ပေးအပ်လှူဒါန်းမှု၊ COVID-19 ရောဂါ ကာကွယ်၊ ကုသရေးနှင့် ပတ်သက်၍ အထူးဆေးရုံများအဖြစ် နေပြည်တော်၊ ရန်ကုန်၊ မိတ္ထီလာနှင့် အောင်ပန်းမြို့တို့တွင် တပ်မတော်ဆေးရုံလေးရုံ (အရေးပေါ်လူနာအတွက် ရှစ်ခုတင်၊ ရောဂါပိုးတွေ့ရှိလူနာအတွက် ၁၉၂ ခုတင်) ယခင်က ကြိုတင်ပြင်ဆင်ထားရှိရာမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မတ် ၂၃ ရက် ခရီးစဉ်အတွင်း ရန်ကုန်မြို့ မင်္ဂလာဒုံရှိ တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီးအား ထပ်မံတိုးချဲ့သတ်မှတ်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သည့် အခြေအနေ။

**ကြိုတင်ပြင်ဆင်ထားရှိ**

တိုင်းစစ်ဌာနချုပ်များအလိုက် သက်ဆိုင်ရာမြို့နယ်များရှိ ဆေးရုံ၊ ဆေးခန်းများသို့ ဆေးဝါးများနှင့် ဆေးရုံသုံးပစ္စည်းများလှူဒါန်းခဲ့မှု၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် အခြားလူစည်ကားရာနေရာများတွင် ပိုးသတ်ဆေးဖျန်းခြင်းများအပါအဝင် သန့်ရှင်းရေးနှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ဘုန်းတော်ကြီးများ၊ သီလရှင်များ၊ အခြားဘာသာဝင်ဘာသာရေးခေါင်းဆောင်များ၊ စစ်မှုထမ်းဟောင်းများ၊ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာတို့၌ ကျန်းမာရေးစစ်ဆေးဆောင်ရွက်ပေးမှုအခြေအနေ၊ မတ် ၂၇ ရက်တွင် တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ဝေးလံခေါင်းပါးဒေသများရှိ ပြည်သူလူထုများအတွက် Surgical Disposable Mask (2-PLY) စုစုပေါင်း ၁၆၉၇၅၀ အား တပ်မတော်လေယာဉ်များဖြင့် နေပြည်တော်မှ ဒေသအသီးသီးသို့ ပို့ဆောင်ပေးခဲ့မှု၊ တပ်မတော်သားများ၊ မိသားစုဝင်များ၊ ဒေသခံပြည်သူများအတွက် အထူးဆေးရုံများ၊ တိုင်းစစ်ဌာနချုပ်အလိုက် ဆေးရုံများ၊ စစ်မြေပြင် ဆေးတပ်ရင်းများ အသင့်ပြင်ဆင်ထားရှိမှုအခြေအနေ၊ ဒေသအလိုက်ဆေးရုံ၊ ဆေးတပ်ရင်းများ၌ စုစုပေါင်း အရေးပေါ်လူနာခုတင် ၁၃၀၊ ရောဂါပိုးတွေ့ရှိလူနာအတွက် ၁၁၃၁ ခုတင် ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ အရေးပေါ်သယ်ယူပို့ဆောင်ရေးအတွက် ရဟတ်ယာဉ်၊ လေယာဉ်များမှအစ ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် အချို့ကိစ္စများတွင် သဘောတူညီချက်နှင့် ခွင့်ပြုချက်မရပါက လုပ်ငန်းများလုပ်ဆောင်ရန် ကန့်သတ်မှုရှိသည့်အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းဌာနအသီးသီးတို့က သိရှိလိုသည်များ မေးမြန်းမှုများအပေါ် ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ပြည်သူများအား ကိုယ်အပူချိန်များ တိုင်းတာစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**ဆီဆိုင်  မတ်  ၂၈**

COVID-19 ရောဂါ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့၌ မတ် ၂၈ ရက် နံနက် ၉ နာရီက မြို့နယ်သစ်တောဦးစီးဌာနရုံးရှေ့ ဆီဆိုင်-တောင်ကြီး ပြည်ထောင်စုလမ်းမကြီးတွင် ပြည်သူများအား ကိုယ်အပူချိန်များ တိုင်းတာစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အသိပညာပေးရှင်းလင်း**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး(ကိုယ်စား) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမောင်ဇွဲ၊ ဒုတိယဦးစီးမှူး ဦးအောင်မိုးခိုင်၊ မြို့နယ်ပညာရေးမှူး ဦးစိုးသစ်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကုသရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပြန်/ဆက်ဦးစီးဌာန၊ မြို့နယ်လဝကဦးစီးဌာန၊ မြို့နယ်မော်တော်ယာဉ်ကြီးကြပ်ရေးကော်မတီနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ပူးပေါင်း၍ အခြားဒေသနှင့် နိုင်ငံရပ်ခြားပြန်ခရီးသွားပြည်သူများအား အပူချိန်တိုင်းကိရိယာဖြင့် ကိုယ်အပူချိန်များ တိုင်းတာစစ်ဆေးခြင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမောင်ဇွဲက ခရီးသွားပြည်သူများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

ခွန်ရဲထွေး(ဆီဆိုင်)

## တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီးသို့ COVID – 19 ရောဂါ ကာကွယ်ရေးနှင့် ကုသရေးအတွက် ငွေကျပ်သိန်း ၁၅၀၀ ကျော်တန်ဖိုးရှိ ကာကွယ်ရေးနှင့် ကုသရေးပစ္စည်းများ လှူဒါန်း

**တောင်ငူ  မတ်  ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီးသို့ CB – KMA Foundation ဥက္ကဋ္ဌ ဦးခင်မောင်အေး မိသားစုက COVID – 19 ရောဂါ ကာကွယ်ရေးနှင့် ကုသရေးဆိုင်ရာပစ္စည်းများလှူဒါန်းပွဲကို ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ COVID – 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီနာယကများဖြစ်ကြသော ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်၊ ဆေးရုံအုပ်ကြီး ဒေါက်တာစောဘိုဇော်ဝင်းနှင့် မြို့မိမြို့ဖ ဦးမြင့်ညို(အမေ့အိမ်)တို့က မှဒိတာစကားပြောကြားကြပြီး CB – KMA Foundation တာဝန်ရှိသူများက ငွေကျပ် သိန်း ၁၅၀၀ ကျော် တန်ဖိုးရှိ ကာကွယ်ရေးနှင့် ကုသရေးဆိုင်ရာဆေးနှင့် စက်ပစ္စည်းများ လှူဒါန်းရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။



COVID – 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီနှင့် အထောက်အကူပြုကော်မတီသို့ ဆေးရုံများတွင် လိုအပ်လျက်ရှိသော Infusion Pump, Syringe Pump, Surgical Mask, Surgical Glove, E-Glove, $O_2$ nasal Canula, $O_2$ nasal Face Mask, Disposal Caps, Surgical Glove, Disposal Apron, Hand Sanitizer (500 ml Spray) Bottle, Hand Santizer (500 ml) နှင့် Hand Sanitizer (20 L) အစရှိသည့် ကာကွယ်ရေးနှင့် ကုသရေးပစ္စည်းများကို လှူဒါန်းပေးပြီး ဆက်လက်၍ Ventilator စက် နှစ်စုံ၊ PPE ဝတ်စုံ ၁၀၀၀၊ Safety Glasses အခု ၁၀၀၀၊ Leg Cover (Safety Boots or Shoes) အခု ၁၀၀၀ စသည့် ဆေးနှင့်စက်ပစ္စည်းများအား ဆက်လက်လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

ကျော်လှ(တောင်ငူ)

## မြို့သစ်မြို့၌ COVID -19 ရောဂါကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**မြို့သစ်  မတ်  ၂၈**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ COVID – 19 ရောဂါကြိုတင်ကာကွယ်ရေးအတွက် ပြည်ပနိုင်ငံများမှ မြို့နယ်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသော ဒေသခံများကို မြို့ဝင်စစ်ဆေးရေးဂိတ်များ၌ ပထမအဆင့်အနေဖြင့် ကျန်းမာရေးဦးစီးဌာနနှင့် COVID – 19 ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်သည်။

ယင်းသို့ စစ်ဆေးမှုများဆောင်ရွက်ပြီးနောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းများ၏ သတ်မှတ်ထားသည့်နေရာများတွင် စောင့်ကြည့်ကာလအဖြစ် COVID – 19 ရောဂါကြိုတင်ကာကွယ်ခြင်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

COVID – 19 ရောဂါ ကာကွယ်ရေးအတွက် မြို့နယ်၊ ရပ်ကွက်/ကျေးရွာများအတွင်းရှိပြည်သူများ လိုက်နာပူးပေါင်းဆောင်ရွက်ရမည့် အချက်အလက်များကို ကျေးရွာများအရောက် အသိပညာပေးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ COVID – 19 နှင့်ပတ်သက်၍ ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ မြို့နယ်အဆင့် လုပ်ငန်းကော်မတီအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အခြားသောလူမှုရေး ပရဟိတအဖွဲ့များက နေ့ရော ညပါ အရှိန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇော်ဇော်(မြို့သစ်)

## စစ်ကိုင်းမြို့တွင် COVID - 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**စစ်ကိုင်း မတ် ၂၈**

စစ်ကိုင်းမြို့တွင် COVID – 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် စစ်ဆေးရေးကော်မတီအဖွဲ့များ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိ ဆရာ ဆရာမများ၊ ခရိုင်ကြက်ခြေနီတပ်ဖွဲ့စုဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့များနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ ပူးပေါင်းပါဝင်၍ မတ် ၂၇ ရက် နံနက် ၇ နာရီမှစတင်ကာ စစ်ကိုင်းမြို့အဝင် ကိုးပေတံတားဂိတ်၊ ကျော်ထက်ကွေ့ဂိတ်နှင့် ရွာထောင်ရပ်ကွက် အမှတ်(၃)ကျောင်းအနီး ကားဂိတ်များတွင် ခရီးသွားပြည်သူများအား ရောဂါမဖြစ်ပွားစေရေးအတွက် ကိုယ်အပူချိန်တိုင်းတာခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။

" ကား/ဆိုင်ကယ်တွေပေါ်မှာ ပါလာတဲ့ခရီးသွားပြည်သူတွေ/အထူးသဖြင့် စစ်ကိုင်းမြို့ကို ဆင်းနေခဲ့တဲ့ခရီးသည်တွေကို ကျန်းမာရေးတွေ စစ်ဆေးပေးပါတယ်၊ စစ်ကိုင်းမြို့မှ တစ်ဆင့်သွားတဲ့ခရီးသွားတွေကိုလည်း အပူချိန်တိုင်းတာပြီး ကျန်းမာရေးစစ်ဆေးမှုတွေ ပြုလုပ်ဆောင်ရွက်ပေးတာပါ၊ အကယ်၍သံသယရှိတယ်ဆိုရင်လည်း သတ်မှတ်နေရာတွေခေါ်သွားပြီး စောင့်ကြပ်ကြည့်ရှုပေးသွားမှာပါ၊ နေ့စဉ်အခုလို ကားဂိတ်တွေမှာ ရွေ့လျားပုံစံမျိုးနဲ့ အဖွဲ့တွေခွဲပြီး ကျန်းမာရေးစစ်ဆေးမှုတွေ အပြည့်အဝပေးသွားမှာပါ " ဟု COVID–19 ရောဂါကာကွယ် ထိန်းချုပ်ကုသရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



**ဇော်မြင့်နိုင်(ပြန်/ဆက်)**



## COVID-19 ရောဂါ ရှိ-မရှိ ကိုယ်အပူချိန် စမ်းသပ်စစ်ဆေး အသိပညာပေး

**စလင်း မတ် ၂၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ပြည်သူအများ COVID–19 ရောဂါ ရှိ–မရှိ ကိုယ်အပူချိန်စမ်းသပ်ခြင်းကို မတ် ၂၈ ရက် နံနက် ၆ နာရီက စလင်းမြို့မဈေးကြီးနှင့် လူစည်ကားရာနေရာဖြစ်သည့် အနောက်ကန်ပေါင် လမ်းနှင့် မြို့အဝင်နေရာနှင့် စည်ပင်ဝန်ထမ်းမိသားစု ဝန်ထမ်းအိမ်ရာများတွင် ဆောင်ရွက်ခဲ့ကြသည်။

COVID–19 ရောဂါရှိ–မရှိစမ်းသပ်စစ်ဆေးခြင်းကို COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးဟိန်းဆက်၏စီမံမှုဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ဈေးသူဈေးသားများနှင့် ခရီးသွားပြည်သူများအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီး အကယ်၍ သံသယလူနာတွေ့ရှိခဲ့ပါက သတ်မှတ်ထားသော စောင့်ကြပ်ကြည့်ရှုရေးစင်တာများတွင် ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်လွင်(ပြန်/ဆက်)**

## ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြရွှေပြည်ယာဉ်ရပ်နားစခန်း ဆေးဖျန်း

**မန္တလေး မတ် ၂၈**

COVID–19 ရောဂါကာကွယ်ရေးအတွက် ပြည်ကြီးတံခွန်မြို့နယ်ရှိ ချမ်းမြရွှေပြည်ယာဉ်ရပ်နားစခန်းတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စည်းကမ်းထိန်းသိမ်းရေးနှင့် ယာဉ်ရပ်နားစခန်းသာယာလှပရေးအဖွဲ့များ ပူးပေါင်း၍ ဆေးဖျန်းခြင်းကို မတ် ၂၇ ရက် မွန်းလွဲ ၁ နာရီက ဆောင်ရွက်ကြသည်။ COVID–19 ရောဂါကာကွယ်ရေးဆေးဖျန်းရာတွင် ယာဉ်ရပ်နားစခန်းအတွင်းရှိ ဂိတ်ခန်းများ၊ ဈေးဆိုင်ခန်းများ၊ ဆိုက်ရောက်ကွင်းနှင့်ရပ်နားကွင်းများ၊ ယာဉ်ရပ်နားဧရိယာအတွင်း ဈေးဆိုင်ခန်းများ၊ ခရီးသည်နားနေဆောင်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်မှတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များက ဆေးဖျန်းစက်များဖြင့် ဆေးဖျန်းခဲ့သည်။

ချမ်းမြရွှေပြည်ယာဉ်ရပ်နားစခန်းတွင် ကုန်တင်ဂိတ်ခန်း ၉၄ ခန့်၊ လူနေဂိတ်ခန်း ၂၃ ခန်း၊ အာစီ သုံးထပ်ဆောင်အတွင်း ဂိတ်ခန်း ၈၂ ခန်း၊ ဈေးဆိုင် ၁၀၀ ခန့်ရှိပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာနဝန်ထမ်းများ၊ ယာဉ်လိုင်းများကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍သန့်ရှင်းရေးလုပ်ငန်းများ၊ ဆေးဖျန်းခြင်းလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



## COVID-19 ရောဂါကြိုတင်ကာကွယ်ရေးအတွက် ချောင်းဝကျေးရွာ ကူးတို့ဆိပ်၌ ကျန်းမာရေးစစ်ဆေး

**ဟိုင်းကြီးကျွန်း မတ် ၂၈**

ရေယာဉ်များ ဆိုက်ကပ်ပြေးဆွဲသည့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ချောင်းဝကျေးရွာအုပ်စု၊ ပြင်ခရိုင်ကျေးရွာအုပ်စုနှင့် ဝါးကုန်းကျေးရွာအုပ်စုရှိ ကူးတို့ဆိပ်တွင် မတ် ၂၇ ရက် ညနေ ၅နာရီက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ ပညာရေးဌာနဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ကြက်ခြေ နီ တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံများပါဝင်သည့် ပူးပေါင်းအဖွဲ့က ခရီးသွားပြည်သူများကို COVID–19 ရောဂါကြိုတင် ကာကွယ်ရေးအတွက် ကျန်းမာရေးစစ်ဆေးမှုများကို စတင်ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။



ချောင်းဝ၊ ပြင်ခရိုင်၊ ဝါးကုန်း၊ ဒီးဒူးကုန်း၊ အုတ်တွင်း ကျေးရွာအုပ်စုများသည် တစ်ဆက်တစ်စပ်တည်းတည်ရှိနေကြသော ကျေးရွာများဖြစ်ပြီး ရန်ကုန်၊ ပုသိမ်မြို့များနှင့် အခြားဒေသများသို့ ခရီးသွားများ နေ့စဉ်သွားလာနေကြသည့် ရေယာဉ်ကူးတို့ဆိပ်များ၊ တိုက်ရိုက်ပြေးဆွဲနေသော ကားလိုင်းများရှိနေခြင်းကြောင့် ကျေးရွာအုပ်စုများရှိ အုပ်ချုပ်ရေးမှူးများက ဦးဆောင်ကာ COVID–19 ရောဂါကြိုတင်ကာကွယ်ရေးအတွက် စုပေါင်းဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း သိရသည်။

ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများအား COVID–19 ရောဂါကြိုတင်ကာကွယ်ရေးအတွက် ချောင်းဝကျေးရွာဆိပ်ကမ်း၌ ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများ နေ့စဉ်ပုံမှန်ပြုလုပ်သွားရန် ဒေသတွင်း ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ကျော်သူဟိန်း**
**(ဟိုင်းကြီးကျွန်း)**

## ချောင်းဦးမြို့မဈေးနှင့် မြို့ပေါ်ရပ်ကွက်များတွင် COVID-19 ရောဂါကြိုတင်ကာကွယ်ရေးအတွက်အသိပညာပေး

**ချောင်းဦး မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ပေါ်၌ COVID–19 ရောဂါကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဈေးသူ၊ ဈေးသားများ၊ ဈေးဝယ်သူများနှင့် ရပ်ကွက်အတွင်းရှိ မိဘပြည်သူများအား အသိပညာပေးခြင်း လုပ်ငန်းကို မတ် ၂၇ ရက် နံနက် ၈ နာရီက ချောင်းဦးမြို့မဈေးနှင့် မြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးအောင်ဘော်နှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်ထွန်းဦးနှင့် ဝန်ထမ်းများ ၊ ချောင်းဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်သန့်ဝင်းနှင့် ဝန်ထမ်းများက ဈေးသူ၊ ဈေးသားနှင့် ဈေးဝယ်သူများအား အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ဈေးအတွင်းရှိ လက်ဆေးကန်များတွင် လက်ဆေးနည်းအဆင့်ဆင့်ကို လက်တွေ့ ရှင်းလင်းပြသခဲ့ပြီး COVID–19 ရောဂါကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကိုလည်း ဈေးအတွင်း/အပြင်ဘက်တွင် လိုက်လံချိတ်ဆွဲခြင်း၊ ချောင်းဦးမြို့ပေါ် ရပ်ကွက်များတွင်လည်း အသံချဲ့စက်ဖြင့် လှည့်လည်၍ အသိပညာပေးခဲ့ကြောင်း သိရသည်။

**အိအိအောင်(ချောင်းဦး)**



## COVID-19 ရောဂါ ကာကွယ်ရေး အသိပညာပေး

**ဘောဂလိ မတ် ၂၈**

ကရင်ပြည်နယ် ဘောဂလိမြို့တွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် မတ် ၂၈ ရက် နံနက်ပိုင်းက ဘောဂလိမြို့ အဝင်ဂိတ်တွင် မြို့အုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးခြင်းများဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့အဝင်ဂိတ်မှ ဖြတ်သန်းသွားလာလျက်ရှိကြသော ကုန်တင်ယာဉ်များ၊ မော်တော်ဆိုင်ကယ်မောင်းနှင်စီးနင်းသူများ၊ ခရီးသွားပြည်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ကိုယ်အပူချိန်မြင့်တက်မှုနှင့် ဖျားနာမှု ရှိ–မရှိ စစ်ဆေးမေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**နီလာအေး(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါကို ငါးမိနစ်အတွင်း စစ်ဆေးပေးနိုင်သည့် စမ်းသပ်ကိရိယာ အမေရိကန်ကုမ္ပဏီ ထုတ်ဖော်ပြသ

**ဝါရှင်တန် မတ် ၂၈**

အမေရိကန်နိုင်ငံအခြေစိုက် ဓာတ်ခွဲခန်းကုမ္ပဏီတစ်ခုက တစ်စုံတစ်ဦး၌ ကိုဗစ်-၁၉ ရောဂါရှိပါက ငါးမိနစ်အတွင်း အဖြေပေးနိုင်သည့် သယ်ဆောင်ရလွယ်ကူသော ဗိုင်းရပ်စ် စမ်းသပ်ကိရိယာကို ထုတ်ဖော်ပြသခဲ့ကြောင်း သောကြာနေ့က ကြေညာချက်ထုတ်ပြန်သည်။

အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက လာမည့်သီတင်းပတ်အတွင်း စောနိုင်သမျှ စောစော ကျန်းမာရေးစောင့်ရှောက်သူများလက်ဝယ်သို့ ယင်းဗိုင်းရပ်စ်စမ်းသပ်ကိရိယာ ရောက်ရှိစေရန်အတွက် တီထွင်ပြုလုပ်မှုကိုစတင်ရန် အရေးပေါ်ခွင့်ပြုချက်ပေးခဲ့ကြောင်း အပ်ဘော့ကုမ္ပဏီ (Abbott) က ပြောကြားသည်။

ယင်းစမ်းသပ်ကိရိယာသည် ပေါင်မုန့်ဖုတ်စက် အသေးစားအရွယ်ရှိပြီး မော်လီကျူးနည်းပညာကို အသုံးပြုသည်။ ယင်းစမ်းသပ်ကိရိယာသည် ကိုဗစ်-၁၉ ရောဂါ မရှိသည့်ရလဒ်ကိုလည်း ၁၃ မိနစ်အတွင်း ဖော်ပြနိုင်သည်ဟု ကုမ္ပဏီက ကြေညာချက်တစ်စောင်တွင် ဖော်ပြသည်။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကို မျက်နှာစာပေါင်းစုံမှ တိုက်ထုတ်ရမည်ဖြစ်ကြောင်း၊ မိနစ်အနည်းငယ်အတွင်း ရလဒ်များကို ထုတ်ပေးနိုင်သည့် ယင်းမော်လီကျူးနည်းပညာသုံး စမ်းသပ်ကိရိယာသည် အဆိုပါဗိုင်းရပ်စ်ကို တိုက်ဖျက်ရာတွင်လိုအပ်သည့် ဆေးစစ်ချက်အဖြေများကို တိုးချဲ့ရယူစေနိုင်မည်ဖြစ်ကြောင်း အပ်ဘော့ကုမ္ပဏီ ဥက္ကဋ္ဌ ရောဘတ်ဖို့ဒ်က ပြောကြားသည်။

**ထားရှိနိုင်မည်**

အရွယ်အစားသေးငယ်သဖြင့် ယင်းဗိုင်းရပ်စ် စမ်းသပ်ကိရိယာကို ဗိုင်းရပ်စ်ဖြစ်ပွားရာနေရာများရှိ ဆေးရုံအတွင်း သမားရိုးကျ ထားနေကျပုံစံ လေးဘက်လေးတန် နံရံများပေါ်တွင် ထားရှိနိုင်မည်ဖြစ်ကြောင်း၊ ယင်းဗိုင်းရပ်စ် စမ်းသပ်ကိရိယာများကို ဗိုင်းရပ်စ်ကူးစက်မှု အဓိကဖြစ်ပွားရာနေရာများသို့ ပို့ဆောင်ရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနနှင့်အတူ လုပ်ဆောင်နေကြောင်း ဖို့ဒ်က ပြောကြားသည်။

ယင်းဗိုင်းရပ်စ်စမ်းသပ်ကိရိယာသည် အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ အတည်ပြုချက်ရရှိခြင်း မရှိသေးကြောင်း၊ အတည်ပြုထားသည့် ဓာတ်ခွဲခန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများက အရေးပေါ်အသုံးပြုရန်အတွက်သာလျှင် ခွင့်ပြုထားကြောင်း အဆိုပါကုမ္ပဏီက ပြောကြားသည်။




**ကိုးကား – အေအက်ဖ်ပီ၊ ဘာသာပြန် – အောင်ဇော်လင်း**

# ကမ္ဘာတစ်ဝန်း COVID-19 ရောဂါ ကူးစက်ခံရသူ ခြောက်သိန်းကျော်ရှိလာ



**ဝါရှင်တန် မတ် ၂၈**

ကမ္ဘာ့နိုင်ငံနှင့် ဒေသများသို့ COVID-19 ရောဂါကူးစက်ပျံ့နှံ့မှု အရှိန်မြင့်မားလာသည်နှင့်အမျှ ယခုအခါ ကမ္ဘာတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူလူနာ ခြောက်သိန်းကျော်လာပြီဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု အခြေစိုက် ပုဂ္ဂလိကသုတေသနသိပ္ပံကျောင်းဖြစ်သည့် ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်မှ နောက်ဆုံးရရှိသော အချက်အလက်များအရ သိရသည်။

ကမ္ဘာတစ်ဝန်းလုံးတွင် COVID-19 ရောဂါကူးစက်ခံရသူ စုစုပေါင်း ၆၀၂၂၆၂ ဦးရှိလာပြီး ယင်းရောဂါကြောင့် ၂၇၈၆၂ ဦးသေဆုံးခဲ့ကြောင်း၊ သို့သော် လူနာ ၁၃၀၀၀၀ ကျော်တို့သည် ၎င်းတို့၏ ရောဂါဝေဒနာမှ ပြန်လည် သက်သာသွားကြောင်း ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်မှ ယနေ့နံနက်ပိုင်းအထိ လေ့လာတွေ့ရှိထားသည့် ကိန်းဂဏန်းများအရ သိရသည်။

ထို့အပြင် အမေရိကန်ပြည်ထောင်စုတွင် COVID-19 ရောဂါ ကူးစက်ခံရသူ လူနာပေါင်း ၁၀၄၈၃၇ ဦးရှိလာပြီး ယင်းရောဂါကြောင့် ၁၇၁၁ ဦးထက် မနည်းသေဆုံးခဲ့သည်။ ထို့အတူ အီတလီနိုင်ငံတွင် COVID-19 ရောဂါကူးစက်ခံရသူလူနာ ၈၆၄၉၈ ဦး ရှိလာပြီး ယင်းရောဂါကြောင့် ၉၁၀၀ သေဆုံးခဲ့သည်။ အီတလီနိုင်ငံသည် ကမ္ဘာ့နိုင်ငံနှင့် ဒေသအားလုံးထဲတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးမှုအများဆုံးဖြစ်လာသည်။

စပိန်နိုင်ငံတွင် ၆၅၇၁၉ ဦး၊ ဂျာမနီတွင် ၅၃၃၄၀၊ အီရန်တွင် ၃၂၃၃၂ ဦး၊ ပြင်သစ်တွင် ၃၃၄၁၄ ဦး၊ တောင်ကိုရီးယားတွင် ၉၄၇၈ ဦး၊ ဆွစ်ဇာလန်တွင် ၁၃၁၃၈ ဦး၊ ဗြိတိန်တွင် ၁၄၇၅၁ ဦးနှင့် တရုတ်တွင် ၈၁၉၉၆ ဦး စသည်ဖြင့် ရောဂါကူးစက်ခံခဲ့ရကြောင်း ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်၏ လေ့လာချက်အရ သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**

# ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် ပြင်ဆင်ထားရန် ဂျပန်ဝန်ကြီးချုပ် သတိပေး

**တိုကျို မတ် ၂၈**

ကာလရှည်ကြာဖြစ်ပွားနိုင်သည့် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် အသင့်ပြင်ဆင်ထားကြရန် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြည်သူလူထုအား သတိပေးခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများကြောင့် ဂျပန်နိုင်ငံတွင် သီတင်းနှစ်ပတ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနှုန်းမှာ အဆ ၃၀ အထိ ခုန်တက်သွားနိုင်ကြောင်း ရှင်ဇိုအာဘေးက ပြောကြားသည်။ အာဘေးက အစိုးရတာဝန်ရှိသူများအနေဖြင့် ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းပြီး ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုထိန်းချုပ်ရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုအဆင့်တွင် နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာရန် မလိုအပ်သေးကြောင်း ပြောကြားသည်။ အရေးပေါ်စီးပွားရေး ပြန်လည်ထူထောင်ရေးဆိုင်ရာ ဘဏ္ဍာရေးအစီအမံကို ၁၀ ရက်အတွင်း ပြန်လည်ရေးဆွဲမည်ဖြစ်ပြီး ၎င်းတွင် အိမ်ထောင်စုတိုင်းအတွက် ငွေကြေးထောက်ပံ့ရေးအစီအစဉ်ပါရှိမည်ဖြစ်သည်။ အစိုးရအနေဖြင့် အခွန်လျှော့ချရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အတိုးမဲ့ချေးငွေ ပေးအပ်ခြင်းတို့ကိုလည်း ဆောင်ရွက်မည်ဖြစ်သည်။

**ကိုးကား–အင်န်အိတ်ချ်ကေ၊ ဘာသာပြန်–စိုးသူရ**

## ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ နိုင်ငံတကာသတင်းများစုစည်းမှု

**တူရကီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၆၉၈ ဦးရှိလာ**

တူရကီနိုင်ငံတွင် မတ် ၂၇ ရက် ဆေးမှတ်တမ်းများအရ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၀၆၉ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် စုစုပေါင်း ကူးစက်ခံရသူအရေအတွက် ၅၆၉၈ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီး ဖာရတ်တင်ကိုကာက ယနေ့ ကြေညာခဲ့သည်။

ထို့ပြင် အဆိုပါဆေးမှတ်တမ်းများအရ ၁၇ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် စုစုပေါင်းသေဆုံးသူ ၉၂ ဦးရှိလာခဲ့သည်ဟု ဝန်ကြီး ကိုကာက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

လူပေါင်း ၇၅၃၃ ဦးခန့်ကို သံသယရှိလူနာအဖြစ် စောင့်ကြည့်ကြပ်မတ်လျက်ရှိပြီး လိုအပ်သော ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ဝန်ကြီးကိုကာက ဆက်လက်ပြောကြားခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောအချက်အလက်အရ ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၄၂ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။ တူရကီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို မတ် ၁၁ ရက်တွင် ပထမဆုံးအကြိမ် တွေ့ရှိခဲ့သည်။

**တရုတ် (တိုင်ပေ) တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၈၃ ဦးရှိ**

မတ် ၂၈ ရက် ဆေးမှတ်တမ်းများအရ တရုတ်(တိုင်ပေ)တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၆ ဦးထပ်မံတွေ့ရှိသည့်အတွက် စုစုပေါင်း ရောဂါကူးစက်ခံရသူအရေအတွက် ၂၈၃ ဦးရှိလာခဲ့သည်။

အသစ်ထပ်မံတွေ့ရှိသည့် လူနာများအနက် ၁၄ ဦးသည် အမေရိကန်၊ ဗြိတိန်၊ စပိန်၊ ဩစတြေးလျနှင့် ဖိလစ်ပိုင်နိုင်ငံများသို့ ခရီးသွားခဲ့သူများဖြစ်သည်။ ကျန်နှစ်ဦးမှာ ပထမဆုံးရောဂါတွေ့ရှိသူများနှင့် ထိတွေ့ဆက်ဆံခဲ့သူများဖြစ်သည်။

ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၂၄၁ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်ရောက်လာသူများဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူ နှစ်ဦးသေဆုံးခဲ့ပြီး လူနာ ၃၀ ခန့်မှာ ကျန်းမာရေးပြန်လည်ကောင်းမွန်လာပြီဖြစ်သည်။

**မလေးရှားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ ၂၇ ဦးရှိလာ**

မလေးရှားနိုင်ငံတွင် မတ် ၂၈ ရက်ဆေးမှတ်တမ်းများအရ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ ၂၇ ဦးရှိပြီး ကူးစက်ခံရသူ ၁၅၉ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် စုစုပေါင်း ရောဂါကူးစက်ခံရသူ ၂၃၂၀ ရှိကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ရောဂါကူးစက်ခံရသူများအနက် ၇၃ ဦးသည် ဆိုးရွားသောအခြေအနေတွင်ရှိပြီး ၅၄ ဦးမှာ အသက်ရှူစက်ကိရိယာများ လိုအပ်နေသည်ဟု ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နိုးရာဟစ်ဟမ် အဒူလာက ပြောကြားခဲ့သည်။

ကွာလာလမ်ပူမြို့တော်၊ ဆီလန်ဂါပြည်နယ်နှင့် ဂျိုဟော်တောင်ပိုင်းပြည်နယ်များသည် နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှု အမြင့်မားဆုံးဒေသများဖြစ်သည်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုကာကွယ်ရေးလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မတ် ၁၈ ရက်မှ ဧပြီ ၁၄ ရက်အထိ ဈေးဆိုင်များ၊ စာသင်ကျောင်းများနှင့် ခရီးသွားလာမှုများ ပိတ်ပင်ထားမည်ဖြစ်ကြောင်း သိရသည်။

**ဖိလစ်ပိုင်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၀၀ ကျော်ရှိလာ**

မတ် ၂၈ ရက်တစ်ရက်တည်းတွင် ဖိလစ်ပိုင်နိုင်ငံ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၂၇၂ ဦးထပ်မံတွေ့ရှိခဲ့သည့်အတွက် ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၀၇၅ ဦးရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ပြောကြားခဲ့သည်။

မတ် ၂၈ ရက် ဆေးမှတ်တမ်းများအရ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ ၆၈ ဦးထပ်မံသေဆုံးခဲ့ပြီး ၃၅ ဦး ကျန်းမာရေးကောင်းမွန်လာကြောင်း သိရသည်။

**အင်ဒိုနီးရှားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ ၁၀၀ ကျော်ရှိ**

အင်ဒိုနီးရှားနိုင်ငံတွင် မတ် ၂၈ ရက်ဆေးမှတ်တမ်းများအရ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ ၁၀၂ ဦးရှိလာခဲ့ပြီး ရောဂါကူးစက်ခံရသူ ၁၁၅၅ ဦးရှိကြောင်း အင်ဒိုနီးရှားအစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အာမတ် ယူရီအန်တိုက ပြောကြားခဲ့သည်။

**ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၅၈၅ ဦးရှိ**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မတ် ၂၈ ရက်ဆေးမှတ်တမ်းများအရ ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိသူ ၆၀ ကျော်ထပ်မံတွေ့ရှိသည့်အတွက် စုစုပေါင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၅၈၅ ဦးရှိပြီဖြစ်ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနနှင့် ဒေသန္တရအာဏာပိုင်များက ဆိုသည်။

ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ ၆၃ ဦးရှိပြီး အဆိုပါသေဆုံးသူများတွင် ဒိုင်းမွန်းပရင့်စ်ဇ်မ်ခံသင်္ဘောပေါ်မှ ခရီးသည် ၁၀ ဦးလည်း ပါဝင်ကြောင်း သိရသည်။ ရောဂါကူးစက်ခံလူနာ ၃၄၉ ဦးကျော်ကို တိုကျိုမြို့တွင် စစ်ဆေးတွေ့ရှိခဲ့ရသည်။

**ဘရူနိုင်းဒါရုဆလင်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် ပထမဆုံးသေဆုံး**

ဘရူနိုင်းဒါရုဆလင်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် လူနာတစ်ဦး သေဆုံးခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါသေဆုံးသွားသောလူနာသည် အသက် ၆၄ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ပြီး မတ် ၄ ရက်တွင် ကမ္ဘောဒီးယားနှင့် မလေးရှားနိုင်ငံတို့မှ နိုင်ငံအတွင်းသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်းသိရသည်။

**နယူးဇီလန်နိုင်ငံတွင် အဲနယူးဇီလန် လေကြောင်းဝန်ထမ်းရှစ်ဦး ဗိုင်းရပ်စ်ကူးစက်ခံရ**

မတ် ၂၈ ရက်ဆေးမှတ်တမ်းများအရ နယူးဇီလန်နိုင်ငံ၏ အဲနယူးဇီလန်လေကြောင်းလိုင်းမှ ဝန်ထမ်းရှစ်ဦး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရကြောင်း သိရသည်။ ရောဂါပိုးတွေ့ရှိခဲ့သည့် လေကြောင်းလိုင်းဝန်ထမ်းရှစ်ဦးတို့သည် လော့အိန်ဂျလိစ်နှင့် လန်ဒန်မြို့များသို့ ပြေးဆွဲသော အဲနယူးဇီလန်လေကြောင်းလိုင်းမှ ဝန်ထမ်းများဖြစ်သည်။ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူစုစုပေါင်း ၄၅၁ ဦး ရှိပြီဖြစ်သည်။

**တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ခံရသူ ၉၄၇၈ ဦးရှိလာ**

မတ် ၂၈ ရက်ဆေးမှတ်တမ်းများအရ တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ခံရသူ ၁၄၆ ဦးထပ်မံတွေ့ရှိခဲ့သည့်အတွက် စုစုပေါင်း ရောဂါကူးစက်ခံရသူ ၉၄၇၈ ဦးရှိလာခဲ့ပြီဖြစ်သည်။

ရောဂါကူးစက်မှုကြောင့် ငါးဦးထပ်မံသေဆုံးခဲ့သည့်အတွက် စုစုပေါင်း သေဆုံးသူ ၁၄၄ ဦးရှိလာခဲ့သည်။

**အောင်ကျော်ကျော် – စုစည်းသည်**

# "မတတ်သာ ခပ်ခွာခွာနေပါမှ"

■ ကိုရင်ဩ

ပစ္စက္ခကာလ တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်ကလူပြုနေသော "ကိုရိုနာဗိုင်းရပ်စ်" ပိုးသည် မြင်းမဒန်း ဖောင်းကလွှတ်သလိုပင် ကမ္ဘာအနှံ့ ခြေဆန့်ခရီးနှင်နေဆဲတွင် ယင်းဗိုင်းရပ်စ်ပိုး၏ ဗဟိုချက်သည် ဥရောပတိုက်မှသည် အမေရိကန်ပြည်ထောင်စုသို့ ရွှေ့သွားပြီဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသောအခါ လူသားထုတစ်ရပ်လုံးကို ရမယ်ရှာနေသော "မိစ္ဆာပိုး၏" အော့ကြောလန်စရာကောင်းလှသည့် လုပ်ရပ်များ၏ အကျိုးသက်ရောက်ပုံများကို စေ့ငုလေ့လာမိလေ၏။

လူ့အသိုက်အဝန်းကို အညှာအတာကင်းမဲ့စွာ ရမ်းကားစော်ကားနေသော "ကိုရိုနာဗိုင်းရပ်စ်" သည် အံ့ဖွယ်လိလိဖြစ်ရလောက်အောင်ပင် အကောင်ကြီးကြီး အားကောင်းမောင်းသန်ရောဂါပိုးအဖြစ် တည်ရှိနေဆဲဖြစ်ရကား ကျွန်ုပ်တို့အနေဖြင့် အရေးတကြီး ကျန်းမာရေးကိစ္စနှင့်ပတ်သက်၍ ပေါ့ပေါ့ဆဆ မရှိအပ်ကြချေ။

**တစ်နေ့တစ်မျိုး မရိုးရလေအောင်**

"ကိုရိုနာဗိုင်းရပ်စ်" က ရုတ်ခနဲလှုပ်ခါချလိုက်သော ကမ္ဘာ့သတင်းများက တစ်နေ့တစ်မျိုး မရိုးရလေအောင် နှိုးဆွလျက်ရှိနေပြီး အဆက်မပြတ် တရစပ်ဖြစ်ပေါ်နေသော သတင်းဂယက် ရေစီးကြောင်းထဲ ကျွန်ုပ် ယက်ကန်ယက်ကန်မျောပါရင်း သတင်းဖြစ်စဉ်များပေါ်မှ သင်ခန်းစာများနှိုက်ယူနိုင်ရန် အာရုံစူးစိုက်စွာ ရှိနေလေ၏။

အဟုန်ပြင်းစွာ ရိုက်ခတ်နေဆဲ၊ ဘေးရန်ပြုနေဆဲ "ကိုရိုနာဗိုင်းရပ်စ်" ကြောင့် ကမ္ဘာ့လူဦးရေ ၇ ဒသမ ၈ ဘီလီယံ၏ သုံးပုံတစ်ပုံအရေအတွက်ရှိ လူသားတို့မှာ ကျန်းမာရေးအရ အနေအထိုင်၊ အသွားအလာ ထိန်းချုပ်ကန့်သတ်ခံထားရကြောင်း သတင်းတစ်ပုဒ်တွင် ဖော်ပြထား၏။

"ကိုရိုနာဗိုင်းရပ်စ်" ကို ပျံ့နှံ့မှု နှေးကွေးတုံ့ဆိုင်းသွားစေရန် ရည်ရွယ်လျက် ကမ္ဘာအနှံ့တွင် "ကျန်းမာရေးအရ ခြေချုပ်ချခြင်း" ကို မလွှဲမရှောင်သာ ပြုလုပ်လာရပေရာ လူမှုရေးဘဝကိုသာမက စီးပွားရေးဘဝကိုပါ ထိခိုက်ရပြီးလျှင် "စိတ်ကျန်းမာရေး" ကို သတိထားကြဖို့ ကျန်းမာရေးပါရဂူများက နှိုးဆော်လျက်ရှိကြသည်။

အီတလီနိုင်ငံ၌ "ကိုရိုနာဗိုင်းရပ်စ်" ကြောင့် သေဆုံးသူဦးရေ လေးရက်ဆက်တိုက် နှေးကွေးသွားသော်လည်း ဥရောပတိုက်တွင် ဒုတိယမြောက် ဘေးဥပဒ်အဆင့်အခံရဆုံး စပိန်နိုင်ငံတွင် ၂၄ နာရီအတွင်း သေဆုံးသူ ၇၈၅ ဦး အထိ မြင့်တက်သွားသည်ဟု မတ် ၂၆ ရက် အခြေပြစာရင်းအရ ကျွန်ုပ်လေ့လာမှတ်သားရ၏။ စပိန်နိုင်ငံ၌ ဧပြီ ၁၁ ရက်အထိ "အရေးပေါ်အခြေအနေ" ကြေညာရန် လွှတ်တော်က မဲခွဲဆုံးဖြတ်ခဲ့၏။

မတ် ၂၇ ရက် အရောက်တွင်မူ "ကိုရိုနာဗိုင်းရပ်စ်" သည် "အမေရိကန်ဗိုင်းရပ်စ်" ဖြစ်လာပြီဟု အမေရိကန်မီဒီယာများက စကားလုံးတွင် အရောင်အသွေးထည့်၍ ရေးဖွဲ့သီကျူးလာကြလေသော် အမေရိကန်ပြည်ထောင်စုတည်းဟူသော မဟာအင်အားကြီးနိုင်ငံကြီး ရင်ဆိုင်ကြုံတွေ့နေရသော ကျန်းမာရေးပြဿနာ၏ အတိုင်းအရှည်ကို ကျွန်ုပ်ချင့်ထောက်မိပြန်သည်။

**မညှာမတာ အပြစ်တင်စကားဆို**

အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံတစ်နိုင်ငံနှင့်မဟူ နှိုင်းယှဉ်ပါက "ကိုရိုနာဗိုင်းရပ်စ်" ကူးစက်ခံရသူဦးရေ အမြင့်ဆုံးရှိလာသော နိုင်ငံဖြစ်သည်ဟု နယူးယောက်တိုင်းမ်သတင်းစာကြီးက ရေးသားဖော်ပြသည်။ "ကမ္ဘာ့ကပ်ရောဂါ" ဘေးဆိုးကြီးအား တုံ့ပြန်နိုင်မှု စွမ်းပကားနည်းပါးရမှုအတွက် အစိုးရမင်းများကို မညှာမတာ အပြစ်တင်စကားဆိုသူက ဆိုကြသည်။

"ကိုရိုနာဗိုင်းရပ်စ်" ဗဟိုချက်ပြုရာအရပ်သည် အမေရိကန်ပြည်ထောင်စုဖြစ်လာပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာဖွယ်ရှိသည်ဟု ဆို၏။

ဤတွင်ရွှေ့ကား "ကိုရိုနာဗိုင်းရပ်စ်" ၏ ဘေးအန္တရာယ်သည် "တိမ်မယောင်နှင့်နက်သည့်" အနေအထားကို လှစ်ဟလျက်ရှိသည်ဟုဆိုသော် ကျွန်ုပ် လွန်အံ့မထင်နိုင်ချေ။


Photo Credit: Prokerala

မတ် ၂၈ ရက် အခြေပြစာရင်းအရ အမေရိကန်ပြည်ထောင်စု၌ ကမ္ဘာ့ကပ်ရောဂါကြောင့် သေဆုံးရသူ ဦးရေ ၁၅၈၁ ဦး ရှိခဲ့ပြီဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် "ကိုရိုနာဗိုင်းရပ်စ်" ကူးစက်မှုကြောင့် စီးပွားရေးလုပ်ငန်းများ ဒယိမ်းဒယိုင်ဖြစ်လာကြရပြီး စီးပွားရေးအား ကျားကန်ပေးမည့် အစီအစဉ်တစ်ရပ်ကို အထက်လွှတ်တော်က မတ် ၂၇ ရက်တွင် အတည်ပြုပေးလိုက်ရာ "ချိန်ခါသင့်ကုထုံး" ဟု ကျွန်ုပ်ရှုမြင်မိ၏။

**ကန့်ကွက်သူမရှိ အတည်ပြု**

အမေရိကန် စီးပွားရေးလုပ်ငန်းများနှင့် မိသားစုများအား ကယ်တင်ပေးမည့် ဒေါ်လာ ၂ ထရီလီယံ အရေးပေါ် အကူအညီပေးရေး ဥပဒေကြမ်းကို အထက်လွှတ်တော်တွင် ကန့်ကွက်သူမရှိ အတည်ပြုပေးခဲ့သည်။

အဆိုပါ ဥပဒေကြမ်းကို အောက်လွှတ်တော်က အတည်ပြုပေးခဲ့ပြီး သမ္မတ ဒေါ်နယ်ထရမ့်က မတ် ၂၇ ရက်တွင် လက်မှတ်ရေးထိုးလိုက်ရာ နိုင်ငံသားများ တိုက်ရိုက်အကျိုးကျေးဇူးခံစားရရှိကြပေမည်။

အမေရိကန်ပြည်ထောင်စုတွင် မတ် ၂၈ ရက်က "ကိုရိုနာဗိုင်းရပ်စ်" ကြောင့် သေဆုံးသူဦးရေ ၁၅၈၁ ဦးရှိရာ တရုတ်နိုင်ငံ ၃၂၉၆ဦး နှင့် အီတလီ ၉၁၃၄ ဦးတို့နှင့် နှိုင်းယှဉ်ကြည့်နိုင်ကြောင်း အမေရိကန် ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်၏ လေ့လာချက်တွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့သည် ရောဂါကူးစက်မှုအများဆုံး မြို့ကြီးတစ်မြို့ဖြစ်ပြီး မတ် ၂၆ ရက်က ၂၄ နာရီအတွင်း "ကိုရိုနာဗိုင်းရပ်စ်" ကြောင့် သေဆုံးသူ ၁၀၀ ရှိခဲ့သည်ဆို၏။

အီတလီနှင့် စပိန်နိုင်ငံတို့မှာလည်း ကိုဗစ်-၁၉ ဗိုင်းရပ်စ် ရောဂါကြောင့် သေဆုံးသူဦးရေ စံချိန်တင် မြင့်တက်ခဲ့သည်။ မတ်၂၈ ရက်အခြေပြစာရင်းအရ အီတလီတွင် ရောဂါကူးစက်ခံရသူ ၈၆၄၉၈ ဦး၊ သေဆုံးသူ ၉၁၃၄ ဦး၊ စပိန်တွင် ရောဂါကူးစက်ခံရသူ ၆၅၇၁၉ ဦးနှင့် သေဆုံးသူ ၅၁၃၈ ဦးတို့ အသီးသီးရှိခဲ့လေသည်။

ဂျာမနီ၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့မှာလည်း ကပ်ရောဂါပိုး စွဲကပ်ခံရသူဦးရေနှင့် သေဆုံးသူဦးရေ တလိမ့်လိမ့် တရိပ်ရိပ် မြင့်တက်ခဲ့သည်။

ဥရောပတစ်တိုက်လုံးတွင် ရောဂါကူးစက်ခံရသူဦးရေ ၃၀၀၀၀၀ ကျော်ရှိနေပြီး ကပ်ရောဂါတိုက်ဖျက်ရေး စွမ်းစွမ်းတမံ ဆောင်ရွက်နေသော ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် ပင်မကျန် ရောဂါကူးစက်မှုခံခဲ့ရသည် ဆို၏။

"ကိုရိုနာဗိုင်းရပ်စ်" အရေး စိတ်မအေးရသော ဒေသများအနက် အရှေ့အလယ်ပိုင်းဒေသပါဝင်ပြီး အီရန်တွင် ရောဂါပိုးကူးစက်ခံရသူ ၃၂၃၃၂ ဦး၊ သေဆုံးသူ ၂၃၇၈ ဦး (မတ် ၂၈ ရက်)ရှိသည်။ တူနီးရှား၊ လက်ဘနွန်၊ အိုမန်နှင့် ကူဝိတ်တို့တွင်လည်း ရောဂါကူးစက်မှုများကို ဆက်တိုက်တွေ့မြင်လာရသည်။

**ကျားမြီးဆွဲထားရဘိသကဲ့သို့**

ကျွန်ုပ်တို့၏ အာရှဒေသသည်လည်း "ကိုရိုနာဗိုင်းရပ်စ်" တိုက်ဖျက်ရေးလုပ်ငန်းကို ကျားမြီးဆွဲထားရဘိသကဲ့သို့ မလျှော့တမ်း၊ မနားတမ်း စွမ်းဆောင်ကြိုးပမ်းနေကြရဆဲဖြစ်၏။ ကမ္ဘာ့ကပ်ရောဂါဘေးဆိုးကြီးထဲ "ကျီးကန်းတောင်းမှောက်" ကြည့်နေကြရဆဲဖြစ်၏။

တရုတ်နိုင်ငံသည် နိုင်ငံအတွင်းသို့ နိုင်ငံခြားသားများဝင်ရောက်မှုအားလုံးကို ပိတ်ပင်ထားပြီး နိုင်ငံတကာလေကြောင်းခရီးစဉ်များကို အရေအတွက် လျှော့ချခြင်း၊ လေယာဉ်ဖြင့်လိုက်ပါသူ ခရီးသည်ဦးရေကို ၇၅ ရာခိုင်နှုန်းအထိလျှော့ချခြင်း စသည်ဖြင့် ရောဂါကာကွယ်ရေးအစီအမံများကို အပူတပြင်း ကိုင်တွယ်ဆောင်ရွက်လျက်ရှိသည်။

လတ်တလောတွင် တရုတ်အစိုးရ၏ ဦးတည်ချက်မှာ ရောဂါကူးစက်မှု "ဒုတိယလှိုင်း" မှ ကျော်လွှား လွန်မြောက်ရေးပင် ဖြစ်သည်။

သို့ရာတွင် "ကိုရိုနာဗိုင်းရပ်စ်" ဘေးဆိုးကြီးနှင့်ပတ်သက်၍ ခါးသီးသော အတွေ့အကြုံများ ရရှိခဲ့သော လူဦးရေ ၁၁ သန်းရှိ ဝူဟန်မြို့မှာ မတ် ၂၈ ရက်တွင် ခရီးသွားလာခွင့် ကန့်သတ်ချက်များကို လျှော့ချပေးနိုင်ခဲ့ရာ နှစ်လကျော်ကြာမျှ အထီးကျန်စွာ ရှိနေခဲ့သော မြို့ကြီးမှာ တစ်စိတ်တစ်ဒေသ စိတ်သက်သာမှုရခဲ့ကြပေပြီ။

မည်သို့ပင်ဖြစ်စေ တရုတ်၊ တောင်ကိုရီးယားနှင့် စင်ကာပူနိုင်ငံတို့မှာ ကိုရိုနာဗိုင်းရပ်စ် ဒုတိယလှိုင်း ရိုက်ပုတ်မှုနှင့် ရင်ဆိုင်နေကြရပေသည်။

၂၀၂၀ တိုကျို အိုလံပစ်ပွဲတော် ကျင်းပခြင်းကို ဆိုင်းငံ့ထားလိုက်ရသည့် ဂျပန်နိုင်ငံတွင် မတ် ၂၈ ရက်က ရောဂါကူးစက်မှု ပြန်လည်မြင့်တက်လာခဲ့ပြီး မြို့တော်တိုကျိုတွင် တစ်ရက်တာကာလအတွင်း လူပေါင်း ၆၀ ကျော် ရောဂါကူးစက်ခံခဲ့ရကာ အိမ်နီးချင်း ချီဘာစီရင်စုတွင်လည်း ရောဂါကူးစက်မှု တိုးပွားခဲ့သည်။

"ကိုရိုနာဗိုင်းရပ်စ်" ကမ္ဘာ့ကပ်ရောဂါကို တိုက်ဖျက်ရာတွင် လူတစ်ဦးနှင့်တစ်ဦး သတ်မှတ်အကွာအဝေးအကြား ခပ်ခွာခွာလေးနေကြရန်မှာ အထူးအရေးကြီးလှကြောင်း ကျန်းမာရေးပါရဂူများက အကြံပြုထားသည်။ ခပ်ခွာခွာနေထိုင်ခြင်း(Social Distancing)၊ အသွားအလာကန့်သတ်ကာ စောင့်ကြပ်ကြည့်ရှုခြင်း (Quarantine)၊ သီးသန့်ခွဲထုတ်ထားခြင်း (Isolation) တို့သည် ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရေးအတွက် အထူးအရေးကြီးပုံကို တွေးတောမိရင်း "မတတ်သာ ခပ်ခွာခွာနေပါမှ" ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

"ကိုရိုနာဗိုင်းရပ်စ်" ကမ္ဘာ့ကပ်ရောဂါကို တိုက်ဖျက်ရာတွင် လူတစ်ဦးနှင့်တစ်ဦး သတ်မှတ်အကွာ အဝေးအကြား ခပ်ခွာခွာလေး နေကြရန်မှာ အထူးအရေးကြီး လှကြောင်း ကျန်းမာရေး ပါရဂူများက အကြံပြုထားသည်။

**Reference**
**COVID–19 News Updates**

# ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်ရန် တစ်နှစ်ခွဲအထိ ကြာမြင့်နိုင်ဟု WHO အကြီးအကဲပြော

**ဂျီနီဗာ မတ် ၂၈**

ကိုရိုနာဗိုင်းရပ်စ် ရောဂါကာကွယ်ဆေးထုတ်လုပ်ရန် အနည်းဆုံးတစ်နှစ်မှ တစ်နှစ်ခွဲအထိကြာမြင့်မည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အကြီးအကဲက ပြောကြားလိုက်သည်။

"ကမ္ဘာတစ်ဝန်းအတည်ပြုထားတဲ့ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ၅၀၀၀၀၀ ကျော်ရှိပြီး သေဆုံးသူ ၂၀၀၀၀ ကျော်ရှိတယ်"ဟု WHO ညွှန်ကြားရေးမှူးချုပ် တီဒရို့စ်အဒါနွမ် ဂီဘရီဆပ်စ်က မတ် ၂၇ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ သတင်းထောက်များသို့ ပြောကြားခဲ့သည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအရေအတွက်မှာ ကြောက်မက်ဖွယ်ရာဖြစ်ကြောင်း ၎င်းကပြောသည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်ရန် တစ်နှစ်မှ တစ်နှစ်ခွဲအထိ ကြာမြင့်မည်ဟု တီဒရို့စ်က ပြောကြားလိုက်ပြီး အဆိုပါဗိုင်းရပ်စ်ကို အထောက်အထားမရှိသော ရောဂါကုထုံးများဖြင့် ကုသမှုမပြုလုပ်ကြရန် WHO က လူပုဂ္ဂိုလ်များ၊ ကမ္ဘာ့တိုင်းပြည်များသို့ ပန်ကြားထားသည်။

**ပြည်သူများသို့ တိုက်တွန်း**

လူငယ်အများစုတွင် သာမန်ရောဂါလက္ခဏာများပြသော်လည်း အချို့မှာ ဆိုးရွားစွာဖျားနာခြင်း သို့မဟုတ် သေဆုံးခြင်းများ ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်ဟု WHO အရေးပေါ်အစီအစဉ်၏ နည်းပညာဆိုင်ရာ ခေါင်းဆောင် မာရီယာဗန်ခတ်ခ်ခိုဗီက ပြောသည်။

လက်သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ တားဆီးကာကွယ်ရေး အခန်း ကဏ္ဍတွင် အတူပူးပေါင်းပါဝင်ကြရန် ၎င်းက ပြည်သူများသို့ တိုက်တွန်းခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**



# နယူးယောက်မြို့၌ ကျန်းမာရေးဝန်ထမ်းများ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများ လိုအပ်နေ




**နယူးယောက် မတ် ၂၈**

ကိုရိုနာဗိုင်းရပ်စ် အဓိကဖြစ်ပွားရာဒေသဖြစ်သည့် နယူးယောက်မြို့တွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများမြင့်တက်နေသဖြင့် ကျန်းမာရေးဝန်ထမ်းများသည် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများ အမှန်တကယ်လိုအပ်နေပြီး ၎င်းတို့၏ ကျန်းမာရေးကိုပင် စိုးရိမ်မှုများ မြင့်တက်နေသည်။

**စွန့်စားကာဆောင်ရွက်နေ**

ဆရာဝန်များနှင့် သူနာပြုများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသော လူနာများအား အချိန်နှင့်တစ်ပြေးညီ ပြုစုစောင့်ရှောက်လျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါတိုက်ဖျက်ရေးတွင် ၎င်းတို့၏ အသက်နှင့်ရင်း၍ စွန့်စားကာဆောင်ရွက်နေသည်။ အမေရိကန်ပြည်ထောင်စုသည် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားရာ ဗဟိုချက်နေရာဖြစ်လာပြီး အတည်ပြုကူးစက်မှု ၁၀၀၀၀၀ အထိရှိလာကာ လူပေါင်း ၁၅၀၀ မှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးခဲ့ရသည်။ မန်ဟက်တန်ဆေးရုံရှိ အမျိုးသားသူနာပြု ကြီးကြပ်ရေးမှူး ကေ့ဗ်စ်ကယ်လီမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရပြီး သေဆုံးခဲ့သည်။ "ဒီလိုသေဆုံးတာဟာ တော်တော်ဆိုးရွားတဲ့ကိစ္စဖြစ်ပါတယ်"ဟု နယူးယောက်ဆေးရုံမှ စိတ်ရောဂါကုဆရာဝန်တစ်ဦးဖြစ်သူ အင်ဒရူးက ပြောကြားသည်။ အင်ဒရူးမှာလည်း သူ၏နေအိမ်တွင် အသွားအလာကန့်သတ်ပြီး စောင့်ကြည့်ခြင်းခံနေရသည်။

"ဆေးရုံထဲမှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာဝန်တွေ၊ သူနာပြုတွေ၊ အထောက်အကူပြုဝန်ထမ်းတွေစတဲ့ ရောဂါကူးစက်ဖို့ အခွင့်အလမ်းများတဲ့သူတွေအတွက် ရောဂါကာကွယ်ရေးဝတ်စုံတွေ၊ ရောဂါစမ်းသပ်မှုတွေ၊ ငွေကြေးတွေ ဘာတစ်ခုမှလုံလုံလောက်လောက်မရှိပါဘူး"ဟု အင်ဒရူးက ပြောကြားသည်။

ဒိုယာနာတော်ရီအမည်ရှိဆေးရုံ၏ပြန်လည်ထူထောင်ရေးဌာနတွင် အလုပ်လုပ်ကိုင်သော ကလေးသုံးဦး၏ မိခင်က ဆေးရုံ၏ ယူနစ်များမှာ ကိုရိုနာဗိုင်းရပ်စ် လူနာများဖြင့် ပြည့်နှက်နေသည်ဟု ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**

## အသက်ရှူစက် အများအပြားထုတ်လုပ်ရန် သမ္မတထရမ့်က ဂျင်နရယ်မော်တာကားကုမ္ပဏီကို တောင်းဆိုထား

**ဝါရှင်တန် မတ် ၂၈**

အမေရိကန်ပြည်ထောင်စုအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုနှုန်း မြင့်တက်လာသည့်အတွက် ဂျင်နရယ်မော်တာ ကားထုတ်လုပ်ရေး ကုမ္ပဏီကို အသက်ရှူစက်အများအပြား ထုတ်လုပ်ရန် သမ္မတထရမ့်က တောင်းဆိုခဲ့သည်။

နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံလူနာများအသုံးပြုရန် လေသန့်စက်အများအပြားလိုအပ်လျက်ရှိသည်။ ထို့ကြောင့် နှစ်ပေါင်းခုနစ်ဆယ်အကြာက ပြဋ္ဌာန်းခဲ့သော အရေးပေါ်ကာကွယ်ရေး ထုတ်လုပ်မှုအက်ဥပဒေအရ ဂျင်နရယ်မော်တာကားထုတ်လုပ်ရေးကုမ္ပဏီကို သမ္မတထရမ့်က အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ယင်းဥပဒေတွင် ပြည်သူများ၏ အသက်နှင့်စည်းစိမ်ကို ကာကွယ်မှုပြုရန် လိုအပ်လာပါက နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းအဖွဲ့များကို လိုအပ်သည့် ထုတ်ကုန်များ ပိုမိုထုတ်လုပ်ရန် သမ္မတက ညွှန်ကြားခွင့်ရှိကြောင်း သိရသည်။

အဆိုပါအက်ဥပဒေကို ကိုရီးယားစစ်ပွဲကာလ ၁၉၅၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံ၌ စတင်ပြဋ္ဌာန်းခဲ့သည်။

အသက်ရှူစက်များကို လိုသလောက် ထုတ်လုပ်ပေးမည်ဖြစ်ကြောင်း ဂျင်နရယ်မော်တာကားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ တစ်လလျှင် အသက်ရှူစက်ပေါင်း တစ်သောင်းကျော် ထုတ်လုပ်ပေးမည်ဖြစ်ပြီး ဧပြီလတွင် ပထမဆုံး စတင်ထုတ်လုပ်ပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# အီတလီတွင် ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ဆရာဝန် ၄၄ ဦး အပါအဝင် လူ ၁၀၀၀ နီးပါး ထပ်မံသေဆုံး

**ရောမ မတ် ၂၈**

အီတလီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် တစ်ရက်အတွင်း ဆရာဝန် ၄၄ ဦးအပါအဝင် လူ ၉၆၉ ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူအရေအတွက်မှာ ၉၁၃၄ ဦးအထိ မြင့်တက်လာခဲ့ပြီဟု သိရသည်။



ယခုသေဆုံးမှုနှုန်းမှာ ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားပြီး နောက်ပိုင်း ကမ္ဘာပေါ်တွင် တစ်ရက်အတွင်း အမြင့်ဆုံးသေဆုံးမှုနှုန်း ဖြစ်လာခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကူးစက်မှုအရေအတွက် အနည်းငယ်လျော့နည်းသွားမှုကို အီတလီနိုင်ငံ မြောက်ပိုင်းရှိ ဆရာဝန်များ၊ သူနာပြုများက ကြိုဆိုခဲ့ကြသော်လည်း အဆိုပါဗိုင်းရပ်စ်သည် တိုင်းပြည်တောင်ပိုင်းသို့ ပျံ့နှံ့သွားမည်ကို စိုးရိမ်နေကြသည်။ တရားဝင်ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ၈၆၄၉၈ ရှိသည့် အီတလီနိုင်ငံ၏ အမှန်တကယ် ကူးစက်မှုအရေအတွက်မှာ ငါးဆအထိရှိနိုင်သည်ဟု ရောဂါပိုးမွှားဗေဒပညာရှင်များက သတိပေးခဲ့သည်။

ကျန်းမာရေးလုပ်သား ၆၅၀၀ နီးပါး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရပြီး အီတလီနိုင်ငံမှာ တရုတ်နိုင်ငံကို ကျော်ဖြတ်ကာ အမေရိကန်နိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဒုတိယအများဆုံးတိုင်းပြည်ဖြစ်လာခဲ့သည်။ အမေရိကန်၊ အီတလီနှင့် တရုတ်နိုင်ငံတို့ရှိ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများမှာ ကမ္ဘာ့တိုင်းပြည်များရှိ စုစုပေါင်း ကူးစက်မှု ၅၄၀၀၀၀ ၏ ၄၆ ရာခိုင်နှုန်းအထိရှိနေသည်။

သို့သော်လည်း ဥရောပတိုက်၏ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုဖြစ်ပွားရာ အဓိကနေရာအဖြစ် ရှုမြင်ခြင်းခံရသည့် အီတလီနိုင်ငံမှာ အဆိုပါရောဂါကြောင့် ကမ္ဘာပေါ်တွင် သေဆုံးမှု အများဆုံးတိုင်းပြည် ဖြစ်လာခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# အိန္ဒိယတွင် ကိုဗစ်ရောဂါကြောင့် ၁၉ ဦးသေဆုံး၊ ရောဂါကူးစက်ခံရသူ ၈၇၃ ဦးရှိလာ

**နယူးဒေလီ မတ် ၂၈**

ယမန်နေ့က အိန္ဒိယနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်(COVID-19)ရောဂါကြောင့် သေဆုံးသူ ၁၇ ဦးနှင့် ရောဂါကူးစက်ခံရသူ ၇၂၄ ဦးသာရှိရာ ယနေ့တွင် သေဆုံးသူ ၁၉ ဦးနှင့် ရောဂါကူးစက်ခံရသူ ၈၇၃ ဦးအထိ ရှိလာခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

COVID-19 ရောဂါကြောင့် မဟာရာ့ရှ်ထရာပြည်နယ်နှင့် မာဒရာပြည်နယ်တို့တွင် လူနာတစ်ဦးစီ ယနေ့ထပ်မံသေဆုံးခဲ့ပြီးနောက် အိန္ဒိယနိုင်ငံတွင် သေဆုံးသူ ၁၉ ဦးရှိလာပြီး ရောဂါကူးစက်ခံရသူဟု အတည်ပြုထားသော လူနာ ၈၇၃ ဦးရှိလာကြောင်း၊ ရောဂါကူးစက်ခံရသူများအနက် ၈၂၆ ဦးသည် အိန္ဒိယနိုင်ငံသားများဖြစ်ပြီး ကျန် ၄၇ ဦးသည် နိုင်ငံခြားသားများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ သို့သော် ရောဂါကူးစက်ခံရသူများအနက် လူနာ ၇၉ ဦးသည် ၎င်းတို့၏ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသောကြောင့် ဆေးရုံမှ ပြန်ဆင်းသွားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံရှိ COVID-19 ရောဂါကူးစက်မှုနှုန်း အများဆုံးပြည်နယ်မှာ မဟာရာ့ရှ်ထရာပြည်နယ်ဖြစ်ပြီး ဒုတိယအများဆုံးမှာ ကယ်ရားလားပြည်နယ်ဖြစ်သည်။ မဟာရာ့ရှ်ထရာပြည်နယ်တွင် ဒေသခံပြည်သူ ၁၇၇ ဦးနှင့် နိုင်ငံခြားသားသုံးဦးအပါအဝင် လူ ၁၈၀ ခန့်ရောဂါကူးစက်ခံရပြီး ကယ်ရားလားပြည်နယ်တွင် ဒေသခံပြည်သူ ၁၆၅ ဦးနှင့် နိုင်ငံခြားသား ရှစ်ဦးအပါဝင် လူ ၁၇၃ ဦး ရောဂါကူးစက်ခံရကြောင်း သိရသည်။

မဟာရာ့ရှ်ထရာပြည်နယ်တွင် COVID-19 ရောဂါကြောင့် လူငါးဦး သေဆုံးခဲ့ပြီး အိန္ဒိယပြည်နယ်များအနက် သေဆုံးမှုနှုန်း အများဆုံးဖြစ်လာခဲ့သည်။ ထို့အတူ ယင်းရောဂါကြောင့် ဂူဂျာရတ်ပြည်နယ်တွင် သုံးဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယအစိုးရသည် COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်သည့်အနေဖြင့် ၂၁ ရက်အတွင်း အပြင်မထွက်ရ စီမံချက် တစ်ရပ်ကို မတ် ၂၅ ရက်က ထုတ်ပြန်ကြေညာလိုက်သည်။ ယင်းစီမံချက်အရ မရှိမဖြစ်လိုအပ်သော လုပ်ငန်းများမှအပ ကား၊ ရထားနှင့် လေယာဉ်ခရီးစဉ်အားလုံးကို ရပ်ဆိုင်းထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**

# ကမ္ဘာ့စီးပွားရေးကို ထိခိုက်မည့် COVID–19

ကျော်ကျော်လှိုင် (SMART)

၂၀၂၀ ပြည့်နှစ် မတ်လ ၁၀ ရက်နေ့က COVID– 19 ကူးစက်ခံရသူ ကမ္ဘာပေါ်မှာ ၁၁၅၀၀၀ ဦး ရှိခဲ့ပေမယ့် မတ်လ ၂၇ ရက်နေ့မှာတော့ COVID– 19 ကူးစက်ခံရသူက ၅၃၂၂၆၃ ဦး ရှိလာပါတယ်။ ၁၇ ရက်အတွင်းမှာ ငါးဆနီးပါး တက်သွားတဲ့သဘောပါ။ တရုတ်နိုင်ငံမှာ ၂၀၁၉ ခုနှစ်ကုန်ပိုင်းလောက်မှာ စတင်ဖြစ်ပေါ်ခဲ့သော်လည်း ယနေ့အချိန်မှာ အမေရိကန်ပြည်ထောင်စုက ကူးစက်ခံထားရသူ ၈၅၅၉၄ ဦးနှင့် ကမ္ဘာပေါ်မှာ အများဆုံးဖြစ်နေပါပြီ။ COVID –19 ကြောင့် သေဆုံးသူဦးရေ အများဆုံးကတော့ အီတလီနိုင်ငံဖြစ်ပြီး ၈၂၁၅ ဦး သေဆုံးခဲ့ပါပြီ။ လူတိုင်းလိုလိုက COVID – 19 ကြောင့် ကမ္ဘာ့စီးပွားရေးကို ထိခိုက်မည်ဆိုတာ သိနေပါပြီ။

**စီးပွားရေးကို ဘယ်လောက်ထိခိုက်မှာလဲ**


နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံ စီးပွားရေးထိခိုက်မှု အတိုင်းအတာက ဗိုင်းရပ်စ်ကို ဘယ်လောက်မြန်မြန် ထိန်းချုပ်နိုင်သလဲ၊ ဒီလိုထိန်းချုပ်နိုင်ရန် အစိုးရက လုပ်ဆောင်သင့်သည်တို့ကို ဘယ်လောက်မြန်မြန် လုပ်ဆောင်သလဲ၊ ကပ်ရောဂါကြောင့် ချက်ချင်းထိခိုက်လာတဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ ကပ်ရောဂါကို ကျော်လွှားပြီးနောက်ပိုင်း အစိုးရက စီးပွားရေးလုပ်ငန်းတွေအပေါ်မှာ ဘယ်အတိုင်းအတာထိ ပံ့ပိုးသလဲဆိုတာပေါ်မှာ မူတည်မယ်လို့ ပညာရှင်တွေက ပြောကြပါတယ်။

COVID– 19 ကြောင့် တရုတ်နိုင်ငံမှာ မျှော်မှန်းထားသည်ထက် စီးပွားရေးက ကျဆင်းခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေက ဖေဖော်ဝါရီလမှာ စံချိန်တင် ကျဆင်းခဲ့ပါတယ်။ ကားရောင်းအားက ၈၀ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလမှာ ပို့ကုန် ၁၇ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ သိသိသာသာ ကျဆင်းခဲ့တဲ့ လေထုညစ်ညမ်းမှု အညွှန်းကိန်းများက စီးပွားရေးကျဆင်းမှုနဲ့ တိုက်ရိုက်ဆက်စပ်နေပါတယ်။ ၂၀၂၀ ပြည့်နှစ်အတွက် တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို စီးပွားရေး လေ့လာသူများက မူလခန့်မှန်းထားတာထက် အများကြီး လျှော့ချပြင်ဆင်ခန့်မှန်းလာပါတယ်။ ၁၉၉၂ ခုနှစ်မှစပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကမ္ဘာက သိအောင် တရုတ်နိုင်ငံက သုံးလတစ်ခါ ထုတ်ပြန်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် ပထမသုံးလကတော့ ၂၈ နှစ်ကာလမှာ တရုတ်နိုင်ငံရဲ့ ပထမဦးဆုံး စီးပွားရေးကျဆင်းတဲ့ သုံးလဖြစ်မယ်လို့ ပညာရှင်များက ပြောနေပါတယ်။ တရုတ်နိုင်ငံမှာ COVID– 19 အသစ်ကူးစက်မှုမရှိအောင် ထိန်းချုပ်နိုင်ပြီဖြစ်သော်လည်း ကုန်သွယ်ဖက်နိုင်ငံတွေက COVID– 19 ဒဏ်ကို ခံနေရဆဲဖြစ်လို့ တရုတ်နိုင်ငံရဲ့ စီးပွားရေး နာလန်ထူဖို့က ခက်ခဲနေဦးမှာ ဖြစ်ပါတယ်။

ဥရောပမှာ COVID – 19 အရှိန်တက်နေချိန်က ဘာမှမဖြစ်သလိုနေခဲ့တဲ့ အမေရိကန်ပြည်ထောင်စုဟာ ယနေ့အချိန်မှာ COVID – 19 ကူးစက်ခံရသူ အများဆုံးနိုင်ငံ ဖြစ်နေပါပြီ။ အမေရိကန်ပြည်ထောင်စုရဲ့စီးပွားရေးကျဆင်းမှုကို ၂၀၂၀ ပြည့်နှစ်ရဲ့ ဒုတိယ သုံးလပတ်မှာ မြင်ရတော့မှာပါ။ တရုတ်နိုင်ငံရဲ့ အကြီးဆုံးကုန်သွယ်မှုနိုင်ငံက အမေရိကန်ပြည်ထောင်စုဖြစ်နေတဲ့အတွက် တရုတ်နိုင်ငံရဲ့ စီးပွားရေးနာလန်ထူဖို့ ၂၀၂၀ ပြည့်နှစ် ဒုတိယသုံးလပတ်မှာ ခက်ခဲနေဦးမှာပါ။ ၂၀၂၀ ပြည့်နှစ်မှာ ကမ္ဘာ့ဂျီဒီပီတိုးတက်နှုန်းက COVID – 19 ကြောင့် မူလခန့်မှန်းထားတဲ့ ၂ ဒသမ ၉ ကနေ ၂ ဒသမ ၄ ကို ကျဆင်းသွားမယ်လို့ ပညာရှင်တွေက ခန့်မှန်းပါတယ်။ ကမ္ဘာ့ဂျီဒီပီက အမေရိကန်ဒေါ်လာ ၈၈၀၀၀ ဘီလီယံကျော် ရှိပါတယ်။ ဂျီဒီပီတိုးတက်နှုန်း ၂ ဒသမ ၉ ကနေ ၂ ဒသမ ၄ ကို ကျဆင်းရင် သုည ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းတာပါ။ သုည ဒသမ ၅ ရာခိုင်နှုန်းက အမေရိကန်ဒေါ်လာ ၈၈၀ ဘီလီယံကျော် ရှိပါတယ်။ Bloomberg စီးပွားရေးပညာရှင်များကတော့ ကပ်ရောဂါကို မထိန်းချုပ်နိုင်ရင် ကမ္ဘာ့ဂျီဒီပီ တိုးတက်နှုန်းက သုညဖြစ်နိုင်တယ်လို့ ဆိုပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အထောက်အကူပြုတဲ့ ကမ္ဘာ့ကုလသမဂ္ဂ စီမံကိန်းတွေ ငါးရာခိုင်နှုန်းကနေ ၁၅ ရာခိုင်နှုန်းထိ လျော့ဆင်းသွားနိုင်ပါတယ်။ ၂၀၁၈–၂၀၁၉ ကမ္ဘာ့စီးပွားရေးကပ်ဆိုက်တဲ့ အခြေအနေလို ပြန်ဖြစ်နိုင်တယ်လို့ ပညာရှင်တွေက ဆိုပါတယ်။

> **၂၀၂၀ ပြည့်နှစ်မှာ ကမ္ဘာ့ဂျီဒီပီတိုးတက်နှုန်းက COVID – 19 ကြောင့် မူလခန့်မှန်းထားတဲ့ ၂ ဒသမ ၉ ကနေ ၂ ဒသမ ၄ ကို ကျဆင်းသွားမယ်လို့ ပညာရှင်တွေက ခန့်မှန်းပါတယ်။ ကမ္ဘာ့ဂျီဒီပီက အမေရိကန်ဒေါ်လာ ၈၈၀၀၀ ဘီလီယံကျော် ရှိပါတယ်။ ဂျီဒီပီ တိုးတက်နှုန်း ၂ ဒသမ ၉ ကနေ ၂ ဒသမ ၄ ကို ကျဆင်းရင် သုည ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းတာပါ။ သုည ဒသမ ၅ ရာခိုင်နှုန်းက အမေရိကန်ဒေါ်လာ ၈၈၀ ဘီလီယံကျော် ရှိပါတယ်။ Bloomberg စီးပွားရေး ပညာရှင်များကတော့ ကပ်ရောဂါကို မထိန်းချုပ်နိုင်ရင် ကမ္ဘာ့ဂျီဒီပီ တိုးတက်နှုန်းက သုညဖြစ်နိုင်တယ်လို့ ဆိုပါတယ်။**




**အများဆုံးထိခိုက်မည့် စီးပွားရေးကဏ္ဍ**

တစ်ယောက်နဲ့ တစ်ယောက် နီးနီးကပ်ကပ်မနေဖို့၊ အိမ်မှာနေဖို့ကို တိုက်တွန်းတာတွေ၊ ကန့်သတ်မှုတွေကြောင့် ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်ကဏ္ဍတွေ အများဆုံးစီးပွားရေး ထိခိုက်မှာပါ။ နိုင်ငံတကာလေကြောင်း ပို့ဆောင်ရေးအဖွဲ့အစည်းက လေကြောင်းလိုင်းတွေ ၂၀၂၀ မှာ အမေရိကန်ဒေါ်လာ ၆၃ ဘီလီယံကနေ ၁၁၃ ဘီလီယံ ဆုံးရှုံးမယ်လို့ ခန့်မှန်းထားပါတယ်။ နိုင်ငံတကာ ရုပ်ရှင်ဈေးကွက်မှာ လက်မှတ်အရောင်းတွေ အမေရိကန်ဒေါ်လာ ငါးဘီလီယံ ဆုံးရှုံးပါမယ်။ အပန်းဖြေလုပ်ငန်းဖြစ်တဲ့ ဒစ္စနေလန်း (Disney Land) ကလည်း သိသိသာသာ စီးပွားရေးထိခိုက်မယ်လို့ မျှော်လင့်ထားပါတယ်။ ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေ၊ နိုက်ကလပ်တွေ၊ အားကစားပွဲတွေ၊ ဂျင် (gym) လို့ခေါ်တဲ့ အားကစားရုံတွေ စသဖြင့် လူတစ်ဦးနဲ့တစ်ဦး ထိတွေ့မှုများတဲ့ စီးပွားရေးလုပ်ငန်းတွေ အထိနာမှာပါ။ လူတစ်ဦးနဲ့တစ်ဦး ထိတွေ့မှုနည်းတဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေက ခံနိုင်ရည်ရှိမယ်လို့ ပညာရှင်တွေကဆိုပါတယ်။ မြန်မာနိုင်ငံအတွက် ဒီအခွင့်အရေးကိုယူတတ်ဖို့ လိုပါတယ်။

**ရေနံနှင့် သဘာဝဓာတ်ငွေ့**

စီးပွားရေးတွေ ကျဆင်းလာတာနဲ့အမျှ စွမ်းအင်လိုအပ်ချက် လျော့လာလေပါ။ ၂၀၂၀ ပြည့်နှစ် မတ်လ ၅ ရက်နေ့မှာ အိုပက်နဲ့ တခြားရေနံအမြောက်အမြား ထုတ်လုပ်သူတွေ တွေ့ဆုံပြီး ၂၀၂၀ ပြည့်နှစ် ဇွန်လကုန်အထိ တစ်နေ့ကို ရေနံစိမ်းစည် တစ်သန်းခွဲ လျှော့ချထုတ်ဖို့ ဆွေးနွေးခဲ့ပါတယ်။ သဘောတူညီမှုမရတဲ့အခါ ရေနံအများဆုံးထုတ်လုပ်တဲ့ ဆော်ဒီအာရေဗျက တိုးထုတ်ပြီး ရေနံဈေးကို လျှော့ချရောင်းခဲ့ပါတယ်။ အကျိုးဆက်က ဘရင့် (Brent ) ရေနံဈေး တစ်ရက်တည်းမှ ၂၀ ရာခိုင်နှုန်း ထိုးကျသွားခြင်းပါ။ အဓိကကတော့ သဘောတူညီမှုကို ကန့်ကွက်ခဲ့တဲ့ ရုရှားကို ပညာပေးဖို့ပါ။ ယခင်က ရေနံစိမ်းတစ်စည် ကိုအမေရိကန်ဒေါ်လာ ၆၀ ရှိတဲ့ဘရင့် (Brent) ရေနံဈေးက မတ်လ ၁၈ ရက်နေ့မှာ အမေရိကန်ဒေါ်လာ ၂၅ ထိ ထိုးကျသွားပါတယ်။

ရေနံဈေးထိုးကျသွားတဲ့အတွက် ကမ္ဘာတစ်လွှားက ရေနံထုတ်လုပ်တဲ့ ကုမ္ပဏီကြီးများ၊ အမေရိကန်နိုင်ငံမှ ရေနံကုမ္ပဏီများက ရေနံရှာဖွေတူးဖော်ထုတ်လုပ်ရေးတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေကို လျှော့ချတော့မှာ ဖြစ်ပါတယ်။ ရေနံလုပ်ငန်းတွေမှာ ဝန်ထမ်းတွေလျှော့တာ၊ ကုမ္ပဏီတွေ ပူးပေါင်းကုန်တာ၊ ကုမ္ပဏီတွေ ဒေဝါလီခံရတာတွေ ဖြစ်လာမယ်လို့ ပညာရှင်တွေက ဟောကိန်းထုတ်ထားပါတယ်။ ရေနံဈေးကျလာတယ်ဆိုတာ ဒီဇယ်၊ ဓာတ်ဆီနဲ့ တခြားရေနံထွက်ပစ္စည်းတွေကို တင်သွင်းနေရတဲ့ မြန်မာနိုင်ငံအတွက် အကျိုးအမြတ်ရနိုင်တယ်လို့ ထင်ရပေမယ့် ဓာတ်ငွေ့ရောင်းတာက ရရှိမယ့် နိုင်ငံခြားငွေ လျော့သွားမှာလည်း တစ်ဖက်က ရှိနေပါတယ်။

ကမ္ဘာ့ရေနံဈေး အတက်အကျနဲ့အတူ ဓာတ်ငွေ့ရောင်းဈေးက အတက်အကျ ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ နိုင်ငံခြားဝင်ငွေအများဆုံးကို သဘာဝဓာတ်ငွေ့ ရောင်းချခြင်းက ရပါတယ်။ ပို့ကုန်ကရတဲ့ နိုင်ငံခြားဝင်ငွေရဲ့ ၂၅ ရာခိုင်နှုန်းကို သဘာဝဓာတ်ငွေ့ရောင်းချခြင်းက ရပါတယ်။ ရေနံဈေးကျလာတဲ့အတွက် မြန်မာနိုင်ငံမှာ ရေနံရှာဖွေတူးဖော် ထုတ်လုပ်နေတဲ့ ကုမ္ပဏီတွေလည်း ရင်းနှီးမြှုပ်နှံမှုတွေ ထပ်လုပ်ဖို့ နှောင့်နှေးနိုင်တယ်လို့ မြင်ပါတယ်။ ၂၀၃၀ ပြည့်နှစ်မှာ အိမ်ထောင်စုတိုင်း လျှပ်စစ်ရရှိဖို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ကြိုးစားဆောင်ရွက်နေပါတယ်။ ဒီစီမံကိန်း အောင်မြင်ဖို့ ကမ်းလွန်မှာ ဓာတ်ငွေ့သိုက်အသစ်တွေ ထပ်တွေ့ဖို့လိုပါတယ်။ ရေနံဈေးကျနေချိန်မှာ မြန်မာနိုင်ငံအတွင်းမှာရှိနေတဲ့ ရေနံကုမ္ပဏီတွေကို ရေနံနဲ့ သဘာဝဓာတ်ငွေ့များ တူးဖော်တဲ့အခါ စီးပွားရေးတွက်ခြေကိုက်အောင် အထူးခံစားခွင့်တွေ ပေးနိုင်ရင် ကောင်းမယ်လို့ မြင်မိပါတယ်။

**ကျဆင်းလာမည့် စီးပွားရေးကို ဘယ်လိုကျားကန်မလဲ**

အမေရိကန်နိုင်ငံက လစာပေါ်မှာ ကောက်တဲ့အခွန်ကို နှစ်ကုန်အထိ လျှော့ချကောက်ခံဖို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဥပဒေပြုသူတွေကို တွန်းအားပေးနေပါတယ်။ တစ်ချိန်တည်းမှာပဲ ဗြိတိန်ကုန်းမြေ? — 

မတိုင်မီ အမေရိကန် ဒေါ်လာ ၂၅၀ ဘီလီယံကို အမေရိကန်နိုင်ငံသားတွေလက်ထဲ အရောက်ပို့ဖို့ ကြိုးစားနေပါတယ်။ ၂၅၀ ဘီလီယံဆိုတာ အမေရိကန်နိုင်ငံ ဂျီဒီပီရဲ့ ၁ ဒသမ ၂ ရာခိုင်နှုန်း ရှိပါတယ်။ စင်ကာပူအစိုးရကလည်း အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇၈ ဘီလီယံကို နိုင်ငံသားတွေနဲ့ စီးပွားရေးလုပ်ငန်းတွေကို ထောက်ပံ့ဖို့ အစိုးရရဲ့ ရန်ပုံငွေက ထုတ်သုံးဖို့ စီစဉ်နေပါတယ်။ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇၈ ဘီလီယံဆိုတာ စင်ကာပူ ဂျီဒီပီရဲ့ ၃ ဒသမ ၂၅ ရာခိုင်နှုန်း ရှိပါတယ်။

ဂျပန်နိုင်ငံကလည်း ဂျီဒီပီရဲ့ သုည ဒသမ ၁၉ ရာခိုင်နှုန်းဖြစ်တဲ့ အမေရိကန်ဒေါ်လာ ၉ ဒသမ ၆ ဘီလီယံ၊ တောင်ကိုရီးယားက ဂျီဒီပီရဲ့ သုည ဒသမ ၅၆ ရာခိုင်နှုန်းဖြစ်တဲ့ အမေရိကန်ဒေါ်လာ ၉ ဒသမ ၂ ဘီလီယံ၊ အီတလီက ဂျီဒီပီရဲ့ သုည ဒသမ ၂ ရာခိုင်နှုန်းဖြစ်တဲ့ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံကို COVID– 19 ကြောင့် ယိုင်နဲ့သွားမယ့် စီးပွားရေးကို ကျားကန်ပေးဖို့စီစဉ်နေပါတယ်။

မြန်မာနိုင်ငံမှာလည်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက COVID–19 ရဲ့ ဒဏ်ကို အများဆုံးခံရမယ့် အထည်ချုပ်လုပ်ငန်းများ၊ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အတိုးနှုန်း တစ်ရာခိုင်နှုန်းဖြင့် မြန်မာငွေကျပ် ၁၀၀ ဘီလီယံ ကနဦး မတည်ပြီး ထုတ်ချေးဖို့ ကြေညာချက်ထုတ်ထားပါတယ်။

ဒါဟာလည်း ကနဦးအနေနဲ့ မတည်ထားတာဖြစ်ပြီး ကုန်သွယ်မှုဆိုင်ရာ အခွန်တွေ လျှော့ပေါ့ပေးတာတွေ၊ ဘဏ်တိုးနှုန်း လျှော့ချတာတွေ၊ အစိုးရက ကောက်ခံရတဲ့ အခွန်အကောက်တွေ လျှော့ချပေးတာတွေ၊ အထူးစီမံကိန်းတွေ အမြန်ဆုံး အကောင်အထည်ဖော်ဖို့ ကြိုးပမ်းနေတာတွေ၊ အလုပ်သမားတွေအတွက် လူမှုဖူလုံရေး ရန်ပုံငွေပံ့ပိုးမှုတွေ အစရှိတဲ့ စီးပွားရေး လှုံ့ဆော်မှုအစီအစဉ် Stimulus Package ကို ဆောင်ရွက်နေသလို ရေရှည်ကာလမှာ Supply Chain တစ်ခုလုံး ပြည်တွင်းမှာပဲ ဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းနေတာတွေလည်း တွေ့မြင်ကြားသိနေရပါတယ်။

COVID – 19 အလွန်မှာ စီးပွားရေးကို အမြန်ဆုံးပြန်လည်ထူထောင်နိုင်တဲ့ နိုင်ငံတွေပဲ ရေရှည်မှာ တည်တံ့ပါမယ်။ အမြန်ဆုံး ပြန်လည်ထူထောင်နိုင်ဖို့ကတော့ အစိုးရတွေရဲ့ ပံ့ပိုးမှုက အလွန်ပဲအရေးကြီးပါတယ်လို့ ရေးသားတင်ပြလိုက်ရပါတယ်။

# ကူးစက်ရောဂါဘေးအန္တရာယ်ကျရောက်ချိန်တွင် ထုတ်ပြန်ထားသောဥပဒေများကို ပြည်သူများက လိုက်နာခြင်းဖြင့် ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်နိုင်ရန် အသိပေးနှိုးဆော်ချက်

**(မတ်လ၊ ၂၇ ရက်၊ ၂၀၂၀ ပြည့်နှစ်)**

Coronavirus Disease 2019 (COVID–19)နှင့် ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အစိုးရက အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ အတည်ပြုချက်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ ကူးစက်ရောဂါဘေးအန္တရာယ်နှင့်ပတ်သက်၍ ထုတ်ပြန်ထားရှိပြီးဖြစ်သော ဥပဒေများကို ပြည်သူများအားလုံးက လိုက်နာကြရန် ပန်ကြားအပ်ပါသည်။

**လိုက်နာခြင်းမရှိ သူများအား –**

ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ (၁၉၉၅) ကို ပြင်ဆင်သည့် ဥပဒေ– ၂၀၁၁၊ ပုဒ်မ–၁၄ အရ အမိန့်ထုတ်ပြန်ထားသည့် ကူးစက်မြန်ရောဂါဖြစ်ပွားနေသူအား နေအိမ်မှထွက်ခွာသွားလာခွင့်၊ ကူးစက်မြန်ရောဂါဖြစ်ပွားရာနေအိမ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် မြို့နယ်အတွင်းရှိနေသူများကို ပြင်ပသို့ ထွက်ခွာသွားလာခွင့်၊ ပြင်ပမှလူများအား ကူးစက်မြန်ရောဂါဖြစ်ပွားရာနေအိမ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် မြို့နယ်အတွင်းသို့ ဝင်ရောက်ခွင့်၊ မီးရထား၊ မော်တော်ယာဉ်၊ လေယာဉ်၊ ရေယာဉ် သို့မဟုတ် အခြားယာဉ်တစ်မျိုးမျိုးဖြင့် ရောက်ရှိလာသူများအနက် ကူးစက်မြန်ရောဂါ ဖြစ်ပွားနေသူပါရှိလာပါက ယင်းရောဂါဖြစ်ပွားနေသူအား ကျန်းမာရေးစစ်ဆေးရန်အလို့ငှာ သီးခြားထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သောအချိန်အထိ ပြင်ပသို့ ထွက်ခွာသွားလာခွင့်၊ ပွဲလမ်းသဘင်ကျင်းပနေစဉ် ကူးစက်မြန်ရောဂါ ဖြစ်ပွားလာပါက အများပြည်သူတို့အား ပွဲလမ်းသဘင်ကျင်းပရာနေရာသို့ သွားလာခွင့်နှင့် ပွဲလမ်းသဘင်ကို ဆက်လက်ကျင်းပခွင့်၊ ကူးစက်မြန် ရောဂါဖြစ်သည်ဟု သံသယရှိသည့် တိရစ္ဆာန် သို့မဟုတ် ယင်းတိရစ္ဆာန် ထွက်ပစ္စည်း သယ်ဆောင်လာသောယာဉ်အား ဝင်ထွက်သွားလာခွင့်စသည့် တားမြစ်ပိတ်ပင်ချက်များကို ဖောက်ဖျက်ပါက ထိုသူအား ပုဒ်မ(၁၈)အရ ထောင်ဒဏ်(၆)လအထိဖြစ်စေ၊ ငွေကျပ် ၅၀၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ အရေးယူချမှတ် အပြစ်ပေးခံရမည်ဖြစ်ပါသည်။

ထို့အပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ(၂၀၁၃)၊ အခန်း(၁)၊ ပုဒ်မ(၂)(ခ)အရ သဘာဝဘေးအန္တရာယ်ဟုဆိုရာတွင် လူ သို့မဟုတ် တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားခြင်း ပါဝင်သည့်အတွက် ယခုဖြစ်ပွားလျက်ရှိသော COVID –19 ကူးစက်ရောဂါသည် ဤဥပဒေနှင့် အကျုံးဝင်ပါသည်။

မည်သူမဆို အများပြည်သူ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ မဟုတ်မမှန်သတင်းလွှင့်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ဤဥပဒေ အခန်း(၈)၊ ပုဒ်မ(၂၇) အရ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု တစ်ရပ်ရပ်ကိုဆောင်ရွက်ရန် ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏ ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာရန် တမင်ပျက်ကွက်ခြင်းသည် ထိုဥပဒေ အခန်း(၈)၊ ပုဒ်မ(၃၀)(က)အရ တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဖြစ်ပါသည်။

ထို့ကြောင့် ပြည်သူများအနေဖြင့် ဥပဒေများကိုသိရှိပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။ အစိုးရက အချိန်နှင့်တစ်ပြေးညီထုတ်ပြန်သည့် ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပေးကြရန်နှင့် ပြည်သူများအားလုံးပူးပေါင်းပါဝင်ကြရန် လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်ရေး မြို့နယ်အဆင့် ကြီးကြပ်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး မြို့နယ်အဆင့်ကြီးကြပ်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးကို မတ် ၂၇ ရက် နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အင်းစိန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

**ဆွေးနွေး**

ညှိနှိုင်းအစည်းအဝေးတွင် အင်းစိန်မြို့နယ်အတွင်း ကိုဗစ် –၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေး ပြင်ဆင်ထားရှိမှု အခြေအနေများ၊ ပြည်ပမှ ပြန်လည်ရောက်ရှိလာကြသူများအား သေချာစွာ စိစစ်စာရင်းပြုစု၍ ကျန်းမာရေးစစ်ဆေးမှုများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး အခြေအနေများ၊ ကောလာဟလ သတင်းမှားများ ဖြန့်ဖြူးနေမှုများ အရေးယူနိုင်ရေး အခြေအနေများ၊ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ နေအိမ်၌သာ ၁၄ ရက်နေထိုင်ရန် မလိုက်နာသူများအား ဒေသန္တရအမိန့်ဖြင့် ဖမ်းဆီးအရေးယူနိုင်ရေးနှင့်



မြို့နယ်အတွင်း စေတနာ့ဝန်ထမ်းများ ကြိုတင်စုဆောင်းထားရှိပြီး လိုအပ်သည့်အချိန်တွင် အင်အားပြည့် ပါဝင်လုပ်အားပေး၊ ကူညီဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး တက်ရောက်လာကြသူများက အကျယ်တဝင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင် အဖွဲ့သည် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးသက်ရောက်မှုရှိသော ဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ COVID–19 ကြောင့် ဈေးကွက်အတွင်းတွင် အောက်ဖော်ပြပါ ဆေးဝါး(၂)မျိုးအား ပြည်သူလူထုအနေဖြင့် မလိုလားအပ်ဘဲ ဝယ်ယူခြင်း၊ သောက်သုံးခြင်းများ ပြုလုပ်နေကြပါသဖြင့် ဘေးထွက်ဆိုးကျိုးများစွာရှိနိုင်ပါသည်–

(က) Hydroxychloroquine Tablet (ဟိုက်ဒရိုစီကလိုရိုကွင်း ဆေးပြား)

(ခ) Azithromycin Tablet ( အက်ဇစ်သရိုမိုင်စင် ဆေးပြား)

၃။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ဆေးဝါး(၂)မျိုးအား ဆရာဝန်ထောက်ခံချက်လက်မှတ်ပါရှိမှသာ ရောင်းချခြင်း၊ ဝယ်ယူခြင်း/သောက်သုံးခြင်းပြုလုပ်ကြပါရန် အသိပေးထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့**



## ကန့်ဘလူ၌ COVID-19 ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**ကန့်ဘလူ မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် COVID–19 ရောဂါကာကွယ်ရေးအတွက် ယနေ့နံနက်ပိုင်းက မီးရထားဘူတာ၊ မြို့မဈေး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ခရိုင်/မြို့နယ် မီးသတ်ဦးစီးဌာနရုံး၊ စခန်းနှင့် ဝန်ထမ်းလိုင်းခန်းများကို ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ဌေးဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးကျော်သူတို့ဦးဆောင်၍ ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်သည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

### ဘင်္ဂလား ပင်လယ်အော် အခြေအနေ

**နေပြည်တော် မတ် ၂၈**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## COVID-19 ရောဂါကာကွယ်ရေးအတွက် မြို့ပေါ်ရှိ ဈေးများနှင့် ကားဂိတ်များတွင် ကလိုရင်းပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်

**မိတ္ထီလာ မတ် ၂၈**

မိတ္ထီလာမြို့ စည်ပင်သာယာရေးကော်မတီက ကြီးကြပ်၍ COVID–19 ရောဂါ မဖြစ်ပွားစေရေးအတွက် မြို့ပေါ်ရှိ ဈေးများနှင့် ကားဂိတ်များတွင် မတ် ၂၄ ရက်မှ စတင်၍ ညနေ ဈေးပိတ်ချိန်များတွင် ကလိုရင်း ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပိုးသတ်ဆေးဖျန်း**

COVID–19 ရောဂါ မဖြစ်ပွားစေရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အမျိုးသားရေးတာဝန်အဖြစ် ကာကွယ်တားဆီးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ COVID–19 ရောဂါကူးစက်ပြန့်ပွားမှုသည် လူစုလူဝေးမှတစ်ဆင့် လျင်မြန်စွာကူးစက်နိုင်သဖြင့် လူစုလူဝေးနှင့် လူထူထပ်သော မြို့ပေါ်ရှိ စည်ပင်သာယာဈေး၊ ဗဟိုဈေးကြီး၊ ပန်းတောက်မြိုင်ဈေး၊ အောင်ဇေယျာ(ပုလဲဈေး) မြို့သစ်ဈေး၊ ပေါက်ချောင်းဈေး၊ ရန်မျိုးအောင်ဈေး၊ ဝန်ဇင်းဈေး၊ ပြည်သာယာဈေးတို့တွင် စည်ပင်သာယာရေးကော်မတီမှ ကြီးကြပ်ပြီး ညနေပိုင်း ဈေးပိတ်သိမ်းချိန်တွင် စည်ပင်သာယာရေးဝန်ထမ်းများက ကလိုရင်း ပိုးသတ်ဆေးများကို ပက်ဖျန်းလျက်ရှိသည်။ ထိုသို့ပက်ဖျန်းရာတွင် ဆိုင်များမှ လက်ကိုင်နိုင်သည့်နေရာများ၊ သော့၊ ပတ္တာ၊ လမ်းများ၊ အိမ်သာများ၊ ဈေးပေါက်များနှင့် လူအသုံးများသည့်နေရာများတွင် အဓိကထား၍ ပက်ဖျန်းကြသည်။



ယခုပက်ဖျန်းသည့် ကလိုရင်း ပိုးသတ်ဆေးသည် ကျောရိုးမဲ့သတ္တဝါများနှင့် ဗိုင်းရပ်(စ်)ကို သေစေနိုင်သည့် ဆေးဖြစ်ကြောင်း၊ မိတ္ထီလာမြို့ပေါ်ရှိ လူစုလူဝေးနှင့် လူထူထပ်သောဈေးများကို ပိုးသတ်ဆေးပက်ဖျန်းခြင်းအပြင် မြို့ပေါ်ရှိ လူစည်ကားရာနေရာများဖြစ်သည့် ကားကြီးဝင်း၊ ကားကြီးဝင်းအသစ်၊ ရွှေမန္တလာကားဂိတ်၊ မန္တလာမင်းကားဂိတ်၊ ဇွဲတြိဂံဂိတ်၊ ဈေးကုန်းကျောင်းဂိတ်၊ (၃၀)ဝင်းဂိတ်၊ မြင်းခြံကားဂိတ်၊ ဦးမဲကြီးဂိတ်၊ ဝမ်းတွင်းဂိတ်၊ ဓနသိဒ္ဓိဂိတ်တို့ကို မတ် ၃၀ ရက်တွင် စည်ပင်သာယာရေးဝန်ထမ်းများက ကလိုရင်းပိုးသတ်ဆေးများကို ဆက်လက်ပက်ဖျန်းသွားမည်ဖြစ်ကြောင်း စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါ်နီလာဝင်းက ပြောကြားခဲ့သည်။

**ပေးအပ်လှူဒါန်း**

ထိုသို့ ကိုရိုနာဗိုင်းရပ်စ်ရောဂါ COVID–19 မဖြစ်ပွားစေရေးအတွက် မြို့ပေါ်ရှိ ဈေးများနှင့် ကားဂိတ်များတွင် ကရိုရင်းပိုးသတ်ဆေးများ ပက်ဖျန်းလျက်ရှိသည့် စည်ပင်သာယာရေးဝန်ထမ်းများအား စေတနာရှင် အလှူရှင်များက အာဟာရနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၈-၃-၂၀၂၀)ရက်နေ့၊ ည(၈:၀၀)နာရီ**

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှုလမ်းကြောင်း ဆိုင်ရာရောဂါ ဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင် လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများ နှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ (၂၇-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီမှ (၂၈-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီအထိ စောင့်ကြည့်လူနာအသစ် (၅၅) ဦး ရှိပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (၂၈-၃-၂၀၂၀) ရက်နေ့၊ ည (၈)နာရီ ဓာတ်ခွဲစစ်ဆေးမှုအဖြေများအရ စောင့်ကြည့်လူနာနှင့် ဆေးရုံတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသော လူနာ (၄၄) ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ရာ လူနာအားလုံး၏ ဓာတ်ခွဲ အဖြေများတွင် COVID-19 ရောဂါပိုးမရှိကြောင်း (မရှိကြောင်း) တွေ့ရှိရပါသည်။

၄။ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၈) ဦးအနက် ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ဆေးရုံတွင် ကုသမှုခံယူလျက်ရှိသော လူနာ (၁) ဦး၊ ရန်ကုန်မြို့၊ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ကုသမှုခံယူလျက်ရှိသော လူနာ (၄) ဦးနှင့် မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံတွင် ကုသမှုခံယူလျက်ရှိသော လူနာ (၁) ဦး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးတွင် ကုသမှုခံယူလျက်ရှိသော လူနာ (၁) ဦး၊ စုစုပေါင်း (၇) ဦးတို့၏ ကျန်းမာရေးအခြေအနေမှာ သက်သာကောင်းမွန်လျက် ရှိပါသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဓာတ်ခွဲအတည်ပြုလူနာအား (၂၇-၃-၂၀၂၀) ရက်နေ့တွင် ဝေဘာဂီအထူးကုဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုခံယူစေခဲ့ပြီး အထူးကြပ်မတ်ခန်း၌ သီးခြားထားရှိ၍ ဆေးကုသမှုပေးလျက်ရှိပါသည်။

၅။ ယခုအခါ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ များ တွေ့ရှိလာသဖြင့် အဆိုပါလူနာများနှင့် အနီးကပ်ထိတွေ့ဆက်စပ်မှုရှိ သူများအား ရှာဖွေဖော်ထုတ်ပြီး အသွားအလာတားမြစ်ပိတ်ပင်၍ စောင့်ကြပ် ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူလူထု အနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေးအချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# COVID-19 နှင့်ပတ်သက်၍ ရုပ်ရှင်၊ ဂီတ အနုပညာရှင်များ၏ အသိပညာပေးနှိုးဆော်ရေးအစီအစဉ်

ကမ္ဘာတစ်ဝန်း COVID-19 ကူးစက်ပျံ့နှံ့မှုသည် မြန်ဆန်လျက်ရှိသည့်အတွက် မြန်မာနိုင်ငံ၌ အစိုးရအဖွဲ့အစည်းများက ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာဒေသများရှိ အရပ်ဘက်အဖွဲ့အစည်းများက ကျန်းမာရေးအသိပညာပေးနှိုးဆော်ရေးအစီအစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ထို့အတူ ရုပ်ရှင်၊ ဂီတ အနုပညာရှင်များကလည်း COVID-19 နှင့်ပတ်သက်၍ အသိပညာပေးနှိုးဆော်ရေးအစီအစဉ်တွင် ပါဝင်ခဲ့ကြပါသည်။



## ရွှေသမီး

**“ ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ အသက်ရှူလမ်းကြောင်းကတစ်ဆင့် ကူးစက်တတ်တဲ့ရောဂါတစ်မျိုးဖြစ်ပြီး ရောဂါရှိတဲ့သူ နှာချေ၊ ချောင်းဆိုးရာကတစ်ဆင့် ထွက်လာတဲ့ ရောဂါပိုးပါဝင်နေတဲ့ အစက်အမှုန်တွေက အသက်ရှူလမ်းကြောင်းကနေ တိုက်ရိုက်ဝင်ရောက်သွားလို့ ကူးစက်နိုင်သလို -**



## နန့်ချစ်နဒီဇော်

**“ အရာဝတ္ထုတွေအပေါ် ကပ်တင်ကျန်နေတဲ့ ရောဂါပိုးတွေကို လက်နဲ့ကိုင်တွယ်ထိတွေ့ရာက တစ်ဆင့်လည်း ကူးစက်နိုင်ပါတယ်။**



## ဝေလာရီ

**“ ရောဂါပြန့်ပွားလျက်ရှိသော နေရာဒေသ၊ နိုင်ငံများသို့ ခရီးသွားခြင်းကို ရှောင်ကြဉ်ပါ။ ထိုဒေသမှ ပြန်ရောက်လာသူများကို ၁၄ ရက် သီးသန့်ခွဲခြား နေထိုင်စေပြီး ပြန်ရောက်လာသည်နှင့် တစ်ပြိုင်တည်း ဒေသဆိုင်ရာ အုပ်ချုပ်ရေး (သို့မဟုတ်) ကျန်းမာရေးဌာနသို့ မဖြစ်မနေ သတင်းပို့ရမှာ ဖြစ်ပါတယ်။**



## နေရည်ဝင်းလဲ့

**“ တစ်ဦးချင်းကာကွယ်ဖို့အတွက် လက်ကိုဆပ်ပြာနှင့်သန့်ရှင်းသောရေကိုသုံးပြီး စနစ်တကျ မကြာခဏ ဆေးကြောပါ။ အနည်းဆုံး စက္ကန့် ၂၀ ကြာအောင် ဆေးကြောပါ။ အယ်လ်ကိုဟော ၆၀% အထက်ပါဝင်တဲ့ လက်သန့်ဆေးရည် (Hand sanitizer/Hand Gel) ကို သုံးပြီးလည်း ဆေးကြောနိုင်ပါတယ်။**

# တနင်္သာရီ၌ ဈေးရုံများ၊ လူစည်ကားရာနေရာများတွင် COVID-19 ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းဆောင်ရွက်

**တနင်္သာရီ မတ် ၂၇**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့တွင် Coronavirus Disease 2019(COVID-19) ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူအများ ဝင်ထွက် သွားလာသောနေရာဖြစ်သည့် ချောင်းငယ်ရပ်ကွက် ကမ်းနားလမ်းရှိ အောင်မင်္ဂလာ အမှတ်-၁ (ကုန်စုံဈေးရုံ) နှင့် အောင်မင်္ဂလာအမှတ်-၂ (အထည်ဈေးရုံ) အတွင်း ဈေးဆိုင်ခန်းများ၊ ဈေးရုံအတွင်း၊ အပြင် နေရာများ၊ လူစည်ကားရာနေရာများဖြစ်သည့် ချောင်းကြီးရပ်ကွက်ရှိ ရှင်မအောင်သာ (နတ်ကွန်း) အဆောင်နှင့် မြို့နယ်ခန်းမ (တနင်္သာရီခန်းမ)ဆောင် အတွင်းနေရာများတွင် COVID-19 ရောဂါ ကြိုတင်ကာကွယ်တားဆီးရေး ဗိုင်းရပ်စ်ပိုးသတ်ဆေး ဖျန်းခြင်းလုပ်ငန်းကို မတ် ၂၇ ရက် ညနေ ၄ နာရီမှစ၍ ပူးပေါင်းအဖွဲ့က ပက်ဖျန်းကြသည်။

ယင်းအဖွဲ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသန်းထိုက်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးမင်းဝေနှင့် ကော်မတီဝင်များ၊ သုခရွှေရီ လူမှုကူညီရေးအသင်းမှ ဦးတင်ဌွေးနှင့် အဖွဲ့ဝင်များ ပူးပေါင်း၍ ပက်ဖျန်းခြင်းဖြစ်ကြောင်း သိရ သည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



## COVID-19 ရောဂါကာကွယ်ရေး မတ္တရာမြို့မဈေး၌ ပိုးသတ်ဆေးဖျန်း

**မတ္တရာ မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် COVID–19 ရောဂါကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မတ် ၂၇ ရက် ညနေပိုင်းက မြို့မဈေးပိတ်ချိန်တွင် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ ပိုးသတ်ဆေးဖျန်းရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလွင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးမိဈေးဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(မတ္တရာ)တို့ ပူးပေါင်း၍ မြို့မဈေးအတွင်းနှင့် မြို့မဈေးအပြင်ဘက်လမ်းများအား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းအတွက် ကုန်ကျစရိတ်များကို အေးမေတ္တာအထူးကုဆေးခန်းမှ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

COVID–19 ရောဂါကာကွယ်ရေးအတွက် မြို့မဈေးဝင်ပေါက်များနှင့် လူထုထပ်ရာနေရာများတွင် လက်ဆေးကန်ကိုးခုကိုလည်း ထားရှိပေးထားကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**



## COVID-19 ရောဂါကာကွယ်ရန် လိုအပ်သောပစ္စည်းများ ဝယ်ယူရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျပ်သိန်း ၅၀ ကြိုတင်ငွေထုတ်ပေး

**မကွေး မတ် ၂၈**

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဗိုလ်က မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများအားCOVID–19 ရောဂါကာကွယ်ရန်နှင့် အများပြည်သူများလိုအပ်လျက်ရှိသော လက်သန့်ဆေးရည်နှင့် ရေမလိုလက်သန့်ဆေးရည် ပြုလုပ်သည့်နည်းပညာများ ဖြန့်ဝေပေးနိုင်ပါကြောင်း တင်ပြခဲ့ရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် လက်သန့်ဆေးရည်နှင့် ရေမလိုလက်သန့်ဆေးရည်များအား အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ပြုလုပ်ပေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများအား ပြင်ပဈေးနှုန်းထက်သက်သာစွာဖြင့် သုံးစွဲနိုင်ရန်အတွက် ကျပ်သိန်း ၅၀ ကြိုတင်ငွေထုတ်ပေးခဲ့သည်ဟု မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဗိုလ်ထံမှ သိရသည်။

**မကွေးဝင်းမောင်**

## နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိသူများထားရန် စေတုတ္တရာမြို့၌ ပြင်ဆင်ဆောင်ရွက်

**စေတုတ္တရာ မတ် ၂၈**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့တွင် COVID–19 ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိသူများထားရှိရန် စေတုတ္တရာမြို့ အခြေခံပညာအလယ်တန်းကျောင်း၌ မတ် ၂၆ ရက် ညနေပိုင်းက ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

စေတုတ္တရာမြို့အတွင်းသို့ နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိသူများထားရှိရန်အတွက် အခြေခံပညာအလယ်တန်းကျောင်း ဆောင်အတွင်း ရေ၊ မီး၊ အိမ်သာ၊ စားသောက်နေထိုင်ရေး၊ လုံခြုံရေးကိစ္စအဝဝကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးတို့ ဦးဆောင်ကာ မြို့နယ်အဆင့် လုပ်ငန်းကော်မတီများ၊ ရပ်မိရပ်ဖများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခင်သန်းလှိုင်**
**(ပြန်/ဆက်)**

## COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု စစ်ကိုင်းတိုင်းဒေသကြီးလူမှုရေးဝန်ကြီး ကြည့်ရှုစစ်ဆေး

**ဘုတလင် မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့တွင် COVID–19 ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုသည့်နေရာအဖြစ် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို မတ် ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဖြိုးကျော်အောင်က COVID–19 ရောဂါပိုးရှိသူများ တွေ့ရှိလာပါက ပြည်သူ့ဆေးရုံကြီးတွင် သီးသန့်ကုသမှုပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းသည် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူ ၁၃ ဦးအား မြဝတီခန်းမတွင် ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က ပြန်လည်ရောက်ရှိလာသူများအား နေထိုင်ရေးနှင့် စားသောက်ရေး စီစဉ်ပေးထားမှုကို ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၁၀ စုံ၊ အပူချိန်တိုင်းကိရိယာများနှင့် နှာခေါင်းစည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးသည် မြောက်ကျီကျေးရွာ အလက(ခွဲ)နှင့် လွှတဲကျေးရွာ မူလွန်ကျောင်းတို့တွင် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုသည့်နေရာအဖြစ် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဖိုးခါး**
**(ပြန်/ဆက်)**





## COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

**ဟားခါး မတ် ၂၈**

COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး သံသယလူနာတွေ့ရှိပါက အချိန်နှင့်တစ်ပြေးညီ စောင့်ကြပ်ကုသနိုင်ရေးအတွက် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးနှင့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်း(ဟားခါး)တို့တွင် ကြိုတင်ပြင်ဆင်မှုထားရှိမှုများကို မတ် ၂၆ ရက် ညနေ ၆ နာရီက ချင်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကော၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဟန်ဝင်းအောင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုး၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်း၊ COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပြည်နယ်အဆင့် လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများက လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများသည် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးအတွင်း၌ ဆရာ ဆရာမများ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံလဲလှယ်မည့်နေရာများ၊ သံသယလူနာတွေ့ရှိပါက စစ်ဆေးရန်အခန်းများ၊ ကုသနိုင်ရန်အတွက် လူနာထားရှိမည့် သီးသန့်ခုတင်များကို လှည့်လည်ကြည့်ရှုရာ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာအောင်ငွေစံနှင့် ဟားခါးမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဇင်ကိုကိုအောင်နှင့် ကျန်းမာရေးဝန်ထမ်းများက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် အားကစားနှင့် ကာယပညာသိပ္ပံကျောင်း (ဟားခါး)သို့ ရောက်ရှိပြီး သင်တန်းခန်းမများနှင့် သင်တန်းသား နားနေဆောင်နေရာတို့တွင် သီးသန့်ထားရှိနိုင်ရေးနှင့် အိပ်ခန်း၊ နားနေခန်း၊ ထမင်းစားခန်းနှင့် ရေချိုးခန်း၊ အိမ်သာများ သီးသန့်ထားရှိနိုင်ရေးတို့ကို လှည့်လည်ကြည့်ရှုရာ ချင်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောနေမင်းထွန်းနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာအောင်ငွေစံတို့က လိုက်လံ ရှင်းလင်းပြသခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ချင်းပြည်နယ်အတွင်း COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး သံသယလူနာတွေ့ရှိပါက အချိန်နှင့်တစ်ပြေးညီ စစ်ဆေးကြပ်မတ် ဆောင်ရွက်နိုင်ရေး၊ အချိန်မီထိန်းချုပ်ကုသနိုင်ရေးတို့အတွက် စနစ်တကျ စီမံဆောင်ရွက်ထားရှိရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပေ ၁၈၀ အောက်တံတား တည်ဆောက်မှုလုပ်ငန်းများ ၆၃ ရာခိုင်နှုန်းပြီးစီး

**မုံရွာ မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လမ်းတံတားကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပေ ၁၈၀ အောက် တံတားတည်ဆောက်မှုလုပ်ငန်းများ ၆၃ ရာခိုင်နှုန်းပြီးစီးသွားပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဒေါ်မိုးမိုးမြင့်ထံမှ သိရသည်။

"အခုဘဏ္ဍာနှစ်အတွင်းမှာ ပေ ၁၈၀ အောက်တံတားအစင်းပေါင်း ၁၈၃ စင်းတည်ဆောက်ဖို့ လျာထားခဲ့ပါတယ်။ လမ်းဦးစီးအဖွဲ့တွေက ၁၂၁ စင်းတည်ဆောက်တာဖြစ်ပြီး လမ်းအထူးအဖွဲ့ (၄)ဖွဲ့က တံတား ၆၂ စင်းတည်ဆောက်တာဖြစ်ပါတယ်။ ယခုအချိန်အထိမှာတော့ လုပ်ငန်းအားလုံးရဲ့ရာခိုင်နှုန်းထက်ဝက်ကျော် ပြီးစီးနေပါပြီ။ အချိန်မီပြီးစီးဖို့နဲ့ တံတားအရည်အသွေးကောင်းမွန်ရေးတို့ကို လွှတ်တော်ကိုယ်စားလှယ်တွေ၊ သက်ဆိုင်ရာအဖွဲ့တွေနဲ့ပူးပေါင်းပြီး စစ်ဆေးကြပ်မတ်လုပ်ဆောင်နေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးမြင့်က ပြောကြားသည်။

ယခုဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပေ ၁၈၀ အောက်တံတား ၁၈၃ စင်းတည်ဆောက်ရန်လျာထားလုပ်ဆောင်ခဲ့ရာ မတ်လတတိယပတ်အထိ တံတားအစင်း ၁၀၇ စင်းအားတည်ဆောက်ပြီးစီးခဲ့ခြင်းဖြစ်ပြီး ကျန်ရှိသော တံတား ၇၆ စင်းကို ဆက်လက်တည်ဆောက်လျက်ရှိကြောင်းနှင့် ပေ ၁၈၀ အောက် တံတားတည်ဆောက်ရေးလုပ်ငန်းအားလုံး၏ ၆၃ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## မင်းဘူးမြို့နယ်၌ လယ်ယာဧက ၄၀၀ ခန့်အကျိုးပြုမည့် ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီး

**မင်းဘူး မတ် ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မန်းကောက်ကျေးရွာတွင် ကျေးရွာနေပြည်သူများ လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်သို့ ရာသီမရွေး အချိန်မီတင်ပို့ရောင်းချနိုင်ရန် ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်ထုတ်လမ်းဖောက်လုပ်လျက်ရှိရာ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



မန်းကောက်ကျေးရွာကုန်ထုတ်လမ်းမှာ အရှည် ပေ ၈၆၀၀၊ အကျယ် ၁၂ ပေ၊ ဒု တစ်ပေ ကိုးလက်မရှိကျောက်ရောမြေတင်ပြီး မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် ထိုလမ်းပေါ်တွင် Box Culvert တစ်စင်းနှင့် ရေပြွန်ခြောက်စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့သည်။

မန်းကောက်ကျေးရွာသည် မင်းဘူးမြို့၏ အနောက်မြောက်ဘက် ခုနစ်မိုင်ခန့်အကွာ၌ တည်ရှိပြီး အိမ်ခြေ ၁၇၈ အိမ်၊ လူဦးရေ ၇၄၅ ဦးခန့်နေထိုင်ကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြု နေထိုင်ကြသည်။

"အရင်ကဆို လယ်ယာထဲက ထွက်ကုန်သီးနှံတွေကို လှည်းနဲ့သာ ခက်ခက်ခဲခဲ သွားရောက်သယ်ယူရပါတယ်။ ထွက်ကုန်သီးနှံတွေကို သယ်ယူရတာမလွယ်ကူသလို ဈေးကွက်ကို တင်ပို့ရောင်းချရာမှာ အချိန်ကြာမြင့်ပါတယ်။ အခုတော့ လွယ်ကူသွားပါပြီ"ဟု မန်းကောက်ကျေးရွာနေ ဦးထွန်းထွန်းဦးက ပြောသည်။

မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဘုန်းလင်းက ယခုအခါ လုပ်ငန်းများအားလုံးဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ မန်းကောက်ကျေးရွာနှင့် အနီးဝန်းကျင်ရှိ လယ်ယာစိုက်ပျိုးဧက ၄၀၀ ကျော်မှ ထွက်ကုန်သီးနှံများကို ဈေးကွက်သို့ ရာသီမရွေး အချိန်ကုန် ငွေကုန်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။

**သူရိန်(မင်းဘူး)**

## စပါးခင်းများ၌ စာကလေးငှက်အုပ်များကျရောက်မှုကြောင့် အခက်ကြုံတွေ့နေ

**ရေတာရှည် မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းဆည်ရေသောက်စနစ်ဖြင့် နွေစပါး ဧက ၉၀၀၀ ကျော်စိုက်ပျိုးလျက်ရှိရာ ယခုအချိန်သည် စပါးနှံများထွက်လုဆဲဆဲနှင့် အထွက်ဖြိုင်လျက်ရှိနေကြပြီဖြစ်ပြီး နေ့စဉ် နံနက်တိုင်း စာကလေးငှက်အုပ်များကျရောက်မှုကြောင့် စပါးအထွက်နှုန်းထိခိုက်မှုရှိမည်ကို တောင်သူများ စိုးရိမ်မှုများရှိနေကြကြောင်း သိရသည်။



စာကလေးငှက်များသည်ကျေးရွာအသီးသီး၌အမှီသဟဲပြုကာနေထိုင်လေ့ရှိပြီး နံနက်စောစော အစာစားရန် စပါးခင်းများရှိရာသို့ အုပ်စုလိုက်သွားရောက်စားသောက်ကြခြင်းဖြစ်ရာ တောင်သူများအနေဖြင့် ဝါးလက်ခုပ်များတီး၍လည်းကောင်း၊ စာခြောက်ရုပ်များပြုလုပ်ကာ စပါးခင်းများအတွင်းစိုက်ထူ၍ စာကလေးငှက်များလာရောက်ခြင်းမရှိနိုင်ရန် ဆောင်ရွက်ကြသော်လည်း များပြားလှစွာသော ငှက်အုပ်များကြောင့် အပွင့်အနှံများထိခိုက်နိုင်ကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောသည်။

"စာတွေက အတော်ဆိုးတယ်။ အကောင်ရေက ရာနဲ့ချီတော့ ဒီဘက်ကခြောက်လှန့်မောင်း ဟိုဘက်ကအကွက်ကိုရောက်၊ ဟိုဘက်ကမောင်း ဒီဘက်ပြန်ရောက် စပါးနှံတွေပေါ်လျှောက်နားတော့ အပွင့်တွေကြွေကျကုန်ရင် အဖျင်းတွေဖြစ်ကုန်မှာစိုးရတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုလွင်(ဆွာ)**



COVID-19 ရောဂါပြည်နယ်အဆင့်ထိန်းချုပ်ကာကွယ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် တီးတိန်မြို့ အဝင်/အထွက်ဂိတ်များတွင် ခရီးသွားပြည်သူများအား ပညာပေးစာစောင်များဖြန့်ဝေခြင်း၊ လက်ဆေးခြင်း၊ စာရင်းကောက်ယူခြင်း၊ အပူချိန်တိုင်းတာခြင်းနှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းလုပ်ငန်းများ မတ် ၂၈ ရက်က ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ ပေါင်ကျင့်မုန်(ပြန်/ဆက်)

## သဘာဝတောကျွန်များ ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းမှထွက်ရှိသော ထင်း ၁၁ ဒသမ ၆ တန်အား ဒေသခံပြည်သူများထံ အခမဲ့ဖြန့်ဝေ

**မင်းဘူး မတ် ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မင်းဘူးမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သဘာဝတောကျွန်များ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်း ဧက ၁၀၀၀ တွင် ဓမ္မတာမျိုးဆက်ခြင်း ဧက ၁၀၀ မှ ထွက်ရှိသောထင်း ၁၁ ဒသမ ၆ တန်ကို ဒေသခံပြည်သူများအား အခမဲ့ဖြန့်ဝေပေးခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက လေးပင်-အိုင်းမ ကြိုးပြင်ကာကွယ်တော၌ ကျင်းပသည်။



### ထင်းများအခမဲ့ဖြန့်ဝေ

အခမ်းအနားတွင် မင်းဘူးခရိုင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်းအေးက ထင်းများအခမဲ့ဖြန့်ဝေရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တာဝန်ရှိသူများက ဇီးအိုင်အုပ်စု တဲကုန်းကျေးရွာရှိ အိမ်ထောင်စု ၂၃ စုအား ထင်းများအခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ လေးပင်-အိုင်းမ ကြိုးပြင်ကာကွယ်တောမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(စတုတ္ထနှစ်)၊ သဘာဝတောကျွန်များ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်း ဧက ၁၀၀၀ တွင် ဓမ္မတာမျိုးဆက်ခြင်း ဧက ၁၀၀ မှ ထွက်ရှိသော ထင်း ၇ ဒသမ ၁ တန်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်(ပထမနှစ်)မှထွက်ရှိသော ထင်း ၄ ဒသမ ၅ တန်ကို တဲကုန်းကျေးရွာရှိ အိမ်ထောင်စုတွေကို ပေးအပ်ခဲ့တာပါ၊ ယခုထွက်ရှိသော ထင်းတွေကတော့ ပင်ပူးခွာခြင်း၊ သစ်ကိုင်းချိုင်ခြင်းတို့မှ ရရှိတာဖြစ်တဲ့အတွက် မိမိတို့ဒေသရှိ သစ်တောတွေကို ထိန်းသိမ်းစောင့်ရှောက်ကြဖို့နဲ့ သစ်တောပြုန်းတီးမှု အန္တရာယ်ကာကွယ်ရေးတို့အတွက် ထင်းအစားထိုးလောင်စာတွေကို အသုံးပြုသွားကြပါ" ဟု မင်းဘူးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဘိုက ပြောသည်။

"ကျွန်တော်တို့ရွာကနေ ဒီနေ့မနက်စောစော နွားလှည်း ၁၃ စီးနဲ့ အိမ်ခြေစုစုပေါင်း ၁၁၅ အိမ်အတွက် ထင်းတွေကို လာရောက်ထုတ်ယူကြတာပါ။ ကျွန်တော်တို့ဘက်ကလည်း သစ်တောမပြုန်းတီးအောင် တတ်နိုင်သလောက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးခဲ့ပါတယ်။ အခုလိုထင်းတွေ အခမဲ့ဖြန့်ဝေပေးတဲ့အတွက် အရမ်းလည်း အဆင်ပြေပါတယ်။ ဝမ်းသာပီတိလည်းဖြစ်မိပါတယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး သက်ဆိုင်ရာပုဂ္ဂိုလ်တွေက အသိပညာတွေ ဟောပြောပေးတဲ့အတွက် ဗဟုသုတတွေရရှိခဲ့ပါတယ်" ဟု တဲကုန်းကျေးရွာ ဒေသခံတစ်ဦးဖြစ်တဲ့ ဦးမန်းတင်က ပြောသည်။

### အသိပညာပေး

အဆိုပါ အခမ်းအနားတွင် မင်းဘူးခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်းအေး၊ မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဘို၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးဝင်းအောင်တို့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ လက်တွေ့သရုပ်ပြခြင်းများပြုလုပ်ခဲ့ပြီး ထင်းတန်ချိန်စုစုပေါင်း ၁၁ ဒသမ ၆တန်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**














# COVID-19 ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များ ပြသ

**စေတုတ္တရာ မတ် ၂၈**
မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းအနေဖြင့် မြေစိုက်နံရံကပ်ပြဘုတ်များကို မတ် ၂၆ ရက်မှစတင်၍ ပြသခဲ့ကြောင်း သိရသည်။

မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စေတုတ္တရာမြို့နေပြည်သူများ COVID-19 ရောဂါဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန်ရည်ရွယ်၍ ရုံးရှေ့ မြေစိုက်နံရံကပ်ပြဘုတ်တွင်လည်းကောင်း၊ ပြည်သူ့စာကြည့်တိုက်အတွင်းရှိ နံရံကပ်ပြဘုတ်တွင်လည်းကောင်း COVID-19 ရောဂါကူးစက်နိုင်သည့်နည်းလမ်းများ၊ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ၊ ကာကွယ်နိုင်မည့်နည်းလမ်းများ၊ ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေနှင့် ကူးစက်ရောဂါများအား ထိရောက်စွာကာကွယ်နိုင်ရန် စနစ်တကျလက်ဆေးနည်းအကြောင်းအရာများဖြင့် စုံလင်စွာပြသခဲ့သည်။

ထို့နောက် ပြည်သူ့စာကြည့်တိုက်သို့ စာဖတ်၊ စာငှားလာရောက်ကြသူများအား မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် စာကြည့်တိုက်သို့ လာရောက်ကြသော စာဖတ်၊ စာငှားပရိသတ်များကလည်း လက်များကို စနစ်တကျ ဆေးကြောပြီးမှ စာကြည့်တိုက်အတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။

**ခင်သန်းလှိုင်**
**(ပြန်/ဆက်)**



# ပုသိမ်မြို့နယ်အတွင်းရှိကျေးရွာများ၌ ကျေးလက်ကုန်ထုတ်လမ်းသုံးလမ်း ဖောက်လုပ်

**ပုသိမ် မတ် ၂၈**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက ကျေးလက်နေပြည်သူများ၏ လယ်ယာထုတ်ကုန် ထွက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာပို့ဆောင်နိုင်စေရန်နှင့် လယ်ယာသုံးစက်ပစ္စည်းများ လွယ်ကူလျင်မြန်စွာသွားလာနိုင်စေရန် ရည်ရွယ်၍ ရွှံ့အင်းကျေးရွာ၊ စမ်းကြီးကုန်းကျေးရွာနှင့် မြို့ချောင်းကျေးရွာတို့တွင် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို မတ် ၂၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပုသိမ်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစတင့်ဝေ၊ ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးနိုင်နှင့် ဝန်ထမ်းများက ရွှံ့အင်းကျေးရွာ၊ စမ်းကြီးကျေးရွာနှင့် မြို့ချောင်းကျေးရွာတို့တွင် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများ ဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ရွှံ့အင်းကျေးရွာတွင် ဂဝံမြေခင်းခြင်း လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ဒုခင်းခြင်း၊ အဆိုပါလမ်းပေါ်ရှိ ကုန်ထုတ်တံတား တစ်စင်းနှင့် Box Culvert သုံးစင်း တည်ဆောက်ခြင်း၊ စမ်းကြီးကုန်းကျေးရွာတွင် ဂဝံမြေခင်းခြင်း လမ်းအရှည် ၆ ဒသမ ဝ၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ဒုခင်းခြင်း၊ အဆိုပါလမ်းပေါ်ရှိ ကုန်ထုတ်တံတား တစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းနှင့် မြို့ချောင်းကျေးရွာတွင် လမ်းအရှည် ပေ ၂၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသား နှစ်ပေ၊ ဂဝံမြေ ကိုးလက်မဒုခင်းခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးမိုးကျော်**

# ညောင်ဦးမြို့နယ် သူကောင်းတည်မြစ်ရေတင်ရေဖြင့် နွေစပါးစတင်စိုက်ပျိုး

**ညောင်ဦး မတ် ၂၈**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အထက်ညည့်ကျေးရွာအုပ်စု နွေစပါးစိုက်တောင်သူများ သူကောင်းတည်မြစ်ရေတင်ရေဖြင့် နွေစပါးစတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း နွေစပါးစိုက်တောင်သူ ဦးနိုင်ဝင်းထံမှ သိရသည်။

နွေစပါးစိုက်ပျိုးရာတွင် မနောသုခမျိုးနှင့် ဆင်းသုခမျိုးသာ စိုက်ပျိုးကြကာ အချို့တောင်သူများ စိုက်ပျိုးရေးမှ ဖြန့်ချီရောင်းချပေးသည့် စပါးစိုက်ပျိုးကြပြီး အချို့တောင်သူများအပြင်မှ ဝယ်ယူရောင်းချသည့် စပါးမျိုးများ ဝယ်ယူပျိုးထောင် စိုက်ပျိုးကြကြောင်း သူကောင်းတည်ကျေးရွာမှ နွေစပါးစိုက်တောင်သူ ဦးမင်းကိုက ရှင်းပြသည်။



နွေစပါးစိုက်ပျိုးရာတွင် ဆင်းသုခနှင့်မနောသုခစပါးမျိုးများအား ဖေဖော်ဝါရီလအတွင်း စတင်ပျိုးထောင်ကြကာ မတ်လအတွင်း ပျိုးနုတ်စိုက်ပျိုးကြကြောင်း၊ ပျိုးထောင်ချိန် ၄၅ ရက်ကြာတွင် ပျိုး(မျိုး)နုတ်စိုက်ပျိုးကြကာ လယ်ယာထွန်ယက်ထားရကြောင်း၊ ထွန်စက်တစ်နာရီထွန်ယက်ခ ကျပ် ၂၃၀၀၀ ပေးရကာ ထွန်စက်ဖြင့်ထွန်ယက်ပြီးလျှင် နွားရှည်းဖြင့် လယ်မြေညှိ (ကြမ်းတုံးရိုက်) ရကြောင်း၊ ထွန်ရှည်းခ နေ့တစ်ဝက် ကျပ်၈၀၀၀ ပေးရကြောင်း သိရသည်။

လျှပ်စစ်မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့် စပါးစိုက်တောင်သူများသည် နွေစပါး တစ်ဧကလျှင် ဆင်းသုခမျိုးနှင့်မနောသုခမျိုး နှစ်မျိုးလုံး တင်း ၉၀ မှတင်း ၁၀၀ အထိ ထွက်ကာ မိုးစပါးတွင် တစ်ဧက တင်း ၁၀၀ မှ ၁၂၀ ထွက်ရှိကြောင်း၊ လျှပ်စစ်မြစ်ရေတင်ပေးသွင်းရာတွင်လည်း မိုးစပါးစိုက်ပျိုးလျှင် တစ်ဧက ကျပ် ၆၀၀၀ ပေးသွင်းရပြီး နွေစပါးစိုက်ပျိုးချိန် တစ်ဧက ကျပ် ၉၀၀၀ သာ ပေးသွင်းရကြောင်း၊ စပါးပျိုး(မျိုး) ထောင်ချိန်မှ စပါးအောင်ရေပေးချိန်ထိ တစ်ဧက ၉၀၀၀ သာပေးရခြင်းကြောင့် စပါးစိုက်တောင်သူများအဆင်ပြေစွာစိုက်ပျိုးနိုင်ကြကြောင်း သိရသည်။

စပါးစိုက်ပျိုးရာတွင် ကောက်စိုက်သမ စိုက်ခများတစ်ဦးချင်းအငှားလိုက်စိုက်ပျိုးမှု ရှားပါးလာကာ ကေပြတ်ပေးချေရကြောင်း တစ်ဧကစပါးစိုက်ခ ကျပ် ၅၀၀၀၀ ပေးရကြောင်းသိရသည်။ **ကိုထိန်(ငါ့သရောက်)**

# ပြောင်းများအသစ်လှိုင်လှိုင်ပေါ်ကာ ဈေးကောင်းရ

**ရေနံချောင်း မတ်၂၈**
မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ထိုင်ဝမ်ပြောင်းဖူးများ လှိုင်လှိုင်ပေါ်နေပြီး ဈေးကောင်းရနေကြောင်း တောင်သူများထံမှ သိရသည်။

"ကျွန်တော့်မှာ ထိုင်ဝမ်ပြောင်းကိုရေသွင်းစိုက်တယ်၊ မျိုးစေ့၊ မြေဩဇာ၊ စိုက်ပျိုးစရိတ်အလုပ်သမားခကြေး စုစုပေါင်း နှစ်သိန်းကျော်ကုန်ကျပါတယ်။ လက်ရှိပြောင်းဖူးအဖူး ၁၀၀ ကိုကျပ် ၁၅၀၀၀ ရောင်းရတယ်။ ယခင်ဆောင်းမှာ စိုက်တဲ့ ထိုင်ဝမ်ပြောင်းအဖူး ၁၀၀ ကို ကျပ် ၈၅၀၀ ရောင်းရတဲ့အတွက် ဈေးကောင်းရတယ်။ ပြောင်းဖူးကနေ တွက်ချေကိုက်တယ်" ဟု ဒေသခံဦးမြင့်ကြူက ပြောကြားသည်။

ရေနံချောင်းမြို့နယ်ထွက် ထိုင်ဝမ်ပြောင်းကို မြို့မဈေးနှင့် ချောက်မြို့နယ် ဝွေးပင်ဈေး၊ မကွေးမြို့ ရန်ပယ်ဈေး၊ ကျောက်ပန်းတောင်းမြို့များကို တင်ပို့ရောင်းချကြောင်းသိရသည်။

ရေနံချောင်းမြို့နယ်တွင် ထိုင်ဝမ်ပြောင်းကို ကိုင်းမြေများ၌ အဓိကထားကာ စိုက်ပျိုးကြပြီး တောင်သူတစ်ဦးလျှင် တစ်ဧကမှ ငါးဧကအထိ စိုက်ပျိုးကြောင်း ရာသီစာအဖြစ် ရောင်းချရကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

# ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ကျိုက်မရော မတ် ၂၈**
မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် စမ်းနှစ်ခွလမ်းတွင် သောက်သုံးရေအခက်အခဲကြုံတွေ့နေရသောပြည်သူများအား ကျိုက်မရောမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းအောင်ဦးစီး၍ တပ်ဖွဲ့ဝင်အင်အား၂၀ တို့က ရေသယ်ယာဉ်နှစ်စီးဖြင့် သောက်သုံးရေများကို မတ် ၂၈ ရက် နံနက် ၉ နာရီက သွားရောက်လှူဒါန်းပေးခဲ့ကြသည်။

ယခုအချိန်တွင် ကျိုက်မရောမြို့နယ်အတွင်းရှိ နေရာအနှံ့အပြားတွင် ပူပြင်းသော နေပူရှိန်ကြောင့် ရေကန်များ၊ အဝီစိတွင်းများ၌ ရေများခန်းခြောက်လျက်ရှိရာ အတ္ထရံမြစ်ကမ်းနားလမ်းရပ်ကွက်ရှိ အများပြည်သူသုံး သောက်ရေကန်ကြီးမှာလည်းရေခန်းလျက်ရှိသဖြင့် အဆိုပါ ရေကန်ကို အသုံးပြုနေရသော ဒေသခံများကမြစ်အတွင်းရှိရေကိုသာ ကျိုချက်သောက်သုံးနေကြကြောင်း သိရသည်။

COVID- 19 ရောဂါကြောင့် ပြည်သူများ စိတ်သောကရောက်နေချိန်၌ အခြားအခက်အခဲများမဖြစ်ရအောင် ရဲတပ်ဖွဲ့အနေဖြင့် ကူညီဖြေရှင်းပေးသွားမည်ဖြစ်ကြောင်းနှင့် သောက်သုံးရေ အခက်အခဲများကို လည်း ရဲတပ်ဖွဲ့က ကူညီဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းအောင်ထံမှ သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

# မန္တလေးဆေးရုံကြီး ရှစ်ထပ်နှလုံးကုသဆောင်လွှဲပြောင်းပေးအပ်ပွဲနှင့် အထက်မြန်မာပြည် နှလုံးအထူးကုစင်တာ ဖွင့်လှစ်

**မန္တလေး မတ် ၂၈**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးအတွင်း တည်ဆောက်ပြီးစီးခဲ့သည့် ရှစ်ထပ်နှလုံးကုသဆောင် လွှဲပြောင်းပေးအပ်ပွဲနှင့် အထက်မြန်မာပြည် နှလုံးအထူးကုစင်တာဖွင့်လှစ်ပွဲ အခမ်းအနားကို မတ်၂၇ ရက် နံနက် ၈ နာရီခွဲက ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ ရှိ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာစုစုဒွေး၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းမြင့်တို့ တက်ရောက်အားပေးသည်။ ထို့နောက် အထက်မြန်မာပြည် နှလုံးအထူးကုစင်တာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ရှစ်ထပ်နှလုံးကုသဆောင် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကိုကျင်းပရာ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာစုစုဒွေးက ကျန်းမာရေးဝန်ကြီးဌာနမှ ပံ့ပိုးကူညီမှုဖြင့် မန္တလေးဆေးရုံကြီး အဆင့်မြင့်တင်၍ ခေတ်မီရောဂါရှာဖွေရေးကိရိယာများ တပ်ဆင်မှုနှင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုများကိုလည်းကောင်း၊ နှလုံးရောဂါအထူးကုဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာသန်းသန်းကြိုင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဆေးရုံအုပ်ကြီးက ရှစ်ထပ်နှလုံးကုသဆောင် တည်ဆောက်ရေးတွင် ပါဝင်ကူညီလှူဒါန်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး တက်ရောက်လာသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌပါမောက္ခ ဒေါက်တာခင်မောင်မြင့်၊ ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်မောင်လွင်နှင့် ပါမောက္ခ/ဌာနမှူးများ တက်ရောက်ကြသည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် နှလုံးရောဂါအထူးကုဌာနနှင့် နှလုံးသွေးကြော ခွဲစိတ်ကုဌာန ဖွင့်လှစ်ထားပြီး အထူးကုဆရာဝန်ကြီးများက နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ရုတ်တရက်လေဖြတ်ခြင်းများအား နှလုံးသွေးကြောချဲ့ကုသမှုများဖြင့် နိုင်ငံတကာအဆင့်မီ ကုသစရိတ်သက်သာစွာဖြင့် ၂၄ နာရီ ကုသပေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၀၆၉ စီး၊ သွင်းကုန် ၁၉၆၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၆၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈ ဒသမ ၈၉၀ သန်း)၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၂၄၀ သန်း) စုစုပေါင်းတားဆီးမှုငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉ ဒသမ ၁၃ သန်း)အား ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင်အမှတ်(၁၉၉/၆) ပန်စုံကျေးရွာအနီး၌ Toyota Crown ယာဉ်တစ်စီးနှင့် Nissan AD Van ယာဉ်တစ်စီးအား မသင်္ကာသဖြင့် စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံပိတ်ဆို့ဖမ်းဆီးခဲ့ရာမှ မိုင်တိုင်အမှတ် (၁၉၈/၂) ပိန်းဆာကျေးရွာအနီးရှိ ခရစ်ယာန်ဘုရားကျောင်းအနီး၌ ဖမ်းဆီးရမိခဲ့သဖြင့် အဆိုပါ ယာဉ်နှစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဖောက်ခွဲဖျက်ဆီးရေးသုံးပစ္စည်းများဖြစ်သော Electric Detonator+Wire(5.0m) ဝိုင်ယာကြိုးတွဲလျက် (Shock Tube Detonator) (12700) U၊ Electric Detonator+Wire (3.5 m) ဝိုင်ယာကြိုးတွဲလျက် (Shock Tube Detonator) (21100)U၊ Electric Detonator (41000) U နှင့် ပစ္စည်းသယ်ဆောင်လာသော ယာဉ်နှစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၈ ဒသမ ၈၉၀ သန်းအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ရွှေပြည်သာမြို့နယ်၌ မှုခင်းပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေး

**ရွှေပြည်သာ မတ် ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် စက်မှုဇုန်(၁) စက်မှု(၃)လမ်းရှိ တံမြက်စည်းစက်ရုံ၌ မတ် ၂၄ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး မှုခင်းပြခန်းယာဉ်ဖြင့် ရွှေပြည်သာမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးစိုးမိုးလွင်ဦးဆောင်၍ မြို့မရဲစခန်းမှူးဒုရဲမှူး တင်မောင်လွင်၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ကျော်စွာအောင်၊ မူးယစ်တပ်ဖွဲ့စု(၄၀)မှ တပ်ကြပ်ကြီး နိုင်လင်းထွန်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးတပ်ဖွဲ့စု(၆)မှ ဒုရဲအုပ်ဇော်ဦးတို့က စက်ရုံအလုပ်သမားများအား သက်ငယ်မုဒိမ်းမှု၊ လုယက်မှု၊ လူသတ်မှု၊ ခိုးမှုတို့နှင့်ပတ်သက်သော မှုခင်းအသိပညာများ၊ မူးယစ်ဆေးဝါးဆိုးကျိုးများ၊ မူးယစ်ဆေးဝါးဆိုးကျိုးများကြောင့် ရရှိနိုင်မည့် အန္တရာယ်များ၊ လူကုန်ကူးမခံရစေရန် ရှောင်ရန်၊ ဆောင်ရန်များကို အသိပညာပေးဟောပြောခဲ့ပြီး မှုခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း(ရွှေပြည်သာ)**

# အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သောယာဉ်များ အရေးယူ

**နေပြည်တော် မတ် ၂၈**

အမြန်လမ်းမကြီးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မတ် ၂၆ ရက် ညနေ ၅ နာရီမှ မတ် ၂၇ ရက် ညနေ ၅ နာရီအထိ ယာဉ်စည်းကမ်းစစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရန်ကုန်-မန္တလေး အမြန်လမ်း လှည်းကူးမြို့နယ် အမှတ်(၃) လမ်းဆုံတိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော ယာဉ်ခြောက်စီး၊ ဘောနတ်ကြီး မီနီတိုးဂိတ်၌ တစ်စီး၊ ဖြူးတိုးဂိတ်၌ ကိုးစီး၊ နေပြည်တော်တိုးဂိတ်၌ ၁၀ စီး၊ သီးကုန်းတိုးဂိတ်၌ နှစ်စီး၊ စကားအင်းတိုးဂိတ်၌နှစ်စီး စုစုပေါင်း အစီး ၃၀ ဖမ်းဆီးခဲ့ပြီး ယာဉ်စည်းကမ်းတရားရုံးများသို့ တရားစွဲတင်ပို့မည်ဖြစ်ကြောင်း သိရသည်။

**ရဲပြန်ကြား**

# နေပြည်တော်၌ လမ်းဖြတ်ကူးသူအား ဆိုင်ကယ်ဖြင့် တိုက်မိ၊ ဆိုင်ကယ်မောင်းသူ သေဆုံး

**နေပြည်တော် မတ် ၂၈**

ပျဉ်းမနားမြို့ ယောက်သွားအင်းရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်း စည်းစိမ်(၂) ကုန်စုံဆိုင်ရှေ့တွင် မတ် ၂၇ ရက် ည ၉ နာရီ ၄၅ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွား၍ တစ်ဦးသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇီဇဝါပန်းအဝိုင်းပတ်မှ ဆင်ရတနာမီးပွိုင့်ဘက်သို့ ရွှေချီရပ်ကွက်နေ စိုးမင်းကို မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ မမိုးမိုး လိုက်ပါစီးနင်းလာသောဆိုင်ကယ်သည် လမ်းဖြတ်ကူးသူ စိုးမင်းထွန်းအား တိုက်မိ၍ ဆိုင်ကယ်တိမ်းမှောက်သွားကာ မမိုးမိုးနှင့် စိုးမင်းထွန်းတို့တွင် ဒဏ်ရာများရရှိပြီး ယာဉ်မောင်း စိုးမင်းကိုမှာ သေဆုံးသွားသဖြင့် စိုးမင်းကိုအား ပျဉ်းမနားမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပုသိမ်မြို့၌ မီးလောင်မှုဖြစ်ပွား

**ပုသိမ် မတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက် မဟာဗန္ဓုလလမ်း နေခြည်စတိုးဆိုင်တွင် မတ် ၂၇ ရက် ည ၈ နာရီ ၄၅ မိနစ်က မီးလောင်မှုဖြစ်ပွားသည်။

မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ကြရာ ည ၉ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားသည်။ မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်းနှင့် မီးလောင်မှုနှင့်ပတ်သက်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မောင်မောင်မြင့်(ပြန်/ဆက်)**



# လှည်းကူးမြို့နယ်အတွင်းမှ သစ်ခွဲသားငါးတန်ကျော် သိမ်းဆည်းရမိ

**ရန်ကုန် မတ် ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ပန်းတောကုန်းကျေးရွာအနီးမှ တရားမဝင်သစ်ခွဲသားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၇ ရက် မွန်းလွဲ ၁ နာရီခန့်တွင် လှည်းကူးမြို့နယ်သစ်တောဦးစီးအရာရှိ ဦးတင်ထွဏ်းဦးစီးသောအဖွဲ့သည် နယ်မြေကွင်းဆင်းဆောင်ရွက်နေစဉ် လှည်းကူးမြို့နယ် ပန်းတောကုန်းကျေးရွာအနီး ငမိုးရိပ်ချောင်းစပ်တွင် တရားမဝင်သစ်ခွဲသား ၁၂၀ ချောင်း (၅ ဒသမ ၇၆၂၂ တန်) ရှာဖွေတွေ့ရှိရသဖြင့် တရားမဝင်သစ်ခွဲသားများ ပြုလုပ်နေသူအား ရှာဖွေစုံစမ်းဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**



# ရမည်းသင်းမြို့၌ ခြင်ဆေးခွေထွန်းရာမှ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက်တွင် မတ် ၂၇ ရက် ညနေ ၅ နာရီက မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက သွားရောက်ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၅ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့သည်။

ဖြစ်စဉ်မှာ အောင်မင်္ဂလာရပ်ကွက်နေ ဦးထွန်းဝေသည် နေအိမ်အတွင်းရှိ အဝတ်ဟောင်းပုံအနီး ခြင်ဆေးခွေထွန်းရာမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး အိမ်နီးချင်းဖြစ်သော ဦးမောင်စိုး၏နေအိမ်အား မီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် ဦးထွန်းဝေအား ရမည်းသင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

---

**❐ နျူအာမှ**

ဘိုင်ယန်မြူးနစ်အသင်းဟာ လက်ရှိဂိုးသမားနျူအာရဲ့နေရာမှာ အစားထိုးဖို့အတွက် ရှော့လ်ကေးအသင်းရဲ့ ဂိုးသမားနူဘယ်ကိုလည်း စာချုပ်ချုပ်ဆိုခေါ်ယူထားခဲ့ပြီးလည်း ဖြစ်ပါတယ်။ နူဘယ်ဟာ ဂျာမနီမြေမှာ အကောင်းဆုံးလူငယ်ကစားသမားတွေထဲက တစ်ဦးအဖြစ်လည်း နာမည်ရနေတာ ဖြစ်ပါတယ်။

ဒါပေမယ့် ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ အတွေ့အကြုံရင့်ကျက်တဲ့ ဘာစီလိုနာဂိုးသမားတာစတီဂန်ကို ပြောင်းရွှေ့ကြေးပေါင်သန်း ၈၀ နဲ့ ခေါ်ယူဖို့ပြင်ဆင်နေတာဖြစ်ပြီး အဲဒီပြောင်းရွှေ့ကြေးဟာ ဂိုးသမားတစ်ဦးကို ခေါ်ယူမှုအတွက် ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြစ်လာဖို့လည်း ရှိနေတာ ဖြစ်ပါတယ်။

အရင်က ချယ်လ်ဆီးအသင်းအနေနဲ့ ဘီဘာအိုဂိုးသမား ကီပါကို ပြောင်းရွှေ့ကြေးပေါင် ၇၂ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး အဲဒီပြောင်းရွှေ့ကြေးဟာ ဂိုးသမားတစ်ဦးကို ခေါ်ယူခဲ့ရာမှာ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ဖြစ်လာခဲ့တာဖြစ်ပါတယ်။

ဂိုးသမားတာစတီဂန်ဟာ လက်ရှိကာလပ်ဘိုင်ယန်မြူးနစ်အသင်းနဲ့ စာချုပ်သက်တမ်းတိုးဖို့ ငြင်းဆိုထားတာကြောင့် ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်တယ်လို့လည်း သတင်းတွေက ဖော်ပြထားပါတယ်။

**ငွေကြယ် - စုစည်းသည်**

**◆ ချယ်လ်ဆီးကစားသမားမှ**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရတာလည်း ဖြစ်ပါတယ်။

ချယ်လ်ဆီးလူငယ်အသင်းကနေ ပေါက်ဖွားလာခဲ့တဲ့ တောင်ပံကစားသမား အိုဒိုအီဟာ လက်ရှိမှာလည်း ချယ်လ်ဆီးအသင်းမှာ ပါဝင်ကစားနေတာဖြစ်ပြီး ၂၉ ပွဲမှာ သွင်းဂိုးတစ်ဂိုးသွင်းယူပေးထားတာဖြစ်ပါတယ်။ တောင်ပံကစားသမား အိုဒိုအီဟာ ချယ်လ်ဆီးအသင်းနဲ့အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် အင်္ဂလန်လက်ရွေးစင်အသင်းမှာ ပါဝင်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး လက်ရှိမှာ အင်္ဂလန်အသင်းအတွက် သုံးပွဲပါဝင်ကစားပေးထားတာ ဖြစ်ပါတယ်။



# နေအိမ်မှာရှိနေစဉ် တေးသီချင်းသစ်တွေ ဖန်တီးသွားမယ့် ဟယ်ရီစတိုင်

ဗြိတိန်ရဲ့ ကျော်ကြားတဲ့ ပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်သူ ဟယ်ရီစတိုင်က လတ်တလော ကမ္ဘာတစ်ဝန်းဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်ကာကွယ်ရေးအတွက် နေအိမ်မှာပင် အသွားအလာကန့်သတ်ထားတဲ့ ကာလမှာ သူ့အနေနဲ့ တေးသီချင်းသစ်တွေ ဖန်တီးသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အမ်တီဗွီဒွေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒါ့အပြင် ဟယ်ရီစတိုင်က ကပ်ရောဂါဖြစ်ပွားနေတဲ့ ကာလအတွင်း တေးသံရှင်တွေအနေနဲ့ တေးဂီတလှုပ်ရှားမှု အသစ်တွေကို မလုပ်နိုင်တဲ့အပြင် ဖျော်ဖြေပွဲတွေလည်း ပြုလုပ်နိုင်ခြင်းမရှိတာကြောင့် အချိန်တွေပိုနေကြောင်း၊ ဒါကြောင့် ကမ္ဘာတစ်ဝန်းက တေးသံရှင်တွေအနေနဲ့ တကယ့်ကိုကောင်းမွန်တဲ့ တေးသီချင်းသစ်တွေကို ဒီကာလ အတွင်း ဖန်တီးနိုင်လိမ့်မယ်လို့ ထင်မိကြောင်းလည်း ပြောကြားခဲ့ပါတယ်။

မတ် ၂၆ ရက်က အက်ပဲလ်တေးဂီတနဲ့ ပြုလုပ်တဲ့ အင်တာဗျူးတစ်ခုမှာ ဟယ်ရီစတိုင်က သူ့ရဲ့နေအိမ်မှာပင် နေထိုင်ကာ အသွားအလာကန့်သတ်မှုပြုလုပ်တဲ့ ကာလ အကြောင်း ထုတ်ဖော်ပြောကြားခဲ့တာပါ။ ဟယ်ရီစတိုင်က တေးသီချင်းသစ်ဖန်တီးနိုင်မယ့်အကြောင်း ပြောကြားခဲ့တဲ့ အပြင် ကိုဗစ် -၁၉ ရဲ့ ကြောက်စရာကောင်းပုံကိုလည်း အင်တာဗျူးမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။ ပေါ့ပ်ကြယ်ပွင့်က အီတလီမှာ သူ့ရဲ့ပရိသတ်တွေနဲ့ ဝန်ထမ်းတွေရှိပြီး နေ့စဉ်ထောင်နဲ့ချီသေဆုံးမှုတွေကို ကြားသိနေရတာ အတော်လေးထိတ်လန့်စရာဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

**အေးပြည့် - စုစည်းသည်**

# ကိုရိုနာဗိုင်းရပ်စ်ထိန်းချုပ်ကာကွယ်ရေးအတွက် အလှူငွေများ လှူဒါန်း

ကမ္ဘာတစ်ဝန်း လတ်တလောဖြစ်ပွားနေတဲ့ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို ထိန်းချုပ်ကာကွယ်ရေးအတွက် ကျော်ကြားတဲ့ ကြယ်ပွင့်တွေက အလှူငွေတွေ ပါဝင်လှူဒါန်းခဲ့ကြပါတယ်။ ဒီလို ပါဝင်လှူဒါန်းခဲ့သူတွေအထဲမှာ ဟောလိဝုဒ်မင်းသမီး အန်ဂျလီနာဂျိုလီ၊ တေးသံရှင်တွေ ဖြစ်ကြတဲ့ တေလာဆွစ်နဲ့ အရီရန်နာဂရန်းဒ်၊ ရုပ်သံ သရုပ်ဆောင်တစ်ဦးဖြစ်သူ ခိုင်လီဂျန်နာတို့လည်း ပါဝင်ပါ တယ်။







အန်ဂျလီနာဂျိုလီဟာ အမေရိကန်ဒေါ်လာ တစ်သန်း လှူဒါန်းခဲ့တာပါ။ သူ့ရဲ့ အလှူငွေတွေကို ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားနေစဉ်ကာလအတွင်း ဆင်းရဲတဲ့မိသားစုနဲ့ ဝင်ငွေနည်းပါးတဲ့ မိသားစုတွေက ကလေးငယ်တွေအတွက် အစားအစာတွေ ပေးဝေဖို့ရန် အသုံးပြုသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။ ဒီလို လှူဒါန်းရတာဟာ အမေရိကန်မှာရှိတဲ့ ကလေးငယ်တွေရဲ့ ဆာလောင်မှုကို ရပ်တန့်စေဖို့လည်းဖြစ်တယ်လို့ ဂျိုလီက ဆိုပါတယ်။

ဂျိုလီက "ယခုသီတင်းပတ်အတွင်း ကမ္ဘာတစ်ဝန်း ကလေးငယ် တစ်ဘီလီယံခန့်ဟာ ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုဂယက်တွေကြောင့် ကျောင်းနားလိုက်ရပါတယ်။ အမေရိကန်မှာရှိတဲ့ အစားအစာထောက်ပံ့မှုတွေအပေါ် မှီခိုနေရတဲ့ ကလေးငယ် ၂၂ သန်း အပါအဝင် ကလေးများစွာဟာ ကျောင်းမှာရရှိတဲ့ ပြုစုမှုတွေနဲ့ အာဟာရတွေကို မှီခိုနေရတာဖြစ်ပါတယ်"လို့ ပြောကြားခဲ့ပါတယ်။




ကျော်ကြားတဲ့ အလှအပရေးရာအကြံပေးနဲ့ ရုပ်သံ သရုပ်ဆောင်တစ်ဦးဖြစ်သူ ခိုင်လီဂျန်နာဟာလည်း ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် အမေရိကန်ဒေါ်လာ တစ်သန်း လှူဒါန်းခဲ့ပါတယ်။ ခိုင်လီဂျန်နာကတော့ သူ့ရဲ့ အလှူငွေတွေကို လော့စ်အိန်ဂျလိစ်ဆေးရုံကို လှူဒါန်းခဲ့တာ ပါ။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကို ရှေ့တန်းကနေ ရင်ဆိုင်တိုက်ပွဲဝင်ကုသပေးနေတဲ့ ဆေးဝန်ထမ်းတွေ အတွက် လိုအပ်တဲ့ ကျန်းမာရေးဆိုင်ရာ အသုံးအဆောင်တွေ ဝယ်ယူဖို့အတွက် ယခုလို လှူဒါန်းခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ခိုင်လီဂျန်နာရဲ့ လှူဒါန်းမှုကို သူ့ရဲ့မိသားစုဆရာဝန် ဖြစ်တဲ့ ဒေါက်တာထိုင်းစ်အလီအာဘာဒီက သူ့ရဲ့အင်စတာ ဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပြီး ကြယ်ပွင့်ရဲ့လှူဒါန်းမှု အတွက် ဝမ်းသာလွန်းတာကြောင့် မျက်ရည်ပင်ကျမိကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။

အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ကတော့ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် အသွားအလာကန့်သတ် မှုတွေခံနေရတဲ့ကာလအတွင်း အကူအညီလိုအပ်နေတဲ့ ပရိသတ်တစ်ဦးကို အမေရိကန်ဒေါ်လာ သုံးထောင်ပေးခဲ့ပါ တယ်။ ဒီလို အကူအညီရရှိခဲ့ကြောင်း လက်ခံရရှိခဲ့သူ ပရိသတ်က သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ရေးသား ဖော်ပြခဲ့ပြီး ကျေးဇူးတင်ကြောင်းလည်း ဖော်ပြခဲ့တာ တွေ့ရ ပါတယ်။

အခြားသော ကျော်ကြားတဲ့ ပေါ့ပ်တေးသံရှင်တစ်ဦး ဖြစ်သူ အရီရန်နာဂရန်းဒ်ကလည်း အကူအညီလိုအပ်နေတဲ့ သူ့ရဲ့ ပရိသတ်တွေကို ငွေကြေးထောက်ပံ့ပေးခဲ့ကြောင်း အီးအွန်လိုင်းဒွေါ့ကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

အရီရန်နာဂရန်းဒ်က ငွေကြေးထောက်ပံ့ပေးကြောင်း သူ့ရဲ့ပရိသတ်တွေက လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကြတာပါ။ အသွားအလာကန့်သတ်ခံရတဲ့ ကာလအတွင်း အိမ်မှာပင်နေထိုင်ရတာကြောင့် အချို့ သော ပရိသတ်တွေ အလုပ်တွေဆုံးရှုံးရကာ ငွေကြေး အခက်အခဲတွေရှိခဲ့ကြောင်း၊ ဒီလို ပရိသတ်တွေကို အရီရန် နာဂရန်းဒ်က အမေရိကန်ဒေါ်လာ ၅၀၀ ကနေ ၁၅၀၀ အထိ ထောက်ပံ့ပေးခဲ့ကြောင်း၊ ဒီလို ကူညီပေးရာမှာလည်း ပေါ့ပ်ကြယ်ပွင့်က အများကိုမသိစေဘဲ တိတ်တဆိတ် ပေးအပ်ခဲ့ကြောင်းနဲ့ အရီရန်နာဂရန်းဒ်ရဲ့ လုပ်ဆောင်မှု တွေအတွက် ချီးကျူးကြောင်း ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။




# သရုပ်ဆောင်လောကအတွင်း ဝင်ရောက်ဖို့ရာ ထိတ်လန့်မိခဲ့ကြောင်း ဝိန်းဂျွန်ဆင် ဖွင့်ဟ



ကျော်ကြားတဲ့ ဟောလိဝုဒ်မင်းသားကြီး ဝိန်းဂျွန်ဆင်ဟာ နပန်းသမားဘဝကနေ သရုပ်ဆောင်တစ်ဦးအဖြစ် စတင်လှုပ်ရှားဖို့ရာ စဉ်းစားခဲ့ချိန်မှာ အတော်လေး ထိတ်လန့်မိကြောင်း လတ်တလောမှာ ရင်ဖွင့်ခဲ့ တယ်လို့ အေးရှားဝမ်းဒွေါ့ကွန်းရဲ့ ရေးသား ဖော်ပြချက်တွေအရ သိရပါတယ်။

ကျောက်တုံးကြီးလို့ အများကခေါ်ကြတဲ့ ဝိန်းဂျွန်ဆင်ဟာ ၂၀၀၂ ခုနှစ်မှာ ဟောလိဝုဒ် လောကကို စတင်ဝင်ရောက်ခဲ့သူပါ။ သူဒီလို သရုပ်ဆောင်အဖြစ် စတင်လုပ်ဆောင်ဖို့ရာ စဉ်းစား ချိန်မှာ ဟောလိဝုဒ်လောကအတွင်း ဝင်ရောက်ဖို့ အတော်လေး စိတ်လှုပ်ရှားခဲ့ပြီး ထိတ်လန့်မိကြောင်း မင်းသားကြီးက ထုတ်ဖော်ပြောကြားလာပါတယ်။ ဒီအကြောင်းတွေကို ဝိန်းဂျွန်ဆင်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ လတ်တလော ဖော်ပြခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဝိန်းဂျွန်ဆင်ဟာ သူ့အသက် ၂၉ နှစ်အရွယ်မှာ အောင်မြင်တဲ့နပန်းသမားတစ်ဦးအဖြစ် ရှိနေစဉ်မှာပင် သရုပ်ဆောင်လောကအတွင်း စတင်ဝင်ရောက်ခဲ့တာ ဖြစ်ပါတယ်။ The Scorpion King ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ကာ ဟောလိဝုဒ်ကို စတင်ခြေချခဲ့တဲ့ မင်းသားကြီးက သူ့ဘဝမှာ ရေရှည်တည်တံ့မယ့် အသက်မွေးဝမ်းကျောင်းတစ်ခုရှိဖို့ရာ စဉ်းစားပြီး သရုပ်ဆောင်လောက အတွင်း ဝင်ရောက်ခဲ့တာဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

# နေရပ်ကို ပြန်လည်ရောက်ရှိခဲ့ပြီဖြစ်တဲ့ တွမ်ဟန့်စ်

ဟောလိဝုဒ်မင်းသားကြီး တွမ်ဟန့်စ်နဲ့ ဇနီးဖြစ်သူ ရီတာရေဆန်တို့ဟာ သြစတြေးလျကို ရောက်ရှိနေစဉ် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရ ကြောင်း တွေ့ရှိခဲ့ရတာကြောင့် ကုသမှုတွေ ခံယူခဲ့ပြီး လတ်တလောမှာ နေရပ်ဖြစ်တဲ့ လော့စ်အိန်ဂျလိစ်ကို ပြန်လည်ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း အေးရှားဝမ်းဒွေါ့ကွန်းရဲ့ ရေးသား ဖော်ပြချက်တွေအရ သိရပါတယ်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရတာကြောင့် ၁၄ ရက်ကြာ စောင့်ကြည့်ခံခဲ့ရပြီးနောက် မတ် ၂၇ ရက်မှာ ကြယ်ပွင့်စုံတွဲဟာ လော့စ်အိန်ဂျလိစ် ကို ပြန်လည်ရောက်ရှိခဲ့တာပါ။ လတ်တလော မှာ နှစ်ဦးစလုံးရဲ့ ကျန်းမာရေးအခြေအနေဟာ ကောင်းမွန်နေတာကိုလည်း တွေ့ရပါတယ်။

အမေရိကန် မင်းသားကြီး တွမ်ဟန့်စ်ဟာ အော်စကာဆုကို နှစ်ကြိမ်တိုင် ဆွတ်ခူးနိုင်ခဲ့တဲ့ မင်းသားတစ်ဦးဖြစ်ပြီး ပရိသတ်တွေရဲ့ ချစ်ခင် မှုကို ရရှိသူတစ်ဦးလည်း ဖြစ်ပါတယ်။ သူဟာ ဟောလိဝုဒ်ကြယ်ပွင့်တွေအနက် ကိုရိုနာ ဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်း ပထမဆုံး ထုတ်ဖော်ပြောကြားလာတဲ့ ကြယ်ပွင့်တစ်ဦး လည်း ဖြစ်တယ်လို့ သိရပါတယ်။

တွမ်ဟန့်စ်နဲ့ ဇနီးဖြစ်သူ ရီတာဝေဆန်တို့ ဟာ သြစတြေးလျကို ရောက်ရှိနေစဉ် ကိုရိုနာ ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့ တာလည်း ဖြစ်ပါတယ်။ မင်းသားကြီးက ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း ပရိသတ် တွေကို သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်က နေတစ်ဆင့် ထုတ်ဖော်အသိပေးခဲ့တာလည်း ဖြစ်ပါတယ်။



# ဗြိတိန်နိုင်ငံရှိ အထင်ကရနေရာများနှင့် ရုပ်တုများ အပိုင်း(၂)

စာဆိုတမန်

(၂၃-၃-၂၀၂၀ ရက်နေ့မှ အဆက်)

**၃၉။ ဟောလီရုဒ် နန်းတော် (Palace of Holyroodhouse)**

ဟောလီရုဒ်နန်းတော်သည် စကော့တလန်ပြည်နယ် အီဒင်ဘာ့ဂ်မြို့ အီဒင်ဘာ့ဂ်ရဲတိုက်နှင့် မျက်နှာချင်းဆိုင်အရပ်၌ တည်ရှိပါသည်။ အယ်လီစဘတ်ဘုရင်မကြီး၏ နွေရာသီအစ ရက်သတ္တတစ်ပတ်ခန့် စံမြန်းရာ နန်းတော် ဖြစ်ပါသည်။ စကော့တလန်၏ အထင်ရှားဆုံး၊ အခမ်းနားဆုံး၊ တော်ဝင်ညှော်ခန်းမကြီးများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာတစ်ခုဖြစ်ပါသည်။ နိုင်ငံတော်အဆင့် အခမ်းအနားများကျင်းပရာနေရာတစ်ခုလည်း ဖြစ်ပါသည်။ နွေရာသီအချိန် တော်ဝင်မိသားစုများ လာရောက်နေထိုင်သည့် အချိန်မှလွဲ၍ အများပြည်သူကြည့်ရှုလေ့လာနိုင်ရန် တစ်နှစ်ပတ်လုံး ဖွင့်လှစ်ထားရှိပါသည်။



ဟောလီရုဒ်နန်းတော်။

အဆိုပါ နန်းတော်၌ စကော့တော်ဝင်မိသားစုတို့၏ အတိတ်သမိုင်းကြောင်း သမိုင်းဝင်ထင်ရှားသော ခမ်းနားထည်ဝါသည့် နိုင်ငံတော်အဆင့် ဖွဲ့စည်းတည်ဆောက်ထားသည့် ခန်းမကြီး၁၄ ခု၊ ၁၂ ရာစုတွင် ခရစ်ယာန်ဘုရားကျောင်းကြီး စိတ်ကူးယဉ်ဆန်ဆန် ပျက်စီးခဲ့မှုနှင့် အတုယူဖွယ် တော်ဝင်ဥယျာဉ်တော်တို့ကို လေ့လာ တွေ့ရှိနိုင်ပါသည်။ ၁၆ ရာစုကတည်းက စကော့တလန်ဘုရင်နှင့် မိဖုရားများစံမြန်းရာ နန်းတော်တစ်ခု ဖြစ်ခဲ့ပါသည်။ အထူးသဖြင့် စကော့တလန်ဘုရင်မ မေရီ၏ ဝတ္ထုဆန်ဆန် ရှုပ်ထွေးလှသည့် ဘဝနေထိုင်မှု သမိုင်းဝင်ဖြစ်ရပ်များ တည်ရှိခဲ့ရာ နေရာတစ်ခုလည်း ဖြစ်ပါသည်။ အဆိုပါ နန်းတော်ကို ၁၆၇၁ ခုနှစ်မှ ၁၆၇၈ ခုနှစ်အတွင်း တည်ဆောက်ခဲ့ကာ မျက်နှာဖွင့်အလယ်တွင် လေးထောင့်ပုံမြေကွက်လပ်ရှိသည့် သုံးထပ်အဆောက်အဦ ဖြစ်ပါသည်။ အလျား၊ အနံမှာ အရှေ့မှ အနောက်သို့ ပေ ၂၃၀ နှင့် မြောက်မှ တောင်သို့ ပေ ၂၃၀ စတုရန်းကျသည့် စကော့ဗိသုကာလက်ရာ အဆောက်အဦ ဖြစ်ပါသည်။ ဘုရင်ဂျော့(၅)နှင့် မိဖုရား မေရီတို့က ပထမဆုံးဥယျာဉ်ပါတီပွဲကို နန်းတော်မြက်ခင်းပြင်၌ ကျင်းပခဲ့ရာ ယနေ့အချိန်အထိ အဆိုပါ ပွဲတော်ကို နှစ်စဉ်ဆက်လက် ကျင်းပလျက်ရှိပါသည်။ ဘုရင်မကြီးနှင့် စကော့တလန်အုပ်ချုပ်သူများ အပါအဝင် ဧည့်သည်ပေါင်း ၈၀၀၀ ခန့်တို့က စကော့ရိုးရာ ဝတ်စားဆင်ယင်မှုများဖြင့် ဟောလီရုဒ် ရက်သတ္တပတ်တွင် ပါဝင်လမ်းလျှောက်ကြပါသည်။ ခေတ်အဆက်ဆက် တော်ဝင်နန်းတော်အဖြစ် စံမြန်းလာခဲ့သည်မှာ နှစ်ပေါင်း ၅၀၀ ကျော်ရှိပြီ ဖြစ်ပါသည်။

**၄၀။ ဝင်ဒါမီယာရေကန် (Windermere Lake)**

ဝင်ဒါမီယာဟုခေါ်တွင်သည့် ရေကန်ကြီးသည် ဗြိတိန်နိုင်ငံတွင် အကြီးဆုံးနှင့် အလှပဆုံးရေကန်ကြီးဖြစ်ပြီး Lake District ဒေသ၏ ပင်မဗဟိုနေရာတွင် တည်ရှိ ကာကမ်ဘရီယာ ကောင်စီနယ်မြေတွင် ပါဝင်ပါသည်။ ရေကန်၏ အရှည်မှာ ၁၇ ကီလိုမီတာခန့်ဖြစ်ပြီး အကျယ်မှာ တစ်မိုင်ခန့်ဖြစ်ပါသည်။ စုစုပေါင်းဧရိယာအကျယ်အဝန်းမှာ ခြောက်စတုရန်းမိုင် ဖြစ်ပါသည်။

ဝင်ဒါမီယာရေကန်သည် ရေခဲမြစ်နှစ်ခုပေါင်းဆုံခြင်းကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ရေကန်၏ မြောက်ဘက်ပိုင်းတွင် Winster တောင်တန်းများအဖြစ် သွယ်တန်းကာရံလျက်ရှိပြီး တောင်ဘက်ပိုင်းသို့ စီးဆင်းရာမှ Esthwaite ဖြစ်ပေါ်လာပါသည်။ အလယ်ပိုင်းဒေသသည် Bowness-on- Windermere နှင့် မျက်နှာမူရာအရပ်တွင် တည်ရှိပြီး ရေတိမ်ပိုင်းဒေသ ဖြစ်ပါသည်။ ၁၀ ပေခန့် အနက်သာရှိသဖြင့် ပေ ၂၀၀ အနက်ဖြစ်သည့် မြောက်ပိုင်းဒေသနှင့် ပေ ၁၄၀ အနက် ရှိသည့် တောင်ပိုင်းဒေသတို့နှင့် နှိုင်းယှဉ်ပါက အဆမတန် ကွာခြားနေသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ ဝင်ဒါမီယာရေကန်၏ မြောက်ပိုင်းဒေသသည် ပင်လယ်ရေမျက်နှာပြင်အောက် ပေ ၈၀ ခန့်အထိ နက်ရှိုင်းသည်ဟု ခန့်မှန်းရပါသည်။



ဝင်ဒါမီယာရေကန်။

ရေကန်အတွင်းတွင် တောထူထပ်သော ကျွန်းများ အတန်အသင့်တွေ့ရမည်ဖြစ်ပြီး National Trust အဖွဲ့၏ ထိန်းသိမ်းစောင့်ရှောက်မှု အောက်တွင်ရှိကာ လှေဖြင့်သွားလာရန် လွယ်ကူသဖြင့် အပန်းဖြေလာရောက်သူများနှင့် စည်ကားနေသည့်နေရာများဖြစ်ပါသည်။ Belle ကျွန်းဟု ထူးဆန်းသောအမည်ရှိသည့်ကျွန်းမှာ အကြီးဆုံးနှင့် အထင်ကရကျွန်းဖြစ်ပြီး ၁၇၈၁ ခုနှစ်တွင် ဆောက်လုပ်ကြသည့် ပုံစံဖြစ်သည့် ဆန်းပြားသည့် အဆောက်အဦပုံစံနှင့် အဝိုင်းပုံသဏ္ဌာန်အိမ်တို့က ခရီးသွားဧည့်သည်များ လာရောက်ရန် ဆွဲဆောင်လျက်ရှိပါသည်။

Belle ဟူသောအမည်မှာ ကျွန်းပိုင်ရှင် John Christian Curwen ၏ ဇနီးဖြစ်သူ Isabella ၏အမည်မှ ဆင်းသက်လာခြင်းဖြစ်ပါသည်။ ၁၉ ရာစုအလယ်ပိုင်းအထိ ကျွန်း၏အမည်မှာ Long Holm ဟုသာ ခေါ်တွင်ခဲ့ပါသည်။ အဆိုပါကျွန်းပေါ်ရှိအိမ်အား မစ္စတာအင်ဂလိပ်ဆိုသောသူက စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ဒီဇိုင်းပုံစံမှာ ရောမနှင့် ဂရိ ရှေးဟောင်းဂန္ထဝင်ပုံ ဗိသုကာပညာရှင်ဖြစ်သူ John Plaw က ရေးဆွဲခြင်းဖြစ်ပါသည်။ Paddington Green ရှိ စိန့်မေရီဘုရားကျောင်းကို John Plaw ကပင် ဒီဇိုင်းရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ လက်ရှိတွင် Belle ကျွန်းမှာ Curwen မိသားစုပိုင်ဆိုင်မှု မဟုတ်တော့ဘဲ National Trust ၏ ထိန်းသိမ်းမှုအောက်တွင် တည်ရှိပါသည်။

ရေကန်အတွင်းရှိ ကျွန်းများသို့ သင်္ဘောဖြင့် သွားရောက်လည်ပတ်နိုင်ပြီး ဝင်ဒါမီယာမြို့မှ မိုင်ဝက်ခန့်အကွာတွင်ရှိသည့် စိန့်မာတင်ဘုရားကျောင်းမှ သွားရောက်နိုင်ပါသည်။ ဖယ်ရီလမ်းကြောင်း ကြာမြင့်ချိန်မှာ ၁၅ မိနစ်သာဖြစ်သော်လည်း တန်းစီရသည့် အချိန်ကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ပါသည်။ လှေနှင့် မော်တော်ဘုတ်များကိုလည်း ငှားရမ်းသွားလာနိုင်ပါသည်။ ၎င်းအပြင် ရွက်လွှင့်ရန် ဝါသနာပါသူများအတွက် ရွက်လှေများ ငှားရမ်းနိုင်သည့်အပြင် ရေပေါ် စကိတ်စီးရန် ဝါသနာပါသူများလည်း လာရောက်နိုင်ပါသည်။

ရောမခေတ်က တူးဖော်ထားသည့် ကျောက်တုံးများ သယ်ယူပို့ဆောင်ရန် ၎င်းရေကန်ကို အသုံးပြုခဲ့ကြပါသည်။ ၁၉ ရာစုအလယ်မှစတင်၍ လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များဖြင့် စည်ကားလာခဲ့သည်မှာ ယနေ့ထက်တိုင်ပင် ဖြစ်ပါသည်။

**၄၁။ မြောက်ပိုင်းနတ်သမီးရုပ်တု (Angel of the North)**

ဗြိတိန်နိုင်ငံသို့ အလည်လာရောက်မည်ဆိုပါက အလည်အပတ်သွားရောက်သည့် နေရာတစ်နေရာမှာ မြောက်ပိုင်းနတ်သမီးရုပ်တု တည်ရှိရာ Geateshead သို့ သွားရောက်သင့်ပါသည်။ အဆိုပါ ရုပ်တုမှာ Lamesley parish အရပ်ရှိ Low Eighton တောင်ကုန်းလေးပေါ်တွင် တည်ရှိပါသည်။ လန်ဒန်မှ A-1, A-167 အဝေးပြေးလမ်းမကြီးအတိုင်းသော်လည်းကောင်း၊ East Coast Main Line ရထားဖြင့်သော်လည်းကောင်း သွားရောက်နိုင်ပါသည်။



မြောက်ပိုင်းနတ်သမီးရုပ်တု။

အဆိုပါ ရုပ်တုကို Mr. Antony Gormley က ၁၉၉၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၈ ခုနှစ်တွင် အပြီးသတ်တည်ဆောက်နိုင်ခဲ့ပါသည်။ ရုပ်တုတစ်ခုလုံးကို သံမဏိများဖြင့် ပုံသွင်းတည်ဆောက်ထားခြင်းဖြစ်ပြီး အလေးချိန် တန် ၂၀၀ ရှိပါသည်။ ရုပ်တုအမြင့် မီတာ ၂၀ (၆၆ ပေ) ရှိပြီး အလေးချိန် တန် ၁၀၀ ရှိပါသည်။ အတောင်နှစ်ဖက် အရှည်မှာ ၅၄ မီတာ (၁၇၇ ပေ)ရှိပြီး တောင်ပံတစ်ခုစီမှာ အလေးချိန် တန် ၅၀ ရှိပါသည်။ တောင်ပံများကို ၃ ဒသမ ၅ ဒီဂရီ အရှေ့ဘက်သို့ စောင်းပေးထားပါသည်။ ရုပ်တုတည်ထားသည့် အောက်ခြေခုံအား အနက်မီတာ ၂၀ အထိ တန် ၁၅၀ ရှိ ကွန်ကရစ်သွန်းလောင်း၍ ချိတ်ဆက်ထားပါသည်။ ဗြိတိန်နိုင်ငံရှိ အကြီးဆုံးရုပ်တုများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ခေတ်သစ်အင်ဂျင်နီယာ ဗိသုကာပညာဖြင့် ပုံဖော် တည်ဆောက်ထားခြင်းဖြစ်ပါသည်။ ရုပ်တု၏ အတောင်ပံမှာ ဘိုးရင်း ၇၅၇ လေယာဉ်၏ အတောင်ပံထက် ပိုရှည်လျားပြီး လေတိုက်နှုန်း တစ်နာရီ မိုင် ၁၀၀ ခံနိုင်ရည်ရှိအောင် တည်ဆောက်ထားခြင်း ဖြစ်ပါသည်။ တစ်ရက်လျှင် ခရီးသွားဦးရေ ၁၀၀၀၀ ခန့် လာရောက်လေ့လာလည်ပတ်ကြသည့် ဗြိတိန်နိုင်ငံ၏ အထင်ကရနေရာ တစ်ခုဖြစ်ပါသည်။

**၄၀။ ဒိုဗာအဖြူရောင်ကမ်းပါး (White Cliffs of Dover)**

ဗြိတိန်နိုင်ငံ ကန့်မြို့ရှိ ကျော်ကြားထင်ရှားဆုံး အမှတ်သင်္ကေတတစ်ခုမှာ အင်္ဂလိပ်ရေလက်ကြားဆိပ်ကမ်းဖြစ်သည့် ဒိုဗာအဖြူရောင်ကမ်းပါးဖြစ်ပါသည်။ အင်္ဂလိပ်ရေလက်ကြားမှ ဒိုဗာဆိပ်ကမ်းသို့ ချဉ်းကပ်လာပြီဆိုပါက အဖြူရောင်ကမ်းပါးကို တွေ့ရမည် ဖြစ်ပါသည်။ နေသာပြီး မြူခိုးများကင်းစင်သည့်နေ့ရက်များတွင် ပြင်သစ်ကမ်းခြေမှ လှမ်း၍ပင်မြင်နိုင်ပါသည်။ အဆိုပါကမ်းပါး၏ လှပမှုကို ပင်လယ်တွင်းမှ တွေ့နိုင်ရုံသာမက ရာသီပွဲတော်အချိန်တွင် ထောင်ချီသောလူများက ပန်းများ၊ အိမ်မွေးတိရစ္ဆာန်များဖြင့် ကမ်းပါးပေါ်မှ ပျော်ရွှင်စွာ လျှောက်လှမ်းကြသည်ကို တွေ့မြင်နိုင်သည်။ အဆိုပါ လမ်းလျှောက်ပွဲတော်ကို ဩဂုတ်လအကုန်တွင် ကျင်းပပြုလုပ်ကြပါသည်။ ကမ်းပါးပေါ်၌ လမ်းလျှောက်ခြင်းဖြင့် အကောင်းဆုံး ရှုခင်းများကိုတွေ့မြင်နိုင်ပါသည်။ လမ်းကြောင်းများစွာရှိသည့်အတွက် အကောင်းဆုံး လမ်းကြောင်းကို ဒိုဗာခရီးသွားလမ်းညွှန်ဌာန၏ အကူအညီရယူ၍ သွားနိုင်ကြပါသည်။

၎င်းသည် ဗြိတိန်နိုင်ငံကို တရားဝင်ကိုယ်စားပြုသည့် အမှတ်သင်္ကေတတစ်ခုဖြစ်ပြီး တစ်ကမ္ဘာလုံးကလည်း အသိအမှတ်ပြုကြပါသည်။ အဖြူရောင်ကမ်းပါးသည် ဗြိတိန်နိုင်ငံအတွက် အရေးပါရုံသာမက ကမ္ဘာတွင်လည်း ကျော်ကြားလှပါသည်။ နူးညံ့ပြီး ဘူမိသဘာဝအရိုင်းမြေဖြူဖြစ်ကာ အလွန်သန့်စင်သည့် ထုံးကျောက်များဖြင့် ဖွဲ့စည်းထားပါသည်။ အင်္ဂလန်နိုင်ငံ၏ သဘာဝအနေအထားကို အကောင်းဆုံးပြသနိုင်သော နေရာတစ်ခုဖြစ်ပါသည်။ အဖြူရောင်ကမ်းပါး၌ ရှားပါးပင်လယ်သတ္တဝါများ၏ ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိ လေ့လာနိုင်မည် ဖြစ်ပါသည်။

စာမျက်နှာ ၂၆ သို့ ❂

❂ စာမျက်နှာ ၂၅ မှ

ဘူမိဗေဒပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လွန်ခဲ့သော နှစ်သန်းပေါင်း ၇၀ ခန့်က ဗြိတိန်နှင့် ဥရောပတိုက်ဒေသအများစုမှာ ပင်လယ်ရေမျက်နှာပြင်အောက်တွင် ရှိနေခဲ့ကြောင်း၊ အဆိုပါ ပင်လယ်ရေမျက်နှာပြင်ကို ရွှံ့အဖြူများ၊ ရေနေသတ္တဝါများ၏ ရုပ်ကြွင်းများဖြင့် စုပုံအနည်ဖြစ်တည်ခဲ့ရာမှ တစ်နှစ်လျှင် မီလီမီတာ ထက်ဝက်ခန့်ဖြင့် မြေဖြူခဲကဲ့သို့ ဖြစ်တည်လာခဲ့ကြောင်း၊ အဆိုပါ မြေဖြူခဲအလွှာများကို ပြင်သစ်နိုင်ငံရှိ Cap Gris Nez တွင်လည်း တွေ့ရှိနိုင်ကြောင်း၊ သို့ဖြစ်၍ ဗြိတိန်ကျွန်းသည် ဥရောပတိုက်နှင့် လွန်ခဲ့သော နှစ် ၁၈၀၀၀၀ နှင့် ၄၅၀၀၀၀ က တစ်ဆက်တည်းရှိခဲ့သည်ကို ပြဆိုနိုင်ကြောင်း၊ ရေခဲမြစ်များ အရည်ပျော် ရေလွှမ်းမိုးတိုက်စားမှုကြောင့် လည်းကောင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းကြောင့် လည်းကောင်း ဥရောပတိုက်နှင့် ဗြိတိန်ကျွန်းသည် သီးခြားစီဖြစ်တည်သွားခဲ့သည်ဟု သုံးသပ်ကြပါသည်။

လွန်ခဲ့သောနှစ်များက အဖြူရောင်ကမ်းပါးနံရံမျက်နှာပြင်သည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် နှစ်စဉ် တစ်စင်တီမီတာခန့် ပြိုကျလျက်ရှိပြီး



ဗြိတိန်နိုင်ငံ မြောက်အိုင်ယာလန်ရှိ ကြီးမားသော ကမ်းရိုး။

၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ် မတ်လတို့တွင် အကြီးဆုံး ပြိုကျမှု ဖြစ်ခဲ့ပါသည်။ ယခုအခါ လာရောက်လည်ပတ်သူ ခရီးသွားများကို ကမ်းပါးနံရံအစွန်းအထိ သွားရောက်ခြင်းမပြုကြရန် အာဏာပိုင်များက တားမြစ်ထားပါသည်။

**၄၁။ ဗြိတိန်နိုင်ငံ မြောက်အိုင်ယာလန်ရှိ ကြီးမားသော ကမ်းရိုး (Giant's Causeway)**

ဗြိတိန်နိုင်ငံ မြောက်အိုင်ယာလန်ရှိကြီးမားသော ကမ်းရိုးသည် ဗြိတိန်နိုင်ငံ မြောက် အိုင်ယာလန် Bsuhmill မြို့၏ အရှေ့တောင်ဘက်ရှိ သုံးမိုင်ခန့်အကွာတွင်တည်ရှိ၍ သုတေသနလေ့လာသုံးသပ်ချက်အရ မီးတောင်ပေါက်ကွဲ၍ ချော်ရည်များ အေးခဲသွားခြင်းကြောင့် ဖြစ်ပေါ်လာသော သဘာဝကမ်းရိုးဖြစ်ပြီး ကျောက်တိုင်လေးသောင်းစီရီထားသကဲ့သို့ တွေ့မြင်ရမည် ဖြစ်ပါသည်။ ယင်းဒေသကို ကမ္ဘာ့အမွေအနှစ်အဖြစ် ၁၉၈၆ ခုနှစ်တွင် ယူနက်စကို (UNSCO) က သတ်မှတ်ခဲ့ပါသည်။ ၁၉၈၇ ခုနှစ်က မြောက်ပိုင်း အိုင်ယာလန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနမှ သဘာဝသီးသန့်နယ်မြေအဖြစ် သတ်မှတ်ခဲ့ပါသည်။ ကြီးမားသော ကမ်းရိုး သည် ဗြိတိန်နိုင်ငံ၏ လေးခုမြောက် သဘာဝအံ့ဩဖွယ်ရာ နေရာတစ်ခုဖြစ်ပြီး ကျောက်တိုင်များ၏ ထိပ်ဖျားများသည် လှေကားထစ်သဖွယ် ကျောက်တုံးများဖြင့် ကြောက်မက်ဖွယ်ကောင်းသော လမ်းများသည် ပင်လယ်အတွင်း ငုပ်လျှိုးပျောက်ကွယ်သွားသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ ကျောက်တိုင်များကို ဆဋ္ဌဂံရှိသော ခြောက်ထောင့် အကွက်များရှိပြီး အချို့ကျောက်တုံးများမှာ လေးထောင့်၊ ငါးထောင့်၊ ခုနစ်ထောင့်နှင့် ရှစ်ထောင့်များကို တွေ့မြင်ရမည်ဖြစ်ပါသည်။ အမြင့် ၁၂ မီတာ (၃၉ ပေ) ရှိသည့် ချော်ရည်အစိုင်အခဲများဖြင့် ချောက်ကမ်းပါးများသည် အမြင့် ၂၈ မီတာ (၉၂ပေ) ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

ကြီးမားသောကမ်းရိုးကြီးသည် ကမ္ဘာ့အမွေအနှစ်ထိန်းသိမ်းထားရှိရမည့်နေရာဖြစ်၍ National Trust က တာဝန်ယူထိန်းသိမ်းထားပြီး မြောက်ပိုင်းအိုင်ယာလန်ဒေသ၏ ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားသည့်နေရာတစ်ခုဖြစ်ပါသည်။ နှစ်စဉ် ကမ္ဘာလှည့်ခရီးသည် ၂၀၀၀ ကျော် လာရောက်လည်ပတ်လျက်ရှိပါသည်။



ဒိုဗာအဖြူရောင်ကမ်းပါး။

**၄၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး လန်ဒန်မြို့**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး လန်ဒန်မြို့ကို 19A Charles Street, Mayfair, London W1J 5DX တွင် ဖွင့်လှစ်ထားပါသည်။ သံရုံးအဆောက်အဦမှာ Grade II Heritage List တွင် ပါဝင်သည့် ရှေးဟောင်းအမွေအနှစ်အဆောက်အဦတစ်ခုဖြစ်ပြီး ၁၉၀၆ ခုနှစ်တွင် ထုံးကျောက် Bath Stone များဖြင့် တည်ဆောက်ထားသည့် လေးထပ်တိုက်ဖြစ်ပါသည်။ သံရုံးကို မူလက တစ်လလျှင် ၄၅ ပေါင်နှုန်းဖြင့် ငှားရမ်းခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် စတာလင်ပေါင် သုံးသန်းဖြင့် နိုင်ငံတော်က အပြီးအပိုင် ဝယ်ယူခဲ့ပါသည်။ ယခုအခါ ကာလတန်ဖိုး စတာလင်ပေါင် ၁၈ သန်းခန့်ရှိပါသည်။

**၄၃။ ဗြိတိန်နိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်းများ**

ဗြိတိန်နိုင်ငံတွင် ဗုဒ္ဓဘာသာ မြန်မာဘုန်းတော်ကြီးကျောင်းများလည်း ရှိပါသည်။ ဗြိတိန်နိုင်ငံသို့ အလည်အပတ်လာရောက်စဉ် မြန်မာဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်လေ့လာ၍ မြန်မာဘုန်းတော်ကြီးများကို ဦးခိုက်လိုပါက သွားရောက်နိုင်ရန် မြန်မာဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်း၏ လိပ်စာများကို လက်လှမ်းမီသမျှ ပြုစု၍ ဖော်ပြအပ်ပါသည်–

1. ဒေါက်တာ အရှင်နန္ဒပါလ၊ ဝိဝေကာရာမကျောင်း
   Vivekarama Monastery
   16 St. Bedes Terrace, Sunderland, SR2 8HS
2. ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသာလင်္ကာရ၊ ဓမ္မအဓိပတိရွှေကျင်ကျောင်း
   The Dhamma Dhipati Vihara
   2, Sutton Road, Hounslow, Middlesex, London TW5 0PF
3. ဆရာတော် အရှင်ကုသလာနန္ဒ၊ လန်ဒန်ဝိဟာရဝင်ဘလေကျောင်း
   London Burmese Buddha Vihara, 1 Old Church Lane, Kingsbury Wembley,London NW9 8TG
4. ဆရာတော် ဦးဇနက၊ တိသရဏဝိဟာရ မြောင်းမြကျောင်း
   Tisarana Vihara Association
   357 Nelson Road Whitton, Twickenhamm Middlesex, TW2 7AG
5. ဆရာတော် ဦးကဝိသာရ၊ မိုးကုပ်ကျောင်း
   Thuwanna Thingi Mogok Yeiktha
   94 Stardbroke Grove, Clayhall, Essex, IG5 0DL, London
6. ဆရာတော် ဦးဥတ္တရ၊ သာသနာ့ရံသီဝိဟာရ၊ ကောလင်းဒေးကျောင်း
   83 Booth Road, Colindale, London, NW9 5JU
7. ဆရာတော် ဦးဥတ္တရဉာဏကျောင်း
   29–31, Osler Street, Ladywood,Birmingham, B16 9EU
8. ဒေါက်တာဓမ္မသာမိ၊ အောက်စဖို့ဒ်ဆရာတော်ကျောင်း
   Oxford Buddha Vihara
   356–358, Abingdon Road, Oxford, OX1 4TQ, UK
9. ဆရာတော် အရှင်ဉာနဓ္ဓောတာဘိဝံသ
   Saraniya Dhamma Meditation Centre
   420, Lower Broughton Road, Salford, Manchester M7 2GD
10. အရှင်ဃောသကကျောင်း
   Dhammikrama Vihara, 59, Southey Green Road, Sheffield, S5 8GU

ယဉ်ကျေးမှုအမွေအနှစ် နေရာဒေသများ၊ အထင်ကရအဆောက်အဦများ၊ ရုပ်တုများ၊ ပြတိုက်များအကြောင်းကို လက်လှမ်းမီသ၍ စုစည်းပြုစုရေးသားတင်ပြထားပြီး ဗြိတိန်နိုင်ငံသို့ လာရောက်လည်ပတ်ကြသူများအတွက် စိတ်ဝင်စားစရာ ဗဟုသုတများ ရရှိနိုင်မည်ဖြစ်ပါသည်။

သို့သော် သတိပြုစရာအချက်များလည်း ရှိပါသေးသည်။ ၂၀၁၈ ခုနှစ်အတွင်း ဗြိတိန်နိုင်ငံသို့အကြောင်းကိစ္စအမျိုးမျိုးဖြင့် လာရောက်ကြသည့် မြန်မာနိုင်ငံသား ခရီးသွားများအနက် ခါးပိုက်နှိုက်ခံရခြင်းနှင့် ခိုးယူခံရခြင်းကြောင့် အဖိုးတန်ပစ္စည်းများ၊ ငွေကြေးနှင့် မြန်မာနိုင်ငံကူးလက်မှတ်များ ပျောက်ဆုံးခြင်းတို့ မကြာခဏ ဖြစ်ပေါ်လာသည့်အတွက် လန်ဒန်မြို့ မြန်မာသံရုံးမှ ခရီးသွားများကို အသိပေးနှိုးဆော်စာ ထုတ်ခဲ့ရကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ် မတ်လဆန်းတွင် လန်ဒန်သို့ အလည်အပတ် ရောက်ရှိလာသည့် မြန်မာနိုင်ငံသား နှစ်ဦးကို မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုဖြင့် သံသယရှိသည်ဟုဆိုကာ လန်ဒန်မြို့ မက်ထရိုပိုလီတန် ရဲတပ်ဖွဲ့ဝင်များ အယောင်ဆောင်သည့် အမျိုးသားခြောက်ဦးက ပစ္စည်းများရှာဖွေပြီး ငွေများယူဆောင်သွားမှု ဖြစ်ခဲ့ပါသည်။ အလားတူဖြစ်ရပ်မျိုး နောက်တစ်ကြိမ် ထပ်မံဖြစ်ပွားခဲ့ပါသေးသည်။

၂၀၁၉ ခုနှစ်အတွင်း စာရင်းဇယားများအရ မြန်မာနိုင်ငံသား ၁၇ ဦး ခါးပိုက်နှိုက်ခံရခြင်း၊ အလစ်သုတ်ခံရခြင်းတို့ကြောင့် ငွေကြေးဆုံးရှုံးမှုအပြင် နိုင်ငံကူးလက်မှတ်များပါ ပျောက်ဆုံးမှုဖြစ်သဖြင့် ကသီလင်တဖြစ်ခဲ့ရပါသည်။ ရဲစခန်းများနှင့် မြန်မာသံရုံးသို့ သတင်းပို့တိုင်ကြားမှု စာရင်းအရ မြန်မာနိုင်ငံသား ၁၇ ဦးရှိသည်ဟု ဆိုသော်လည်း သတင်းမပို့သူများလည်း ရှိနိုင်သေးသည်ဟု ယူဆရပါသည်။ ထို့ကြောင့် ဗြိတိန်နိုင်ငံသို့ ခရီးသွားလာရောက်လိုကြသူများအနေဖြင့် တင်ပြပါအထင်ကရနေရာများကို ဗဟုသုတရရှိရေးအတွက် ရောက်ရှိကြစဉ် မိမိတို့၏ နိုင်ငံကူးလက်မှတ်များ၊ ငွေကြေးများ ဆုံးရှုံးမှုမရှိစေရေးအတွက် သတိပြုကြရန် လိုအပ်ပါကြောင်း တင်ပြရေးသားအပ်ပါသည်။ ။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး လန်ဒန်မြို့။

ဗြိတိန်နိုင်ငံတွင် အင်္ဂလန်ဘုရင်၊ ဘုရင်မများ အဆက်ဆက်စိုးစံခဲ့သည့် လေ့လာချင်စရာ ထီးနန်းအမွေအနှစ်အဆောက်အဦများ၊ ပထဝီဝင်အနေအထားအရ လှပသောကျွန်းနိုင်ငံဖြစ်သဖြင့် လည်ပတ်ချင်စရာ တောတောင်ရေမြေ သဘာဝသယံဇာတအလှများ အစရှိသော နေရာဒေသများစွာရှိပါသည်။ ဗြိတိန်နိုင်ငံ သမိုင်းရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် နေရာဒေသများ၊ အထင်ကရအဆောက်အဦများ...



GRAND WYNN GROUP OF COMPANIES
GRAND WYNN ENTERPRISES LTD. မှ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းသော ကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိသော
Mother's Choice Soft Margarine မှ သုံးစွဲသူ မိတ်ပြည်သူများအား ကျေးဇူးတုန့်ပြန်သောအားဖြင့်
MOTHER'S CHOICE SOFT MARGARINE နှစ် (၃၀) ပြည့် အထိမ်းအမှတ် ကံစမ်းမဲအစီအစဉ် လာပါပြီ...
SUZUKI SWIFT ကားသစ်ကြီး၊ ဆိုင်ကယ်၊ ရေခဲသေတ္တာ၊ TV LED ၊ SMART PHONE နှင့် ၊ ငွေသားဆုမဲ ကျပ်သန်းပေါင်း များစွာ ပါဝင်ကံစမ်းလိုက်ပါ။
30th ANNIVERSARY
MOTHER'S CHOICE
Lucky Draw
GRAND PRIZE
TV LED
Smart Phone
Code
A00-B11-22C
Name
Kyaw Kyaw
NRC No
12/YGN(N)123456
Ph No
09 xxxxxxxx
www.facebook.com/motherschoicemyanmar
www.grandwynngroup.com






LILIES APARTMENT
၃၀% ပေးရုံဖြင့် အခန်းပိုင်ဆိုင်နိုင်မည့်အပြင်
(၄) နှစ်အတိုးမဲ့အရစ်ကျဖြင့် ဝယ်ယူနိုင်မည့်
" Lilies Apartment "
FACILITES
Roof Top Garden | ကားပါကင် | ဓါတ်လှေကား (၂) စင်း
(၂၄)နာရီ လုံခြုံရေးဝန်ဆောင်မှုနှင့် Fully Backup Generator
Hotline : 09 958 777 888
အမှတ်(၂၂၊ က)၊ ဂျပန်လမ်း(သီရိမင်္ဂလာလမ်း)၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်။

## တနင်္သာရီ၌ ဆန်ပြတ်လပ်မှုမဖြစ်စေရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

တနင်္သာရီ မတ် ၂၈

Coronavirus Disease 2019 (COVID-19) ရောဂါ ဖြစ်ပွားမှုနှင့်ဆက်စပ်၍ တနင်္သာရီမြို့အတွင်း အခြေခံစားကုန်ဖြစ်သည့် ဆန်အိတ်များ ပြတ်လပ်မှုမဖြစ်စေရေးနှင့် ဆန်ရောင်းချနေသော ဈေးဆိုင်ပိုင်ရှင်များက ဈေးကစား၍ ဈေးမြင့်တင်ရောင်းချမှုများ မရှိစေရေးအတွက် မတ် ၂၇ ရက်တွင် ဆန်အိတ် ၅၀၀ ကို သတ်မှတ်နေရာများမှာ စနစ်တကျ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ရောင်းချပေးလျက်ရှိ**

တနင်္သာရီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်းက မြိတ်မြို့ရှိ OK ဆန်အရောင်းဆိုင်ပိုင်ရှင် ဦးမောင်ထွေးနှင့် ချိတ်ဆက်ညှိနှိုင်းပြီး ဆန် ၁၀ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀ နှုန်းဖြင့် မြိတ်မြို့၌ တစ်အိမ်ထောင်လျှင် တစ်အိတ်စီရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**စီစဉ်ဆောင်ရွက်**

COVID-19 ဂယက်ကြောင့် ပြည်သူများ စိုးရိမ်ပူပန်မှုလျော့နည်းစေရေးနှင့် ဆန်ဝယ်ယူရန်ပြတ်လပ်မှုမရှိစေရေးအတွက် ယခုကဲ့သို့ စီစဉ်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)



စက်ချုပ်သင်တန်းသူများ နှာခေါင်းစည်းများ ချုပ်လုပ်နေစဉ်။

## ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ ကူညီထောက်ပံ့မှုဖြင့် နှာခေါင်းစည်းများချုပ်လုပ်၍ ကျိုက်မရောမြို့နယ်အတွင်း အခမဲ့ဖြန့်ဝေမည်

ကျိုက်မရော မတ် ၂၈

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လိုအပ်လျက်ရှိသော တစ်ကိုယ်ရေသုံးနှာခေါင်းစည်းများကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ ကုန်ကြမ်းပစ္စည်းများ ကူညီထောက်ပံ့မှုဖြင့် အတ္ထရံကမ်းနားလမ်းရှိ ဦးသိန်းမင်း၏နေအိမ်တွင် မတ် ၂၇ ရက်မှစတင်ကာ စက်ချုပ်သင်တန်းသူများက စတင်ချုပ်လုပ်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❋

## ချယ်လ်ဆီးကစားသမား အိုဒိုအီ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုမှ ကောင်းမွန်လာ




ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းရဲ့ တောင်ပံကစားသမား အိုဒိုအီဟာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုကနေ ပြန်လည်ကောင်းမွန်လာခဲ့ပြီဖြစ်တယ်လို့ ချယ်လ်ဆီးအသင်းနည်းပြဖရန့်လမ်းပတ်က ပြောကြားလိုက်ပါတယ်။

အသက် ၁၉ နှစ်အရွယ်ရှိ အင်္ဂလန်ကြယ်ပွင့်ကစားသမား အိုဒိုအီဟာ ယခုလအစောပိုင်းမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရတာဖြစ်ပြီး ပရီမီယာလိဂ်ကစားသမားတွေထဲမှာ ပထမဆုံးအကြိမ်

စာမျက်နှာ ၂၃ ကော်လံ ၅ သို့ ◆

## နျူအာရဲ့ နေရာတွင် တာစတီရန်နဲ့ အစားထိုးရန် ဘိုင်ယန်မြူးနစ်အသင်း စီစဉ်

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းဟာ လက်ရှိဂိုးသမား နျူအာရဲ့ နေရာမှာ အစားထိုးဖို့အတွက် စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းရဲ့ ဂိုးသမား တာစတီဂန်နဲ့ အစားထိုးဖို့စီစဉ်နေတယ်လို့ သိရပါတယ်။

ဂျာမနီကြယ်ပွင့် တာစတီဂန်ဟာ လာမယ့်လမှာ အသက် ၂၈ နှစ်ရောက်တော့မှာဖြစ်ပြီး ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက ဘာစီလိုနာအသင်းနဲ့ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ စီစဉ်နေတယ်လို့လည်း သိရပါတယ်။ လက်ရှိမှာ ဘိုင်ယန်မြူးနစ်အသင်းက တာစတီဂန်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပြီး အသက် ၃၄ နှစ်အရွယ်ရှိ ဂိုးသမား နျူအာဟာ ဘိုင်ယန်မြူးနစ်အသင်းက တစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုဖို့ ကမ်းလှမ်းထားမှုကိုလည်း ငြင်းဆိုထားတယ်လို့ သိရပါတယ်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❒

## ထူးခြားသည့် နေ့အပူချိန်များ

၂၈-၃-၂၀၂၀

| | |
|---|---|
| ချောက် | ၄၁ ဒီဂရီစင်တီဂရိတ် |
| တောင်ငူ | ၄၁ ဒီဂရီစင်တီဂရိတ် |
| မုံရွာ | ၄၀ ဒီဂရီစင်တီဂရိတ် |
| စစ်ကိုင်း | ၄၀ ဒီဂရီစင်တီဂရိတ် |
| မြင်းမူ | ၄၀ ဒီဂရီစင်တီဂရိတ် |
| မြင်းခြံ | ၄၀ ဒီဂရီစင်တီဂရိတ် |
| ညောင်ဦး | ၄၀ ဒီဂရီစင်တီဂရိတ် |
| ရမည်းသင်း | ၄၀ ဒီဂရီစင်တီဂရိတ် |
| တံတားဦး | ၄၀ ဒီဂရီစင်တီဂရိတ် |
| ပျဉ်းမနား | ၄၀ ဒီဂရီစင်တီဂရိတ် |

## COVID-19 ရောဂါပိုးတွေ့ရှိခဲ့သည့် ညှော်လမ်းညွှန်နှင့် နိုင်ငံခြားသားများနေထိုင်ခဲ့သော ငပလီမြို့ရှိ ဟိုတယ်အား ပိုးသတ်ဆေးဖျန်း

သံတွဲ မတ် ၂၈


COVID-19 ရောဂါပိုးတွေ့ရှိခဲ့သည့် မြန်မာနိုင်ငံသားဧည့်လမ်းညွှန်နှင့်အတူ သွားရောက်ခဲ့သော ပြင်သစ်ခရီးသွားဧည့်သည် ခုနစ်ဦး တည်းခိုနေထိုင်ခဲ့သည့် ငပလီမြို့ရှိ Thande Beach Hotel အား ယနေ့မွန်းလွဲပိုင်းက ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ■

ကြေးမုံ ယနေ့ဖတ်စရာ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက နေရပ်စွန့်ခွာသူ (IDP)စခန်းများတွင် COVID-19 ကူးစက်မြန်ကပ်ရောဂါဆိုင်ရာ ပညာပေးခြင်းနှင့် ထောက်ပံ့မှုများ စတင်ဆောင်ရွက်

စာမျက်နှာ » ၈




ကိုဗစ်-၁၉ ရောဂါကို ငါးမိနစ်အတွင်း စစ်ဆေးပေးနိုင်သည့် စမ်းသပ်ကိရိယာ အမေရိကန်ကုမ္ပဏီ ထုတ်ဖော်ပြသ

စာမျက်နှာ » ၁၂

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်ရန် တစ်နှစ်ခွဲအထိ ကြာမြင့်နိုင်ဟု WHO အကြီးအကဲပြော


စာမျက်နှာ » ၁၄



# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ
မတ် ၂၉၊ ၂၀၂၀
(တနင်္ဂနွေနေ့)

ဝတ္ထုတို




■ နေဇင်(မန္တလေး)

"အနီရောင်ဆိုရင် လူတွေတော်တော်များများက ရဲရင့်တာ ပြတ်သားတာပဲ သိကြတာကိုး ကျွန်မတို့လို အောက်ခြေသိမ်း ရုံးဝန်ထမ်းအတွက်ကတော့ အနီရောင်ဆိုတာ ကြမ်းတမ်းလွန်းပါတယ်လေ" ဒေါ်စန်းရင်တစ်ယောက် တည်း ညည်းနေသောအသံဖြစ်သည်။ ဒေါ်စန်းရင်၏ လည်ပင်းက အထွေထွေအလုပ်သမားဆိုသည့်ကတ်ကလေးရယ်လည်ဆွဲကြိုးအနီရောင်လေးရယ်က သူ့ကို ဒီလိုတွေးဖြစ်အောင် လုပ်နေသလိုဖြစ်နေသည်။ ဟိုလူကခေါ်ခိုင်း ဒီလူကခေါ်ခိုင်းနဲ့ အသက်လေးဆယ့်သုံးနှစ်အရွယ် ဒေါ်စန်းရင်တစ်ယောက် သိမ်းကြုံးလုပ်ရသည်သာ။ မည်သူ့ကိုမှလည်း ပြန်ပြောလို့ကမရ ဟိုလူကခိုင်းလဲ ဟုတ်ကဲ့ ဒီလူကပြောလဲ ဟုတ်ကဲ့ ဘယ်သူဘာပြောပြော တစ်ခွန်းမကျန်ပြန်ပြောတာကတော့ ဟုတ်ကဲ့ တစ်လုံးသာဖြစ်သည်။

ပညာမတတ်သော ဒေါ်စန်းရင်တစ်ယောက် နှစ်ဆယ်ကျော် သုံးဆယ်ကျော် သူ့သားသမီးအရွယ် ပညာတတ်တွေက ခိုင်းတော့ ခေါင်းကလေးငုံ့ပြီး "ဟုတ်ကဲ့ပါ အစ်ကိုလေး။ လုပ်လိုက်ပါမယ် အစ်မလေး"ဟုသာ ပြန်ပြောနိုင်ရှာသည်။ ဒေါ်စန်းရင်မှာက အောင်ပိုင်ဆိုတဲ့ အသက်ကြီးမှ ကံပေါ်သည့် တစ်ဦးတည်းသော သားလေးတစ်ယောက်ရှိသည်။ အသက်ကြီးမှရသော သားဦးမို့ တုန်နေအောင်ချစ်သည်။ ဒေါ်စန်းရင်၏ အမျိုးသား ဦးမောင်တင်ကတော့ ကုန်ထမ်းသည်။ ကုန်ထမ်းပါးသည့်ရာသီတွေရောက်ရင်တော့ ဂျာလင်းဆိုင်ကယ်စုတ်လေးနှင့် တက္ကစီဆွဲသည်။ ပင်ပန်းသလို ပိုက်ဆံရသောကြောင့် အသောက်အစားလေးတော့ရှိသည်။ ဒေါ်စန်းရင်က သူတို့သားလေးကိုတော့ ပညာတတ်ဖြစ်စေရမည်ဟု စိတ်ထဲတေးမှတ်ထားခဲ့သည်။

အောင်ပိုင်လေးက လေးနှစ်ကျော်ရှိပြီမို့ လာမည့် ကျောင်းဖွင့်ရာသီမှာ ကျောင်းထားပေးနိုင်ရန်အတွက် ဒေါ်စန်းရင်တစ်ယောက် စိတ်အားတင်းထားခဲ့ရသည်။ "ကိုမောင်တင်ရှင်လည်း ပိုတဲ့ပိုက်ဆံတွေ အရက်ချည်းသောက်မနေနဲ့ဦး။ နောက်နှစ်ဆို ကျွန်မတို့သားလေး ကျောင်းထားပေးရမယ့် အရွယ်ရောက်ပြီ၊ အရက်လျှော့သောက်ပြီး စုတန်တာစုအုံးတော်ရေ"

မိန်းမစကားကြားရတော့လည်း ဦးမောင်တင်တစ်ယောက် ကိုယ့်စိတ်ကို ထိန်းရပြန်သည်။ ငယ်လင်ငယ်မယားလည်းဖြစ်ပြန် မိဘတွေသဘောမတူသည့်ကြားက တစ်ဦးနှင့်တစ်ဦး ချစ်ခင်မြတ်နိုးသောကြောင့် ခိုးပြေးခဲ့ရသည့် လင်မယားဖြစ်လေတော့ ဒေါ်စန်းရင် ပြောသမျှ ဦးမောင်တင် နားထောင်သလို ဦးမောင်တင်ပြောသမျှလည်း ဒေါ်စန်းရင်က နားထောင်ပြီး အကောင်းအဆိုး တိုင်တိုင်ပင်ပင်ရှိကြသည်။ နောက်ပြီး သူတို့နှစ်ဦးလုံးက သားလေး အောင်ပိုင်ကို ပညာတတ်ဖြစ်စေချင်သည့် စိတ်နှင့် ချစ်တဲ့စိတ်ကတော့အတူတူပင်ဖြစ်လေတော့ ဦးမောင်တင်လည်း အရက်လျှော့သောက်ပြီး ပိုက်ဆံစုဖြစ်လာခဲ့သည်။

"မစန်းရင် သားလေးဘယ်သွားလည်း ဒီမှာသားအတွက် ကျောင်းဝတ်စုံလေး ငါဝယ်လာခဲ့တယ်။ မင်းသားကို လာဝတ်ကြည့်ဖို့ ခေါ်လိုက်အုံးဟေ့"ဟု ဦးမောင်တင်က အလုပ်မှ ပြန်လာလာချင်း အနားယူဖို့ လုပ်နေစဉ်အတွင်း ပြောလိုက်သည့်အခါ "သားက ဘယ်မှမသွားပါဘူး။ ကျွန်မ လမ်းထိပ်ကို ဆန်ဝယ်ခိုင်းလိုက်တာတော်ရေ"ဟု ဒေါ်စန်းရင် ပြန်ပြောလိုက်သည်။

"မစန်းရင်ရယ် ကိုယ့်ဘာသာကို မဝယ်ဘဲ သားလေးကို ဝယ်ခိုင်းရသလားကွာ"

"ကျွန်မလည်း သားလေးကို မခိုင်းချင်ပါဘူးတော်။ ခုဟာကလည်း ကျွန်မ တကယ်မအားလို့ ဝယ်ခိုင်းရတာပါ"ဟု ဒေါ်စန်းရင် ပြန်ပြောရှာလေသည်။ ထိုအခါ ဦးမောင်တင်တစ်ယောက်လည်း ဘာမှပြန်မပြောသာတော့ဘဲ သူ့သားလေး ပြန်လာမည့်အချိန်ကိုသာ စောင့်နေလိုက်တော့သည်။ ခဏကြာတဲ့အခါ အောင်ပိုင်တစ်ယောက် ပြန်ရောက်လာခဲ့လေသည်။

"သားလေး...လာပါအုံး ဖေဖေ့ဆီကို" ဦးမောင်တင်က အောင်ပိုင်လေး အိမ်ထဲကို ဝင်ဝင်လာချင်း ခေါ်လိုက်သည်။ အောင်ပိုင်ရဲ့ ခန္ဓာကိုယ်လေးကိုလည်း သူ့ရင်ခွင်ထဲ ချီပြီး ထည့်လိုက်လေသည်။ "သားလေးအတွက် ဖေကြီး လက်ဆောင်ပါလာတယ်။ သားကို ပြမယ်နော် ...။ "

"ဟုတ် ဖေကြီး။ ကားကြီးလား၊ ရထားကြီးလား ဝက်ဝံရုပ်ကြီးလားဟင်"ဟု အောင်ပိုင်က သူလိုချင်တာတွေကို သူ့အဖေရင်ခွင်ထဲနေရင်း ခေါင်းကလေးမော့ကာ မေးရှာသည်။

"အဲဒါတွေမဟုတ်ဘူးသားရဲ့။ ဟောဒီမှာ သားကျောင်းတက်ဖို့ ကျောင်းဝတ်စုံ"လို့ ပြောတော့ အောင်ပိုင်မျက်နှာလေးမှာ ဝင်းပသွားသည်။

ပြီးတော့ "ဒါမှသားဖေဖေကြီး"လို့ပြောရင်း ဖက်လိုက်သည်။ တစ်ဆက်တည်းမှာပဲ "သားပညာတတ်ကြီးဖြစ်ရင်၊ ဖေဖေနဲ့ မေမေကို လုပ်ကျွေးမှာနော်"လို့ ဘယ်သူမှ မမေးဘဲ အောင်ပိုင်ကပြောတော့ ဒေါ်စန်းရင်တစ်ယောက် သူ့သားပြောတဲ့စကားကို ကြည်နူးလွန်းလို့ မျက်ရည်များပင် ဝဲခဲ့ရသည်။

အချိန်မှန်တိုင်းသည် ပျိုမြစ်ခြင်းကို ဖြိုခွင်းလေသည်။ အခုဖြိုခွင်းသော မုန်တိုင်းမှာ ပျိုမြစ်ခြင်းကိုမဟုတ်။ ရှင်သန်ခြင်းကိုဖြစ်သည်။ ရှစ်တန်းကျောင်းသား အောင်ပိုင်နှင့် ဒေါ်စန်းရင်တို့၏ မျက်ရည်များသည် နှလုံးသားဆီမှ စိမ့်၍ မျက်ဝန်းဆီမှ စီးဆင်းလာလေပြီ။ ဦးမောင်တင်၏ ရုပ်အလောင်းကိုကြည့်ပြီး "ကျွန်မတို့ကို ထားသွားပြီလား ကိုမောင်တင်ရဲ့"လို့ အသံပြဲကြီးနှင့် အော်လိုက်သည်။ စိတ်မထိန်းနိုင်၍ ငိုလုံးဆို့ကာ ဒေါ်စန်းရင်တစ်ယောက် မေ့မောသွားခဲ့ရသည်။ ရက်လည်ဆွမ်းသွတ် အမျှဝေပြီးသည့်နေ့အထိ ဒေါ်စန်းရင်မျက်နှာမှာ မလန်းသေး။ သားလေး အောင်ပိုင်ကတော့ စာမေးပွဲနီးပြီဖြစ်သောကြောင့် စာကျက်နေရတော့သည်။

အချိန်၊ လ၊ ရာသီများဟာ ပြောင်းလဲနေသည်။ အချိန်တွေပြောင်းလဲနေသလို လူတို့၏ အတွေးအခေါ် ရည်ရွယ်ချက်တို့သည်လည်း ပြောင်းလဲနေပေသည်။ ထိုအထဲမှ လူတို့၏ ရည်မှန်းချက်တချို့သည်လည်း ပြောင်းလဲခဲ့ကြသည်။ တစ်ခါတစ်ရံ လူ့တစ်ယောက်၏ ပြောင်းလဲသော စိတ်မှာ မိမိကိုယ်ကိုကြောင့် မဟုတ်ဘဲ အခြားသူတစ်ဦးတစ်ယောက်သို့မဟုတ် အကြောင်းအရာတစ်ခုကြောင့်လည်း ဖြစ်တတ်သည်။ ယခုအပြောင်းအလဲသည် ဒေါ်စန်းရင်အဖို့ ကြီးမားသော အိပ်မက်ကြီးကို ရိုက်ချိုး ဖြိုခွင်းခံရသော အပြောင်းအလဲ တစ်ခုဖြစ်သည်။ ထိုအကြောင်းအရာကား သူ့သား အောင်ပိုင်တစ်ယောက် တက္ကသိုလ် ဒုတိယနှစ်တက်နေစဉ် မိန်းမခိုးသွားခြင်းကြောင့်ဖြစ်သည်။ အချစ်သည် နုနယ်သော နှလုံးသားကို စွဲလမ်းစေသည်။ အချစ်သည် မိုက်ရူးရဲစေသော သတ္တိကိုလည်း ပေးစွမ်းနိုင်သည်။ ထို့ကြောင့် အောင်ပိုင်တစ်ယောက် အချစ်ရဲ့ လက်အောက်ကိုရောက်ကာ ရည်မှန်းချက်ကိုပင် စွန့်လွှတ်၍ အချစ်၏နောက်ကိုလိုက်ခဲ့ခြင်းဖြစ်သည်။

ဒေါ်စန်းရင်ကတော့ သူ့သားလေးမိန်းမခိုးသွားတဲ့သတင်းကို ကြားကြားချင်းတော့မယုံခဲ့ပေ။ အခုတော့လည်း ဘာတတ်မလဲဟုသာ စိတ်ဖြေသိမ့်ကာ နေရတော့သည်။ သူတစ်ဆယ့်သုံးနှစ်လုံးလုံး ကြိတ်ပြီး မျှော်လင့်ခဲ့ရတဲ့ မျှော်လင့်ချက်လည်း ရိုက်ချိုးခံရလေပြီ။ ထိုရည်မှန်းချက်ကား သူ့သားလေးဘွဲ့ရပြီးလို့ အလုပ်ရရင် ငယ်ငယ်ကတည်းကခုထိ လုပ်လာတဲ့ အောက်ခြေသိမ်း အထွေထွေအလုပ်သမားဘဝကို အနားယူမည်ဟူ၍ဖြစ်သည်။ သူ့အငြိုးအတေးထားခဲ့သော သူမုန်းခဲ့သော အနီရောင်ကြိုးလေးနှင့် အထွေထွေအလုပ်သမားကတ်ကြီးကိုလည်း သူ့ဘဝ၏ ပုံရိပ်ထဲမှ အပြီးပိုင်ထုတ်ပစ်မယ်ဟူ၍ဖြစ်သည်။ သို့သော် အခုတော့ အရာအားလုံးဟာ သဲထဲရေသွန်ဖြစ်ခဲ့ရပြီ။

အောင်ပိုင်နဲ့ရတဲ့ မိန်းကလေးမိဘများမှာ ချမ်းသာကြသည်ဟု သတင်းကြားရတော့ သူ့စိတ်မှာ ကြိတ်ပျော်ခဲ့ရသည်။ သူ မချမ်းသာခဲ့ပေမယ့် သူ့သားလေးတော့ ချမ်းသာရပြီဟု တွေးလျက် ပီတိမျက်ရည်များ ဝဲလာသည်။ နေကောင်းရက်သာရွေးပြီး မင်္ဂလာပွဲကို ခြိမ့်ခြိမ့်သဲသဲကျင်းပကြသည်။

မင်္ဂလာပွဲပြီးတော့ အောင်ပိုင်က မိခင်ကို အမျိုးသမီးထံ လိုက်သွားချင်ကြောင်း ခွင့်ပန်သည်။ ဒေါ်စန်းရင်က ကောင်းသည်လည်းမဆိုဆိုးသည်လည်းမပြောဘဲ ခေါင်းငြိမ့်ခဲ့လေသည်။ ရင်ထဲမှာတော့ မချိအောင်ပင် ခံစားရသော်လည်း မျက်နှာမှာ ဟန်ဆောင်ကောင်းနေဆဲဖြစ်သည်။

အောင်ပိုင်တို့ ဒီအိမ်ကြီးဆီမှ ထွက်သွားပြီနောက်တစ်ရက် ဒေါ်စန်းရင်သည် အိမ်နှင့်ခြံကို ရောင်းရန်အတွက် တံဆိပ်ခတ်လေတော့သည်။ ရသမျှပိုက်ဆံများ၏ တစ်ဝက်ကို အောင်ပိုင်ထံသို့ အမွေလွှဲပေးပြီး ကျန်တစ်ဝက်ကို စာသင်ကျောင်းဆောက်ရန် လိုအပ်သော နေရာတစ်ခုတွင် ကျောင်းဆောက်ရန်အတွက် မတည်လှူဒါန်းခဲ့လေသည်။ ဒေါ်စန်းရင်ကတော့ အေးချမ်းသော တရားများရှာဖွေရန် ရာသက်ပန်ယောဂီအဖြစ်နှင့် တရားစခန်းဝင်ခဲ့လေတော့သည်။

အေးချမ်းကြပါစေ။

## ရုပ်အလှစိတ်အလှ

မြန်မာမလေး မယ်ယဉ်ကျေး
မြင်သူတိုင်းကငေး။
ကိုယ်မူဟန်လေး ချစ်စဖွယ်
ကျော့ရှင်းကာတင့်တယ်။
အသားလေးရယ် ဝါဝါဝင်း
နှာတံသွယ်ကာဆင်း။
ငါးဖြာကောင်းခြင်း ပြည့်စုံကာ
ပိတုန်းရောင်ကေသာ။
ပါးပြင်ထက်မှာ သနပ်ခါး
လိမ်းခြယ်ပြင်ဆင်ထား။
ချိုသာစကား ဆိုတတ်သူ
သဘောမနောဖြူ။
လူကြီးသူမ ဆိုဆုံးမ
ရိုသေလိုက်နာ ဦးဆောင်ပြ
မြင်သူတိုင်းက ချီးကျူးကြ။

မောင်ခန့်(မြန်မာစာ)

## မျိုးဆက်သစ်ရင်ပြင်
## လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရင်ပြင်*** သို့ ပေးပို့ပြီးစာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## ကြိုတင်ကာကွယ် ဆောင်ရွက်မယ်

ကမ္ဘာအဝန်း ခြိမ်းခြောက်လာ
ဗိုင်းရပ်စ်ကိုရိုနာ၊
လတ်တလောမှာ ရောဂါဆန်း
ကူးစက်အုံမခန်း။
အသက်ရှူလမ်း ပိတ်ဆို့မယ်
အားအင်ကုန်ခန်းလွယ်၊
ဖျားနာတယ်ဆို သတိထား
ဆေးခန်းဆေးရုံသွား။
ကူးစက်ပြန့်ပွားမဖြစ်အောင်
ခရီးသွားကိုရှောင်၊
လက်ကိုစင်အောင် မကြာခဏ
ဆေးကြောစနစ်ကျ။
အစာဟာရ ပြည့်ဝပေ
အနားယူကာနေ၊
ကြိုတင်ကာလေ ကာကွယ်ပေး
အသက်ရှည်တဲ့ဆေး။

မင်းစိုး(အရာတော်)

## လက်ဆေးပါ

တစ်ကိုယ်ရေ သန့်ရှင်းရေး
လက်ကိုဆေး စင်ကြယ်ပြောင်။
ကိုရိုနာ ဗိုင်းရပ်စ်ပိုးတို့
မတိုးအောင်ရှောင်။
ဉာဏ်သတိ အစဉ်ဆောင်
လိုက်နာအောင် စည်းရုံးကြ။
ကြိုကာကွယ် လူ့အသက်မို့
လက်ရေဆေးဗျ။
ညှော်သည်တွေ လာသမျှ
လက်ဆေးကြ တိုက်တွန်းပါ။
အမူအရာ နှုတ်ယဉ်ကျေးနဲ့
ပြောပေးချိုသာ။
မာနတို့ မထားရာ
ပြုကျင့်စွာ ကာကွယ်ပေး။
အန္တရာယ် မကျရောက်ဖို့
ထောက်ဆချင့်တွေး။
ကိုရိုနာ ရောဂါကပ်
ကြားဝင်ညှပ် မခံပေ။
မြန်မာပြည် တို့လူမျိုးများ
နိုးကြားကြလေ။
ဆပ်ပြာနဲ့ လက်ဆေးရေ
တို့တစ်တွေ ကာကွယ်ထား။
မေတ္တာရေ မြတ်တရားနဲ့
တားကြစို့လား။

စိုးမင်းလွင် (ကညွတ်ကွင်း)

# အချိန်တွေကို ဘယ်လိုကုန်ဆုံးကြမလဲ

ဆောင်းပါး

■ သက်တံ

“လူတစ်ယောက်က ကိုယ့်ထက်အသက်ကြီးနေရင် အဲဒီလူထက် နာရီအားဖြင့် အသက်ပြန်ပြီးကြီးလို့ရတယ်”။ ဒီစကားစုလေးက ကျွန်တော်လွန်ခဲ့တဲ့သုံးနှစ်လောက်က ဖတ်ခဲ့ရတဲ့ စကားစုလေးပါ။ ဒီစာစုလေးဖတ်လိုက်ရတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပိုရှိသွားသလို ပိုကြိုးစားချင်စိတ်လည်း ရှိသွားခဲ့တယ်။

စဉ်းစားကြည့်ရရင် ကျွန်တော်တို့ ယနေ့ခေတ်ကာလမှာ အရာအားလုံးဟာ အရှိန်အဟုန်ဖြင့်ဖြစ်ပေါ်ပြောင်းလဲနေကြပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ တစ်မိနစ်၊ တစ်စက္ကန့်မှအစ တစ်စက္ကန့်ရဲ့ အစိတ်အပိုင်းတွေကိုပါ အလေးထားလာကြတယ်။ သေရေးရှင်ရေးဖြစ်နေသူတစ်ယောက်အတွက် စာမေးပွဲဖြေနေတဲ့ ကျောင်းသားတစ်ယောက်အတွက် တစ်မိနစ်တစ်စက္ကန့်ဆိုသော အပိုင်းအစကာလလေးများဟာ သူတို့အတွက် ဘဝကြီးဖြစ်နိုင်ပါတယ်။

တစ်နေ့က လူမှုကွန်ရက်မှာ ယာဉ်မတော်တဆဖြစ်ပြီး သေဘေးမှကပ်လွဲသွားသူများရဲ့ ဗီဒီယိုအတိုလေးတစ်ခုကို ကြည့်လိုက်ရပါတယ်။ အင်မတန်မှ ထိတ်လန့်စရာကောင်းလွန်းတဲ့အပြင် မတော်တဆမှုမှလွဲခဲ့ရပုံကို တွေးမိပြီး “တစ်စက္ကန့်နောက်ကျ၍သော်လည်းကောင်း၊ တစ်စက္ကန့်စော၍သော်လည်းကောင်း”ဆိုသော အတွေးများကို ထပ်ကာထပ်ကာ မြင်ယောင်လာပါတယ်။ ထိုသို့ တစ်စက္ကန့် နှစ်စက္ကန့်ဆိုသော အချိန်ကာလရဲ့ အကျိုးအပြစ်ကို မြင်ယောင်မိလာတဲ့အခါ ဆရာမင်းလူရဲ့ “နယ်စပ်ဒေသ” ကဗျာကိုလည်း အမှတ်မရဘဲမနေနိုင်တော့ပါ။

“နေ့နဲ့ညကြားမှာ တစ်စက္ကန့်ပဲခြားတယ်။ တစ်ဒီဂရီနဲ့သုံးရာ့ခြောက်ဆယ်ဒီဂရီကြားမှာ တစ်ဒီဂရီပဲခြားတယ်။ ဆောင်းနဲ့နွေကြားမှာ လေတစ်ဝှေ့ပဲခြားတယ်။

အပြာနဲ့အစိမ်းကြားမှာ အဝါတစ်စက်ပဲခြားတယ်။ ရှင်ခြင်းနဲ့သေခြင်းကြားမှာ မျက်တောင်တစ်ခတ်ပဲခြားတယ်။ အချစ်နဲ့အမုန်းကြားမှာ မျဉ်းတစ်ကြောင်းပဲခြားတယ်။ ဟိုဘက်ကိုကူးဖို့ဆိုတာလွယ်လွယ်ကလေးပါ”ဆိုတဲ့ ကဗျာလေးပဲဖြစ်ပါတယ်။ ဒီကဗျာလေးဟာ တစ်စက္ကန့် သို့မဟုတ် အစိတ်အပိုင်းလေးတစ်ခုကို ကျော်လွန်တာနဲ့ ချက်ချင်းအခြားတစ်ဖက်သို့ ကူးပြောင်းသွားရပုံကို ခံစားမိစေပါတယ်။ ဒါကြောင့် အချိန်ဟာဘယ်လောက်အထိ အကျိုးသက်ရောက်ကြောင်း သံသယဝင်စရာမလိုတော့ပါ။

အချိန်နှင့်ဒီရေသည် လူကိုမစောင့်လို့ပြောကြပါတယ်။ ကျွန်တော်တို့ ဘဝထဲမှ ဘာမှမလုပ်ဘဲ အလကားကုန်သွားသောနေ့တစ်နေ့က အသက်တစ်ရက်ကြီးသွားတာထက် မပိုပါဘူး။ ဒါကြောင့် ရရှိလာသော ပစ္စုပ္ပန်အချိန်လေးကို အကျိုးရှိအောင် လုပ်ဆောင်သင့်ပါတယ်။ တစ်နေဝင်သွားတဲ့အခါ နေ့တစ်နေ့မှာ “ပညာရခဲ့သလား၊ ဥစ္စာရခဲ့သလား၊ ကုသိုလ်ရခဲ့သလား” ဆိုတာကို သုံးသပ်ကြည့်သင့်ပါတယ်။ ကျွန်တော်တို့ဟာ နေ့တစ်နေ့မှာ အလုပ်မရှိရင် နေ့တာရှည်သလိုခံစားရပါတယ်။ အားအောင်နေလာတဲ့အခါ ပျင်းလာကြပါတယ်။

ပုံပြင်လေးတစ်ပုဒ်ကြားဖူးတယ်။ တစ်ခါက ရွာတစ်ရွာမှာ အင်မတန်အလုပ်ခိုင်းတဲ့ သူဋ္ဌေးကြီးတစ်ယောက်ရှိတယ်။ အင်မတန်ခိုင်းလွန်းတဲ့ သူဋ္ဌေးကြီးဆီမှာ ဘယ်သူမှအလုပ်မလုပ်လိုကြဘူး။ နောက်တော့ သူဋ္ဌေးကြီးက ဘယ်သူမှလာအလုပ်မလုပ်ကြတဲ့အတွက် သူကိုယ်တိုင်ရွာထဲသွားပြီး အလုပ်သမားရှာတယ်။ ဒါနဲ့ရွာထဲက အရူးတစ်ယောက်ကို သူ့ဆီမှာအလုပ်လုပ်ချင်အောင် ဆွဲဆောင်ပါတော့တယ်။ သူဋ္ဌေးကြီးက အရူးကို သူ့အိမ်ရောက်လာတာနဲ့ချက်ချင်း အလုပ်ခိုင်းပါတော့တယ်။ ရေခပ်ပြီးတာနဲ့ထင်းခွဲခိုင်းတယ်။ ထင်းခွဲပြီးတာနဲ့ နွားကျောင်းခိုင်းတယ်။ နွားကျောင်းပြီးတာနဲ့ နွားစာစဉ်းခိုင်းတယ်။ ညနေအိမ်ပြန်ခါနီးအထိ အလုပ်တွေလုပ်ရတယ်။ နောက်တစ်နေ့မှာတော့ အရူးဟာ အလုပ်လာမလုပ်တော့ဘူး။ ဒီလိုနဲ့ ရက်အနည်းငယ်ကြာတဲ့အခါ သူဋ္ဌေးကြီးဟာ အရူးကိုလိုက်ရှာတယ်။ အရူးကိုတွေ့တော့ ဘာလို့အလုပ်လာမလုပ်လဲမေးတဲ့အခါ အရူးက “ကျုပ်ရူးတာခင်ဗျားလည်းသိတယ်။ ဒီတစ်ရွာလုံးလည်းသိတယ်။ ဒါပေမယ့်ဗျာ ခင်ဗျား အလုပ်ခိုင်းတာ ကျုပ်မှာရူးချိန်တောင်မရဘူးဗျာ”ဆိုပြီး ပြန်ဖြေတယ်။

ဒီပုံပြင်လေးဟာ ယုတ္တိမတန်ပေမယ့် စဉ်းစားဖို့တော့ သင့်ပါတယ်။ ကျွန်တော်တို့ဟာ မအားအောင်လေ့လာကြိုးပမ်းနေရရင် ရူးချိန်မရတာကိုတော့ လက်ခံရပါမယ်။ အလကားအားနေတဲ့လက်နဲ့ ဦးနှောက်ဟာ အကုသိုလ်ကိုဖိတ်ခေါ်နေပါတယ်။ မအားအောင်နေရင် ရူးချိန်လည်း မရသလို ပျင်းချိန်လည်းမရပါဘူး။ လူတစ်ယောက်က ကိုယ့်ထက်အသက်ကြီးနေရင် အဲဒီလူထက် နာရီအားဖြင့် အသက်ပြန်ပြီးကြီးလို့ရဖို့ အလုပ်လုပ်နေမှရမယ်။ လေ့လာနေမှရမယ်။ အားလပ်ချိန်တွေကို ကောင်းကောင်းအသုံးချရမယ်။ လူတစ်ယောက်ရဲ့အောင်မြင်မှု၊ ကျရှုံးမှုဟာ အားလပ်ချိန်ကို ကောင်းကောင်းအသုံးချပုံပေါ်မှာ မူတည်ပါတယ်။ လူတစ်ယောက်ရဲ့ အကျင့်စရိုက်နဲ့စာရိတ္တကို “သူ့ရဲ့အားလပ်ချိန်မှာ ဘာလုပ်သလဲ”ဆိုတဲ့အပေါ်မှာ မူတည်ပြီးသိနိုင်ပါတယ်။

ကိုယ့်ထက်အသက်ကြီးသူအပေါ် နာရီအားဖြင့် အသက်ဘယ်လိုပြန်ကြီးရမလဲဆိုရင် ရရှိလာတဲ့အချိန်တွေကိုအလကားသုံးမပစ်ရုံပါပဲ။ ဥပမာ အသက် ၂၀ ရှိသူတစ်ယောက်က တစ်နေ့ကိုရှစ်နာရီအိပ်တယ်ဆိုပါစို့။ အသက် ၁၈ နှစ်ရှိသူတစ်ယောက်က တစ်နေ့ကိုခြောက်နာရီပဲအိပ်ပြီး အလုပ်တစ်ခုကို သို့မဟုတ် ပညာရပ်တစ်ခုခုကို လေ့လာနေတယ်ဆိုရင် ဒါဟာ နာရီတွေနဲ့အသက်ကြီးနေတာပါပဲ။ အသက် ၂၀ ရှိသူ တစ်ယောက်က တစ်နေ့ကိုအင်္ဂလိပ်စာနှစ်နာရီလေ့လာတယ်ဆိုပါစို့။ အသက် ၁၈ နှစ်ရှိသူတစ်ယောက်က တစ်နေ့ကိုအင်္ဂလိပ်စာလေးနာရီလေ့လာနေပါက ဒါဟာ အချိန်အားဖြင့် အသက်ကြီးခြင်းတစ်မျိုးပါပဲ။

ဒီနေရာမှာ အချိန်တွေနဲ့အသက်ကြီးပစ်လိုက်သူ ကုန်ဆုံးသွားခဲ့တဲ့ကာလတွေကို အချိန်နဲ့ပြန်ဖြည့်ဆည်းသူတစ်ဦးကို ဖော်ပြချင်ပါတယ်။ သူကတော့ မိတ္ထီလာမြို့နယ် ဗေဒါလမ်းအင်္ဂလိပ်စာသင်တန်းမှ ဆရာတော်ဦးဓမ္မသာရဖြစ်ပါတယ်။ ဆရာတော်ဟာ အသက်နှစ်ဆယ်မှာ တစ်နေ့ကိုသုံးနာရီပဲ အိပ်ပြီး အင်္ဂလိပ်စာစလေ့လာခဲ့တယ်။ ဆရာတော်အမြဲပြောလေ့ရှိပါတယ်။ “လူတစ်ရာအိပ်တဲ့အချိန် လူတစ်ယောက်မအိပ်ဘူး၊ လူတစ်ရာမဖြစ်တဲ့စကားပြန် လူတစ်ယောက်ဖြစ်သွားတယ်”တဲ့။

ကျွန်တော်တို့မှာ ညံ့ခဲ့တာတွေရှိခဲ့တယ်။ အချိန်ကို အလေးမထားခဲ့တာတွေရှိခဲ့တယ်။ အဲဒီလို အလကားကုန်ဆုံးသွားတဲ့ကာလတွေကို အချိန်တွေနဲ့ပြန်ကုစားလို့ရပါတယ်။ ကျွန်တော်တို့တွေ သုံးလိုက်တဲ့အချိန်ဟာ အကျိုးသက်ရောက်မှုရှိနေရင် ကုန်သွားတဲ့အချိန် ကြီးသွားတဲ့အသက်ဟာ ကုန်ရကျိုး၊ ကြီးရကျိုးနပ်ပါတယ်။ အလကားကုန်သွားပြီး ကြီးလာတဲ့အသက်ဟာ လူအိုသွားတာထက်ပိုမှာမဟုတ်ဘူး။ အသက်ကြီးတိုင်းလည်း ဦးနှောက်မကြီးကြပါဘူး။ ဆရာလူထုစိန်ဝင်းပြောသလို ပြောရရင် ခေါင်းမအိုရင် လူမအိုပါဘူး။

ဒါကြောင့် ကျွန်တော်တို့ဟာ ကုန်ဆုံးသွားခဲ့တဲ့အချိန်တွေ၊ မလေ့လာဖြစ်ခဲ့တဲ့ကာလတွေ၊ ညံ့ခဲ့တဲ့ကာလတွေကို အချိန်နဲ့ပြန်ကုစားပြီး ဦးနှောက်အိုအောင် လေ့လာစဉ်းစားကြိုးစားနေရပါမယ်။ ဒါမှတန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်ပြီး လူ့ဘောင်အဖွဲ့အစည်းအတွက် အကျိုးပြုနိုင်တဲ့သူတစ်ယောက်ဖြစ်ပါလိမ့်မယ်။ အသက်ငယ်သူမို့လည်း နှိမ့်ချစရာမလိုသလို အသက်ကြီးသူတစ်ယောက်မို့ အရှိန်နဲ့လန့်စရာမလိုပါဘူး။ လူတစ်ယောက်ဟာ ကိုယ့်ထက်လေ့လာထားတဲ့ နာရီတွေ ဘယ်လောက်ပိုနေလဲဆိုတာလည်း မသိနိုင်ပါဘူး။

ဒါကြောင့် ကိုယ့်ထက်အသက်ကြီးသူထက် နာရီအားဖြင့်အသက်ပိုကြီးနေရင် အသက်ငယ်ပေမယ့် ဦးနှောက်မငယ်ပါဘူး။ ရရှိတဲ့အချိန်တွေကို အကျိုးရှိအောင် အသုံးချမှုသည်သာ ပဓာနဖြစ်ပါတယ်။ စဉ်းစားကြည့်ပါ။ ကိုယ့်ထက်ငယ်သူတွေဟာ ကိုယ့်ထက်လေ့လာကြိုးစားအားထုတ်နေတဲ့ နာရီတွေဘယ်လောက်များသလဲ။ ကိုယ့်ထက်အသက်ကြီးသူတွေကရော ကိုယ့်ထက်နာရီအားဖြင့်ရော အသက်ကြီးကြပြီလား။ ဒါကြောင့်ကျွန်တော်တို့တွေဟာ ရရှိလာတဲ့အချိန်လေးကို အလကားမကုန်ဆုံးစေဘဲ မိမိတို့ရဲ့ သန့်ရာသန့်ရာဝါသနာလုပ်ငန်းများ၊ လူသားအကျိုးပြုလုပ်ငန်းကိစ္စများကို လုပ်ဆောင်ရင်း အချိန်တွေကို ကုန်ဆုံးကြပါစို့ဟု တိုက်တွန်းလိုက်ရပါတော့တယ်။

## အားလုံးလက်တွဲလို့ ကာကွယ်စို့

ကိုဗစ်နိုင်တင်း ကပ်ရောဂါ
ကူးစက်ပျံ့နှံ့လာ။
မြန်မာနိုင်ငံမှာ တွေ့ရှိထား
ဆင်ခြင်သတိပွား။
လူအများရှိ နေရာတွေ
မသွားသင့်ပါလေ။
ခြေလက်တွေကို အစဉ်ဆေး
ရောဂါကင်းဝေးရေး။
ချောင်းဆိုးနှာစေး ဖျားနာလျှင်
ဆေးခန်းပြဖို့ပြင်။
အားလုံးပါဝင် လက်တွဲလို့
ကာကွယ်ကြပါစို့။
နှာခေါင်းစည်းတို့ ဆောင်ထားလေ
ကူးစက်မလွယ်ပေ။
ညီညာစွာလေ တိုက်ဖျက်ကြ
အားလုံးပျော်ရွှင်ရ။

လင်းလက်လွန်(ပခုက္ကူ)

## နွေဦးပန်းချီ

ဆက်ရက်များက ညံစာစာ
နွေဦးသည်ချိန်ရာ
ပေါက်လဲနီတျာ သင်းထုံလွှမ်း
ပင်ထက်ယံမှာလန်း။
လွမ်းတေးသီတဲ့ ဥသြငယ်
ဖော်ရှာမောလှတယ်
လေပွေရူးရယ် တိုက်ခတ်ပေး
ရွက်ဟောင်းမြေမှာထွေး။
အညာကျေးက ကုက္ကိုပင်
အရိပ်ကောင်းလှထင်
ရေချမ်းစင်ဟာ အေးမြမြ
အမောပြေပါလှ။
နွေဦးကာလ သည်ရာသီ
ပူပြင်းလှပေသည်
ယပ်တောင်ကိုယ်စီ တဖျပ်ဖျပ်
တို့ရဲ့အညာရပ်။

သန့်ဇင်ဦး(တောင်တွင်း)

ဝတ္ထုတို

## ပြည့်စုံအောင်(မော်ဘီ)




ပိတောက်ဖူးတွေမြင်တော့ ရှေးနွယ်ရင်ထဲ လှိုက်ခနဲ နွေးလာတယ်။ ပြီးတော့ မျက်ဝန်းကမ်းပါးတစ်လျှောက်လုံး စိုစွတ်လှင့်ပါးစွာ စီးဆင်းလာတဲ့ မျက်ရည်ကြည်များဟာ အတားအဆီးမဲ့ တိမ်းညွတ်လာလေရဲ့။ တစ်ခါတစ်ရံ လောကကြီးမှာ ဖြစ်ချင်တိုင်း ဖြစ်ခွင့်မရခဲ့တာတွေ အများကြီးပဲ မဟုတ်လား။ ဒါပေမယ့် ဖြစ်သင့်တာထက် ဖြစ်ချင်တာလေးကိုပဲ ရှေးနွယ်နှလုံးသားက ဦးစားပေးချင်ခဲ့မိတယ်။ အခုတော့ ရှေးနွယ်ဖြစ်ချင်တဲ့ အိပ်မက်လေးတွေဟာ မှုန်ရီမှုန်ဝါး နှင်းမကွဲသေးတဲ့ နံနက်ခင်းတွေလိုပါပဲ။ ဖြစ်ချင်ခဲ့တဲ့ အိပ်မက်လေးဟာ အိပ်မက်တွေထဲ ကြွေကျရင်း ပျောက်ဆုံးခဲ့ရပြီ။ အခုတော့ ရှေးနွယ်ရဲ့ ရွေးချယ်မှုအတွက် ရှေးနွယ် လမ်းမမှားချင်တော့ဘူးလေ။ ရှေးနွယ်ရဲ့ဘဝမှာ မျှော်လင့်ခဲ့ရတဲ့ လူတစ်ယောက်ရှင်လျက်နဲ့ ပျောက်ကွယ်သွားပြီးကတည်းက သစ္စာတရားဆိုတာ ရှေးနွယ် မယုံချင်တော့ပါဘူး။ ဒါပေမယ့်လေ ရှေးနွယ်ဘဝမှာအဲဒီပိတောက်ဖူးတွေမြင်တိုင်း အတိတ်ကို စွဲစွဲမြဲမြဲ လွမ်းဆွတ်နေမိတာဟာ မကျက်သေးတဲ့ ဒဏ်ရာတစ်ခုလိုပါပဲ။

အခုလည်း အိမ်ရှေ့ခြံစည်းရိုးထောင့်က ပိတောက်ပင်ကြီးမှာ ပိတောက်ဖူးတွေ အစုလိုက်အပြုံလိုက် အစီစီအရီရီ ဖြစ်နေပြီ။

"ကိုငြိမ်းသွင် ..." နာမည်လေးတစ်ခုကို ရှေးနွယ် ဖွဖွလေး ရေရွတ်လိုက်ရင်း နှလုံးခုန်သံနဲ့ အသိစိတ်တို့ဟာ အတိတ်ကို ကူးခပ်လွင့်မျောသွားတယ်။

"ဟဲ့ နှင်းဖြူ ဘယ်သူနဲ့ ဖုန်းပြောပြီး ရွှင်ပျနေတာလဲဟဲ့"

ဖုန်းဆက်ရင်း ရယ်ရယ်မောမော ပြုံးရွှင်နေတဲ့ နှင်းဖြူကိုကြည့်ပြီး ရှေးနွယ်မေးလိုက်တယ်။ နှင်းဖြူနဲ့ ရှေးနွယ်က အခြေခံကျောင်းကနေ တက္ကသိုလ်တက်တဲ့အထိ ငယ်သူငယ်ချင်းတွေပါ။

ပြီးတော့ တစ်ရပ်ကွက်တည်းနေတာဖြစ်ပြီး အိမ်ချင်းလည်း နီးတယ်။ ကျောင်းပိတ်ရက်ဆို သူ့အိမ်ကိုယ့်အိမ် ကူးချည်သန်းချည် လုပ်နေကျပေါ့။ အခုဆို ရှေးနွယ်ရော နှင်းဖြူပါ ဒုတိယနှစ် တက္ကသိုလ်ကျောင်းသူကြီးတွေ ဖြစ်ခဲ့ပြီ။ အခုချိန်ထိ ညီအစ်မတွေလို တတွဲတွဲနဲ့ အခင်အမင်မပျက်ပေါ့။ ဒီနေ့လည်း ရှေးနွယ် အိမ်မှာနေရတာ ပျင်းသလိုလိုရှိတာနဲ့ နှင်းဖြူတို့ အိမ်ဘက် အလည်ထွက်ခဲ့တာ။ ခြံရှေ့ရောက်တော့ နှင်းဖြူတစ်ယောက် ဖုန်းတစ်လုံးနဲ့ ရှေ့သွားနောက်လှည့်လုပ်ရင်း ပြုံးရွှင်နေတာမြင်တော့ ရှေးနွယ် မေးလိုက်မိတယ်။

"မနက်ဖြန် နယ်က ငါ့ကြီးကြီးတို့ မိသားစုလာလည်မှာ၊ ပြီးတော့ သင်္ကြန်အတွင်း ဒီမှာနေမှာတဲ့၊ ညှော့သည်တွေလာမှာမို့ ပျော်တာပါဟ"

"သြော် အေး အေး"

တကယ်တော့ နှင်းဖြူမှာ မောင်နှမ အရင်းဆိုတာမရှိဘူး။ နှင်းဖြူက တစ်ဦးတည်း သောသမီး။

ဒါပေမယ့် နှင်းဖြူမှာ ကိုငြိမ်းသွင်ဆိုတဲ့ အစ်ကိုဝမ်းကွဲတစ်ယောက်ရှိတာတော့ နှင်းဖြူ ခဏခဏပြောလို့ ရှေးနွယ်သိထားရတယ်။ တစ်ခါမှတော့ မမြင်ဖူးဘူးပေါ့။ ပြီးတော့ ကိုငြိမ်းသွင်ဆိုတာက စစ်သားတဲ့။ သူဘယ်သူပဲဖြစ်ဖြစ်ပါ ရှေးနွယ်စိတ်ဝင်တစား မမေးခဲ့ဖူးဘူး။ အခုတော့ နှင်းဖြူပြောနေတဲ့ အစ်ကိုဝမ်းကွဲ ကိုငြိမ်းသွင်ဆိုတာ မကြာခင် နှင်းဖြူတို့ အိမ်ကို လာလည်ကြတော့မယ်။ အခုချိန်မှာတော့ ကိုငြိမ်းသွင်ဆိုတာ ဘယ်လိုအသွင်မျိုး၊ ဘယ်လိုလူမျိုးလဲဆိုတာ ရှေးနွယ်သိချင်လာမိတယ်။

ဒါကို နှင်းဖြူသာသိရင် ဘယ်လောက်တောင် ကျီစယ်လိုက်လေမလဲ။

နောက်တစ်နေ့ နေ့လယ်ခင်းမှာ နှင်းဖြူတို့အိမ်ကို နယ်က သူ့အမျိုးတွေ ရောက်လာတယ်။ အဲဒီအထဲမှာ အသားဖြူဖြူ ကိုယ်ဟန်ကိုယ်ထည် တောင့်တောင့်တင်းတင်းနဲ့ ယောကျ်ားပီသတဲ့ လူတစ်ယောက်ပါလာတယ်။ အဲဒီလူက နှင်းဖြူပြောပြောနေတဲ့ အစ်ကိုဝမ်းကွဲ ကိုငြိမ်းသွင်ဆိုတာပေါ့။ သူတို့ရောက်တဲ့နေ့က ရှေးနွယ်လည်း နှင်းဖြူနဲ့အတူတူ ထမင်းဟင်းဝိုင်းကူချက်လုပ်ပေးရင်း နှင်းဖြူတို့အိမ်မှာ တစ်နေကုန်ခဲ့တယ်။ နှင်းဖြူကတော့ ရှေးနွယ်ကို အသံဆိတ်ဆိတ်တစ်မျိုး၊ ကိုယ်ဟန်အမူအရာနဲ့တစ်မျိုး ကျီစယ်တယ်။ ရှေးနွယ်လည်း သူငယ်ချင်း အချင်းချင်း စနောက်နေကျမို့ နားလည်ပါတယ်။ ညနေပိုင်းကျတော့ နှင်းဖြူတို့မိသားစုက စတုဒိသာကျွေးဖို့ အစီအစဉ်ရှိတော့ ရှေးနွယ်ဝိုင်းကူလုပ်ပေးရတယ်။ မနက်ဖြန် သင်္ကြန်ကျပြီကိုး။

အဲဒီနေ့မှာပဲ ရှေးနွယ်နဲ့ ကိုငြိမ်းသွင်တို့ တရင်းတနှီး စကားပြောဖြစ်ခဲ့ကြတယ်။ အစက မျက်နှာစိမ်းဖြစ်တဲ့ ကိုငြိမ်းသွင်နဲ့ ရင်းနှီးဖို့ နေနေသာသာ စကားတစ်ခွန်းတောင် ပြောဖြစ်လိမ့်မယ်လို့ မထင်ခဲ့ဘူး။ တကယ်တမ်းပြောဖြစ်လာတော့လည်း ရှေးနွယ်ရင်ထဲ အမည်မဖော်တတ်သော ကြည်နူးမှုတွေ ဖြစ်လာတယ်။ မိန်းကလေးဆိုတော့လည်း သိုသိုသိပ်သိပ် ရင်ခုန်ရတာ မဟုတ်လား။

ကိုငြိမ်းသွင်က စကားပြောကောင်းတယ်။ တည်ကြည်ရိုးသားတဲ့ လူတစ်ယောက်လို့ ရှေးနွယ်မြင်မိတယ်။ ပြီးတော့ သင်္ကြန်ရက်တွေမှာ ရှေးနွယ်တို့ သူငယ်ချင်းတစ်ဖွဲ့နဲ့အတူ ရေကစားတယ်။ နေ့လယ်နေ့ခင်း ရေပက်နားတဲ့အချိန်မှာ ကိုငြိမ်းသွင်က သူ စစ်ထွက်ခဲ့ရတဲ့ တောတွေ၊ တောင်တွေအကြောင်း ဗဟုသုတရအောင် ပြောပြတယ်။ အဲဒီသင်္ကြန်ကျတဲ့ ရက်တွေဟာ နှင်းဖြူအိမ်မှာပဲ ရှေးနွယ်နေဖြစ်တယ်။ နှင်းဖြူနဲ့အတူတူ ရေကစားတယ်။ တကယ်ဆို ကိုငြိမ်းသွင်ရဲ့ စကားပြောကောင်းတာတွေ၊ ရှေးနွယ်ကို ကြည့်နေတဲ့ ကိုငြိမ်းသွင် မျက်ဝန်းတွေဟာ ရှေးနွယ်ရဲ့ စိတ်တစ်ခုလုံးကို ပြုစားထားသလိုပါပဲ။ မှတ်မှတ်ရရ သင်္ကြန်အကျနေ့မှာ သင်္ကြန်လက်ဆောင်မိုး ရွာတယ်။ အကြတ်နေ့ရောက်တော့ ပိတောက်တွေ ပင်လုံးအပြည့် ဝါဝင်းစွာ ပွင့်လေရဲ့။ အဲဒီနေ့မှာ ကိုငြိမ်းသွင်က ပိတောက်ပင်ပေါ်တက်ပြီး ပိတောက်ပန်းတွေ တက်ခူးတယ်။ ပြီးတော့ ရှေးနွယ်အတွက် အလှဆုံး ပိတောက်ပန်း တစ်ခက်ကိုရွေးပြီး ပန်ဖို့ပေးတယ်။ အဲဒီနေ့ဟာ ရှေးနွယ်ရင်ထဲ ပျော်လို့မဆုံးဘူး။

နှင်းဖြူဆို ရှေးနွယ်ကို မျက်စောင်းတထိုးထိုးနဲ့ ကျီစယ်တော့တာပဲ။

ပြီးတော့ ကိုငြိမ်းသွင်က ရှေးနွယ်ကို ချစ်ရေးဆိုတယ်။

အချိန်ခဏလေးအတွင်း ဒီလိုပြောလာလိမ့်မယ်လို့ ရှေးနွယ်ထင်မထားခဲ့ဘူး။

ဒါဟာ ရှေးရေစက်ပဲ ထင်ပါရဲ့လေ။

"ရှေးနွယ်က နာမည်လေး ဆန်းသလို ချစ်စရာလည်း ကောင်းတယ်သိလား၊ အစ်ကိုတော့ ရှေးနွယ်ကို အချိန်ခဏလေးအတွင်းမှာ ချစ်ခဲ့မိပြီ၊ အစ်ကို့ အချစ်ကို ပေါ့ပျက်ပျက်လို့ မထင်ပါနဲ့နော် ရှေးနွယ်"

အခုမှစသိတဲ့ သူစိမ်းတစ်ယောက်ကို ရှေးနွယ် ဘယ်လိုယုံရမှာလဲ။ အခုအရွယ်အထိ ရှေးနွယ်ဘဝမှာ ရည်းစားထားဖူးတာ မဟုတ်ဘူး။ ပြီးတော့ အချိန်တန်ရင် နယ်ပြန်သွားမယ့် လူတစ်ယောက်ကို ရှေးနွယ်မချစ်ရဲဘူးဆိုပေမယ့် ငြင်းဆန်နိုင်ဖို့လည်း ရှေးနွယ်စိတ်တွေက တွန်းအားမပေးဘူး ဖြစ်နေတယ်။ အဲဒီညက ရှေးနွယ်အတွေးထဲ ကိုငြိမ်းသွင်ပုံရိပ်တွေ ကြီးစိုးထားပုံများ အိပ်မက်ထဲအထိအောင် တိုးဝင်လာတယ်။

သင်္ကြန်နောက်ဆုံးနေ့မှာ ရှေးနွယ်ဆီက ကိုငြိမ်းသွင် အဖြေတောင်းတယ်။ ရှေးနွယ်လည်း အဖြေကို လွယ်လွယ်လေး မပေးလိုက်ချင်ဘူး။ ရှေးနွယ်က အချစ်ဆိုတာကို တစ်နှစ်မှာ တစ်ခါသာ အလှပဆုံးပွင့်တဲ့ ပိတောက်ပန်းလေးတွေလို ခံယူထားတယ်။ ရှေးနွယ်ရင်ထဲက အချစ်ဆိုတာလည်း တစ်သက်မှာ တစ်ယောက်တည်းပဲ ပေးချင်တယ်။ အဲဒီသင်္ကြန်နောက်ဆုံးနေ့က ရှေးနွယ်နဲ့ ကိုငြိမ်းသွင်တို့ နှင်းဖြူတို့ အိမ်ခြံဝင်းထဲ အတူထိုင်ရင်း စကားတွေအများကြီး ပြောဖြစ်ခဲ့ကြတယ်။

"အစ်ကို့ကို ရှေးနွယ်မယုံလို့ အဖြေမပေးရဲတာ မဟုတ်ပါဘူး၊ အစ်ကိုက သင်္ကြန်ပြီးရင် နယ်ပြန်တော့မှာလေ၊ အဲဒီလို လူတစ်ယောက်ကို ရှေးနွယ်က ဘယ်လို ယုံယုံကြည်ကြည်နဲ့ အဖြေပေးရမှာလဲ အစ်ကို"

"အစ်ကို့ကို မယုံတာလား ရှေးနွယ်၊ နေရာတွေ ဘယ်လောက်ဝေးဝေး စိတ်ချင်းနီးရင်ဖြစ်တယ် မဟုတ်လား၊ ပြီးတော့ အစ်ကိုလည်း ခွင့်ရတဲ့အခါ ရှေးနွယ်ဆီ လာခဲ့မှာပေါ့၊ မကြာမကြာ ဖုန်းနဲ့ အဆက်အသွယ်လုပ်လို့ရတာပဲလေ၊ အစ်ကို့ ကတိပေးပါတယ်၊ အစ်ကို့ဘဝရဲ့ အချစ်ဆိုတာလည်း ရှေးနွယ်ခေါင်းမှာ ပန်ထားတဲ့ ပိတောက်ပန်းလိုပေါ့၊ ဒီတစ်ယောက်တည်းအတွက်ပဲ တစ်သက်မှာ တစ်ခါ ပွင့်လန်းချင်တယ်"

အဲဒီနေ့က ကိုငြိမ်းသွင်ရဲ့ စကားလုံးတွေအောက်ကနေ ရှေးနွယ်မရုန်းနိုင်ခဲ့ပါဘူး။ ရှေးနွယ်ရဲ့ နှလုံးသားထဲ ကိုငြိမ်းသွင်က နေရာယူထားခဲ့ပြီ။

အဲဒီညကပဲ ကိုငြိမ်းသွင်ကို ရှေးနွယ် အဖြေပေးလိုက်မိတယ်။ ရှေးနွယ်ကို အညာလွယ်တဲ့ မိန်းကလေးလို့တော့ ကိုငြိမ်းသွင် မထင်စေချင်ဘူး။

ပြီးတော့ ဘယ်လောက်ဝေးဝေး တစ်နေ့နေ့မှာ တစ်သက်လုံး အတူတူရှိသွားရလိမ့်မယ် ဆိုတဲ့အတွေးနဲ့ ကိုငြိမ်းသွင်ရဲ့ အချစ်ကို ရှေးနွယ် ယုံကြည်စွာ လက်ခံပေးလိုက်မိတယ်။

နယ်မြို့လေးဆီ ကိုငြိမ်းသွင် ပြန်သွားပေမယ့် တစ်ပတ်တစ်ခါတော့ ဖုန်းအဆက်အသွယ်ရတယ်။ ကိုငြိမ်းသွင်က ရှေးနွယ်ကို သဝန်တိုတဲ့ အကြောင်းတွေ၊ စိတ်မချတဲ့ အကြောင်းတွေ ပြောလာရင် ရှေးနွယ် သိပ်စိတ်တိုတာပဲ။ အနီးအနားရှိရင် ကိုငြိမ်းသွင်ရဲ့ ပခုံးကို ထုရိုက်လိုက်တာချင်တာ အမှန်ပဲ။ ကိုငြိမ်းသွင်အပေါ် ထားရှိတဲ့ချစ်ခြင်းမေတ္တာတရားတွေ လက်တွေ့ပြသချင်မိတယ်။ အခုတော့ တာဝန်တွေကြားမှာ မိုင်တိုင်များစွာ ဝေးကွာနေရတော့ လွမ်းတဲ့စိတ်တွေသာ ရှေးနွယ်ပိုင်ဆိုင်ထားရတယ်လေ။ ကိုငြိမ်းသွင်ကို ရှေးနွယ်ရဲ့တစ်ဘဝလုံးစာအတွက် ယုံယုံကြည်ကြည် စောင့်စားခဲ့တာပဲ။ တစ်ခါတလေ ကံကြမ္မာရဲ့ လှည့်ကွက်တွေက သိပ်ကို မော်ဆန်လွန်းတယ်။

ကိုငြိမ်းသွင်တစ်ယောက် ရှေ့တန်းစစ်မြေပြင်ထွက်ပြီးနောက်မှာ ရှေးနွယ်နဲ့ ကိုငြိမ်းသွင်ကြား အချိန်တော်တော်ကြာကြာ အဆက်အသွယ် ပြတ်တောက်ခဲ့တယ်။ အဲဒီနှစ်က သင်္ကြန်မှာ ဒီမြို့လေးကို ကိုငြိမ်းသွင် ရောက်မလာခဲ့ဘူးဆိုတော့ ရှေးနွယ်ရင်ထဲ တစ်ခုခု လစ်ဟာနေသလိုပဲ။

ပိတောက်တွေသာ နောက်တစ်ကြိမ် ထပ်ပွင့်ခဲ့တယ်။ ကိုငြိမ်းသွင်ဆီက ဆက်သွယ်လာမယ့်ဖုန်းဟာ နောက်တစ်ကြိမ် ထပ်မလာတော့တာ ကြာပေါ့။

အဲဒီနေ့တွေတိုင်းဟာ ရှေးနွယ်အိပ်မက်တွေ နိမိတ်မကောင်းဘူး။ ရှေ့တန်းစစ်မြေပြင်မှာ ကိုငြိမ်းသွင်ဘာဖြစ်လို့များလဲလို့ တွေးရင်း ရှေးနွယ်ရင်တထိတ်ထိတ်ဖြစ်ရတယ်။ ဘုရားရှိခိုးပြီးတိုင်းလည်း ကိုငြိမ်းသွင် အန္တရာယ်ကင်းစေဖို့ ရှေးနွယ်ဆုတောင်းမိတာပေါ့။

တစ်ခုတည်းသော ညခင်းလေးတစ်ခုမှာ ရှေးနွယ်ဆီ ဖုန်းနံပါတ် အစိမ်းသက်သက်တစ်ခု ဝင်လာတယ်။ အဲဒီဖုန်းကို ကိုင်လိုက်တော့မှ ရှေးနွယ် မျှော်လင့်နေရတဲ့ အသံပိုင်ရှင် ဖြစ်နေတယ်။

လပေါင်းများစွာ အဆက်အသွယ်မဲ့နေတဲ့ ချစ်ရသူ ကိုငြိမ်းသွင်ဆီကပေါ့။ ရှေးနွယ် သိပ်ပျော်တာပဲ။ ပျော်လွန်းပြီး ဘာပြောရမှန်း မသိဖြစ်နေချိန်မှာ ကိုငြိမ်းသွင်ဆီက မထင်မှတ်တဲ့ စကားတွေ ကြားလိုက်ရတယ်။

"ရှေးနွယ် ... အစ်ကိုပြောတာ သေချာနားထောင်နော်၊ အစ်ကို ရှေးနွယ်ဆီလာနိုင်မှာ မဟုတ်တော့ဘူး၊ အစ်ကိုဒီမှာ တခြားတစ်ယောက်နဲ့ လက်ထပ်လိုက်ပြီရှေးနွယ်၊ အစ်ကို့ကို ရှေးနွယ်မျှော်မနေနဲ့တော့နော်၊ အစ်ကို ရှေးနွယ်ကို သစ္စာဖောက်မိတဲ့အတွက် ခွင့်လွှတ်ပါနော်"

ဒါဟာ ကိုငြိမ်းသွင်ဆီက ရှေးနွယ် နောက်ဆုံးကြားလိုက်ရတဲ့ စကားပဲ။ အဲဒီစကားပြောပြီးတဲ့အချိန်မှာ ကိုငြိမ်းသွင် ဖုန်းချသွားတယ်။

အခိုက်အတန့်တစ်ခုအထိ ရှေးနွယ် မတုန်မလှုပ်ဖြစ်သွားမိတယ်။ တစ်ဘဝစာ မျှော်နေခဲ့ရတဲ့ လူတစ်ယောက်ဟာ တစ်သက်စာလုံး သစ္စာမဲ့သွားပြီလေ။

လူလိမ်လူညာကြီးဆိုပြီး ပြောလိုက်မှ ရှေးနွယ် ရင်ထဲပေါ့ပါးသွားမှာမို့ ကိုငြိမ်းသွင်ဆီ ဖုန်းပြန်ခေါ်လိုက်တယ်။ ဒါပေမယ့် ဖုန်းဟာ စက်ပိတ်သွားခဲ့ပြီ။

တစ်ရက်မဟုတ်၊ တစ်လမက စက်ပိတ်သွားတဲ့ဖုန်းကို ရှေးနွယ်ခေါ်နေခဲ့မိတာ အရူးလိုပဲ။ အဲဒီကတည်းက ကိုငြိမ်းသွင်ကို တစ်နေ့မှ မေ့မရခဲ့ပေမယ့် ရှေးနွယ်စိတ်နာခဲ့တယ်။ အဲဒီ အချစ်ဒဏ်ရာတွေဟာ အခုချိန်ထိ ရှေးနွယ်ရင်ထဲ နာကျင်စွာရှင်သန်နေတုန်းပဲ။

"သမီး ရှေးနွယ်၊ ခုနက မောင်သူရဆီက ဖုန်းလာတယ်၊ သမီး အပြင်သွားတယ် ထင်လို့ နောက်မှ ပြန်ခေါ်လိုက်မယ်လို့ ပြောလိုက်တယ်၊ ဖိတ်စာတွေ မလောက်ရင် ထပ်ရိုက်လိုက်ရမလားတဲ့"

"ဟုတ် မေမေ၊ သမီး ပြန်ဆက်လိုက်ဦးမယ်"

အတိတ်ဆီ လွင့်မျောစွာ လွမ်းဆွတ်နေမှုကို ရှေးနွယ်ရုပ်သိမ်းလိုက်ပြီး ဖုန်းရှိရာကို သွားလိုက်တယ်။ သင်္ကြန်ပြီးရင် တစ်မြို့တည်းနေတဲ့ ကိုသူရနဲ့ လက်ထပ်ရတော့မယ်လေ။ သစ္စာဖောက်ခဲ့သူကြီး ကိုငြိမ်းသွင်ကို မေ့မရပေမယ့် အချစ်ဆိုတာ အချိန်က ကုစားပေးတဲ့အခါ အစားထိုးအချစ်နဲ့ ဘဝကို ရှင်သန်ရမှာပဲလေ။

အခုဆို သင်္ကြန်တောင် ပြန်ကျတော့မယ်။ သင်္ကြန်နားနီးတိုင်း အတိတ်ကို ဆွေးတမြည့်မြည့် ဖြစ်နေတုန်းပါပဲ။ ဘာပဲဖြစ်ဖြစ်လေ ရှေးနွယ်ရဲ့ဘဝမှာ ကိုသူရဟာ ခင်ပွန်းကောင်းတစ်ယောက် ဖြစ်မယ်ဆိုတာ ယုံကြည်လို့ ရှေးနွယ်လက်ခံခဲ့ပြီးပြီ။ ပထမဆုံးအချစ်မဟုတ်ခဲ့တာတောင် နောက်ဆုံးအချစ်နဲ့ တစ်ဘဝစာ လက်တွဲသွားရတော့မယ် မဟုတ်လား။

ဒီကမ္ဘာပေါ်မှာ ချစ်သူတိုင်း ကွေကွင်းရတဲ့ဒုက္ခဆိုတာ လူတိုင်းနီးပါး ကြုံတွေ့နေရတဲ့ ဝဋ်ကြွေးတစ်ခုပါပဲ။ အချိန်တန်ရင် မေ့သွားမှာပါဆိုပေမယ့် ရှေးနွယ်ရင်ထဲတော့ ပိတောက်ပန်းပေးပြီး ချစ်ရေးဆိုခဲ့တဲ့ ကိုငြိမ်းသွင်ဆိုတဲ့ လူတစ်ယောက်ကိုတော့ အခုထိ အမှတ်တရ ရှိနေဆဲပါလေ။

နှစ်ကာလတွေ ဘယ်လောက်ပဲ ပြောင်းလဲခဲ့ပါစေ၊ ရင်မှာ စွဲစွဲလမ်းလမ်း ထင်ကျန်နေတဲ့ အမှတ်တရပုံရိပ်တွေကို ငြိမ်းသွင်မေ့မရခဲ့ပါဘူး။ အခုဆို သင်္ကြန်ကာလကို ပြန်ရောက်လာခဲ့ပြီ။

ဒီလိုအချိန်မှာ ဟိုးပင်ယံမြင့်ဆီမှာ အစီစီအရီရီ ပွင့်လန်းနေတဲ့ ပိတောက်ပန်းတွေကို မြင်ရင် ငြိမ်းသွင်စိတ်ထဲ ရှေးနွယ်ကို သတိရနှုန်းတွေ ပိုပြင်းထန်လာခဲ့တယ်။ တကယ်ဆို ကိုယ်သိပ်ချစ်ရတဲ့ လူတစ်ယောက်ကို ဘယ်သူက ဆုံးရှုံးခံနိုင်မှာတဲ့လဲ။ ရှေးနွယ်ကို သိပ်ချစ်လွန်းလို့ ငြိမ်းသွင်လိမ်ခဲ့မိပေမယ့် နောင်တတော့ မရပါဘူး။ ရှေးနွယ်သာ သူ့ရဲ့ပုံစံအမှန်ကိုသိရင် နားလည်ပေးနိုင်မှာတဲ့လား။ အခုတော့ ရှေးနွယ်တစ်ယောက် သူ့ကို လူလိမ်လူညာကြီး၊ သစ္စာဖောက်သူကြီးဆိုပြီး နာကြည်းနေမယ်ဆိုတာ ငြိမ်းသွင်သိတာပေါ့။ စစ်မြေပြင်မှာ လက်တစ်ဖက်ကို ဒဏ်ရာ အပြင်းအထန်ရခဲ့တဲ့အတွက် ဒုက္ခိတဘွဲ့ကို ငြိမ်းသွင်ခံယူခဲ့ရတယ်။ အခုလို လက်တစ်ဖက်မဲ့နေတဲ့လူကို ဘယ်သူကများ တစ်သက်စာ လက်တွဲချင်မှာတဲ့လဲ။ ဒီအကြောင်းတွေ ရှေးနွယ်မသိစေဖို့ ညီမဝမ်းကွဲဖြစ်သူ နှင်းဖြူဆီ ဆက်သွယ်ပြီး နှုတ်ပိတ်ခိုင်းခဲ့ရတယ်။

အခြားသူတစ်ယောက်နဲ့ လက်ထပ်လိုက်ပြီဆိုတဲ့ စကားကို မဝံ့မရဲနဲ့ လိမ်ညာပြောလိုက်တဲ့ညက ငြိမ်းသွင်ရင်ထဲ မီးလိုလောင်ကျွမ်းခဲ့ရတာပါ။

ရှေးနွယ်အပေါ် ငြိမ်းသွင် သစ္စာဖောက်ခဲ့တာ မဟုတ်ပါဘူး။ လက်ရှိအခြေအနေနဲ့ ရှေးနွယ်ကို ရင်မဆိုင်ရဲတော့တာပါ။ ဒီအကြောင်းတွေ ရှေးနွယ်မသိစေချင်တော့ဘူး။ မကြာခင် ရှေးနွယ် လက်ထပ်တော့မယ်ဆိုတဲ့ သတင်းကို ကြားရတာ ငြိမ်းသွင် ဝမ်းမြောက်ပါတယ်လေ။ ငြိမ်းသွင်ရင်ထဲ ရှေးနွယ်ကို ဘယ်လောက်ထိ သစ္စာရှိရှိ ချစ်ခဲ့သလဲဆိုတာ ပိတောက်ပန်းတွေကိုသာ သက်သေထားပြီး စိတ်ထဲက တိုင်တည်နေမိတော့တယ်။

"မင်းဘဝလေး အေးချမ်းပါစေ ရှေးနွယ်" လို့ ငြိမ်းသွင်စိတ်ထဲ အသံတိတ် တောင်းဆုပြုရင်း အတိတ်ပုံရိပ်တွေ ပြန်မြင်ယောင်ကာ မျက်ရည်တွေ ဝဲလာပါတော့တယ်။

## ငြိမ်းချမ်းပါစေ ကမ္ဘာမြေ

ပန်းရောင်စုံလည်း ပွင့်ပါစေ
သားတို့ ကမ္ဘာမြေ
လေပြည်သွေးလျှင် ရနံ့များ
မွှေးပျံ့ပါစေသား။
ငှက်ကလေးများ တေးဆိုစေ
သားတို့ ကမ္ဘာမြေ
ချိုတေးသံတွေ အနှံ့ကြား
နားမှာ အေးစေသား။
သေနတ်သံများ စဲပါစေ
သားတို့ ကမ္ဘာမြေ
ယမ်းငွေ့ပြယ်စေ စစ်ပွဲနား
ငြိမ်းချမ်းပါစေသား။
ကပ်ရောဂါများ ကင်းပါစေ
သားတို့ ကမ္ဘာမြေ
ကျန်းမာကာလေ ဘယာများ
ဝေးကြပါစေသား။
များလူခပင်း မေတ္တာဝေ
သားတို့ ကမ္ဘာမြေ
ကိုယ်ချင်းစာလေ ညှာသနား
ထားနိုင်ကြစေသား။

ကိုကျော်စွာ(ကျိုက်ပိ)

## နွေပန်းချီ

ပူရှိန်ပြင်းတဲ့ နွေရာသီ
ရောက်လို့လာပါပြီ။
စီစီရီရီ ထနောင်းတန်း
စိမ်းစိမ်းစိုလို့ လန်း။
လွမ်းတေးကိုတဲ့ တကြော်ကြော်
ဘာငှက်ပါလိမ့်နော်။
အဖော်မပါ တစ်ကောင်တည်း(ထဲ)
ဥသြငှက်လေးပဲ။
နီနီရဲရဲ ပွင့်လက်ပံ
လေမှာဝဲလွင့်ပျံ။
ပင်မြင့်ယံမှာ အညှာခြောက်
ကြွေကျပင်ခြေရောက်။
ပိတောက်တွေလည်း ပွင့်နေရှာ
တစ်ပင်လုံးဝါဝါ။
သင်္ကြန်အခါ ပျိုမေများ
ခေါင်းမှာပန်လို့ထား။
အလှတရား စုံကာနေ
ဂိမှာန် ဥတုပေ။
စာစီကာလေ ဘယ်လိုရေး
ကုန်နိုင်ဘူးကွဲ့လေး။ ။

သာမန်လူ

ဆောင်းပါး

# လူ့အဖိုးတန်

■ မေဝသန့်(ပြင်သာ)

လောကကြီးအတွင်းတွင် မှီတင်းနေထိုင်လျက်ရှိကြသော လူဦးရေသည် သန်းပေါင်းများစွာဖြစ်ပါသည်။ သို့သော် လူ့အဖိုးတန်(တန်ဖိုးရှိသောလူ)များကား နည်းပါးလှပါသည်။ ထိုသို့ဖြစ်ရသည်မှာ လူသားစင်စစ်ဖြစ်ကြပါလျက် လူပီသစွာ အသက်ရှင်နေထိုင်မှု မပြုကြသောကြောင့်ပင် ဖြစ်ပါသည်။ လူပီသစွာ အသက်ရှင်နေထိုင်ကြသူများသည် လူ့အဖိုးတန်များ ဖြစ်ကြပေသည်။ ထိုသူများသည် မိမိ၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာကြိုးစားဆောင်ရွက်နိုင်ကြသည်။

ကျွန်ုပ်တို့၏ ယုံကြည်အားထား၊ ကိုးကွယ်၊ ဆည်းကပ်ရာဖြစ်သော ဗုဒ္ဓဘုရားရှင်သည် "သတ္တဝါအပေါင်းအတွက် အမှန်တရားကိုရအောင် ငါ ရှာဖွေဖော်ထုတ်မည်" ဟူသော တာဝန်သိစိတ်ဖြင့် တာဝန်ယူကာ ကြိုးစားအားထုတ်ခဲ့သောကြောင့် နောက်ဆုံးတွင် အလုံးစုံသိတော်မူသော ဘုရားအဖြစ်သို့ ရောက်ရှိကာ တာဝန်ဆောင်နိုင်ခဲ့သည်။ သူတစ်ပါးက ပေးအပ်သော တာဝန်မဟုတ်ဘဲ မိမိ၏ အသိစိတ်ဓာတ်ဖြင့် တာဝန်ယူကာ ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့ခြင်းပင်။

ထို့အတူ ကျွန်ုပ်တို့၏ မြန်မာနိုင်ငံတော်ကြီးကို တိုင်းတစ်ပါးလက်အောက်မှ အရယူကာ လွတ်လပ်သော မြန်မာနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ပေးခဲ့ကြသော လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် သူရဲကောင်းများသည်လည်း မိမိတို့ကိုယ်တိုင် တာဝန်သိစိတ်ဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ကြခြင်းပင် ဖြစ်သည်။ မိမိတို့၏အသက်ကိုပင် ပဓာနမထားဘဲ အများပြည်သူအတွက် တာဝန်ကို ရှပ်ရှပ်ချွံချွံ ထမ်းဆောင်ခဲ့ကြခြင်း ဖြစ်ပေသည်။

အမျိုးသမီးထုတို့အတွက် စံနမူနာယူဖွယ်ဖြစ်သော ခရစ်ယာန်သီလရှင် မေတ္တာရှင်၊ ကရုဏာရှင်မာသာထရီဇာသည်လည်း မိမိကိုယ်တိုင် တာဝန်သိစိတ်ဖြင့် တာဝန်ယူကာ အသက်ပေါင်းမြောက်မြားစွာကို ကယ်တင်ပေးနိုင်ခဲ့သည်။ ထိုကဲ့သို့ " ငါ့မိသားစုအတွက် ငါမလုပ်ရင် ဘယ်သူလုပ်မလဲ၊ ငါ့ရပ်ရွာအတွက် ငါမလုပ်ရင် ဘယ်သူလုပ်မလဲ၊ ငါ့မြို့အတွက် ငါမလုပ်ရင် ဘယ်သူလုပ်မလဲ၊ ငါ့နိုင်ငံအတွက် ငါမလုပ်ရင် ဘယ်သူလုပ်မလဲ၊ ငါတို့ကမ္ဘာလောကကြီးအတွက် ငါမလုပ်ရင် ဘယ်သူလုပ်မလဲ" ဟူ၍သာ တာဝန်သိစိတ်ဖြင့် တာဝန်ယူဆောင်ရွက်သွားကြမည်ဆိုလျှင် အဘယ်မှာ မတိုးတက်ဘဲ ရှိပါမည်နည်း။

ဗုဒ္ဓဘုရားရှင်သည် မေတ္တာတရားကြီးမားသည့် အလျောက် လူသားတိုင်း လိုက်နာသင့်သော တာဝန်၊ ဝတ္တရား၊ ကျင့်ဝတ်များကို ဟောကြားထားခဲ့ပါသည်။ ဗုဒ္ဓဘုရားရှင် ဟောကြားခဲ့သည့်အတိုင်းသာ မိမိနှင့် သက်ဆိုင်သော ကျင့်ဝတ်များကို လိုက်နာကျင့်သုံးမည် ဆိုပါလျှင် လူ့အဖိုးတန် တစ်ယောက်ဖြစ်လာပေလိမ့်မည်။ မိမိတို့၏ဘဝလည်း တိုးတက်ကြီးပွားလာပေလိမ့်မည်။ လောကကြီးတွင် လူသားများ ထောင်သောင်းများစွာရှိပါသော်လည်း အမျိုးအစားခွဲလျှင် (၃)မျိုးသာ ကွဲပြားပါလိမ့် မည်။ ၎င်းတို့မှာ-

(၁) ပေးအပ်ခြင်းခံရသောတာဝန်ကိုပင် ကျေပွန်အောင် မလုပ်ဆောင်ကြသောသူများ။
(၂) ပေးအပ်ခြင်းခံရသော တာဝန်ကိုသာ ကျေပွန်အောင် လုပ်ဆောင်ကြသောသူများ။
(၃) ပေးအပ်ခြင်းခံရသောတာဝန်ကို ကျေပွန်အောင် လုပ်ဆောင်သည့်အပြင် မိမိအသိစိတ်ဖြင့်ပါ ထပ်မံ၍ တာဝန်ယူဆောင်ရွက်ကြသောသူများဟူ၍ ဖြစ်ပါသည်။

ထိုလူအမျိုးအစား(၃)မျိုးအနက် နံပါတ်(၁)ကဲ့သို့သော လူများသာ အဆမတန် ပေါများနေမည်ဆိုလျှင် တိုင်းပြည် ပျက်ကိန်း၊ ကမ္ဘာလောကကြီးပျက်ကိန်းဆိုက်ပေလိမ့်မည်။ နံပါတ်(၂)ကဲ့သို့လူများဖြစ်လျှင်ပင် လူ့ဘောင်လောကကြီး အေးချမ်းသာယာလာပေလိမ့်မည်။ အရေးအကြီးဆုံးအချက်မှာ နံပါတ်(၃)ကဲ့သို့သောလူသားများ မြောက်မြားစွာ ပေါ်ထွက်လာစေရန် ပြုစုပျိုးထောင်ပေးနိုင်ဖို့ဖြစ်သည်။

သို့မှသာ လူ့ဘောင်လောကကြီး ဘေးအန္တရာယ်ကင်းရှင်းကာ တိုးတက်လာပေလိမ့်မည်။ မည်သူက တာဝန်ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ မိမိ၏ အသိစိတ်ဖြင့် မိမိတို့၏အဖွဲ့အစည်း၊ မိမိတို့၏ လောကကြီးတိုးတက်ကောင်းမွန်လာစေရန် ရှေးရှု၍ တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြရပါမည်။

ဆရာကြီး ဦးအောင်သင်းကလည်း လူပီသစွာ အသက်ရှင်နေထိုင်ဖို့ဆိုလျှင် တာဝန်သိခြင်း၊ တာဝန်ယူဝံ့ခြင်း၊ တာဝန်ကို စွမ်းဆောင်နိုင်ခြင်း ဟူသော အင်္ဂါရပ်(၃)ရပ်ရှိဖို့ လိုပေသည်ဟုပြောကြားခဲ့ပါသည်။ ဆက်လက်၍ ဆရာကြီးက "တာဝန်သိခြင်းသည် ကိုယ်ကျင့်တရား၊ တာဝန်ယူဝံ့ခြင်းသည် သတ္တိ၊ တာဝန်ဆောင်နိုင်ခြင်းသည် စွမ်းရည်" ဟူ၍ ပြောကြားခဲ့ပါသည်။

တာဝန်ကို သိသောသူသည် ကိုယ်ကျင့်တရားကောင်းသောသူ၊ တာဝန်ကို မသိသောသူသည် ကိုယ်ကျင့်တရား မကောင်းသောသူဟူ၍ လည်းကောင်း၊ တာဝန်ကို ယူဝံ့သောသူသည် သတ္တိရှိသူ၊ တာဝန်ကိုမယူဝံ့သောသူသည် သတ္တိမရှိသူ သူရဲဘောကြောင်သူ ဟူ၍လည်းကောင်း၊ မိမိ ယူထားသောတာဝန်ကို ကျေပွန်အောင်စွမ်းဆောင်နိုင်သူသည် စွမ်းရည်ရှိသောသူ၊ တာဝန်ကို ကျေပွန်အောင် မစွမ်းဆောင်နိုင်သူသည် စွမ်းရည်မရှိသောသူဟူ၍ လည်းကောင်း ပြောကြားခဲ့ပါသည်။ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် ပညာသည် မရှိမဖြစ်လိုအပ်ကြောင်းကိုလည်း လမ်းညွှန်ပြောကြားခဲ့ပါသေးသည်။

တာဝန်သိစိတ်ဖြင့် တာဝန်ယူထားသောသူ (သို့မဟုတ်) တစ်စုံတစ်ဦး၊ အဖွဲ့အစည်းတစ်ခုခုမှ တာဝန်ပေးခြင်းခံထားရသူသည် ထိုတာဝန်ကိုပြီးမြောက်အောင်မြင်အောင် မဆောင်ရွက်နိုင်ပါလျှင် မိမိနှင့်အများအတွက် ထိခိုက်နစ်နာမှုများ ရရှိမည်မှာ ဧကန်မလွဲပင်။ ထို့ကြောင့် အကြောင်း အကျိုး၊ အကောင်း အဆိုး၊ အမှား အမှန်ကို ဝေဖန်ပိုင်းခြားတတ်သော ပညာသည် တာဝန်ဆောင်နိုင်မှုအတွက် အလွန်အရေးကြီးလှသည်ဟု ဆရာကြီး ဦးအောင်သင်းက လမ်းညွှန်ပြောကြားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ကျွန်ုပ်တို့ နိစ္စဓူဝ ပေါင်းသင်းဆက်ဆံနေရသောလူများထဲတွင် အချို့မှာ အမှန်တကယ်ပင်တာဝန်မဆောင်နိုင်၍ တာဝန်မယူသူများ ရှိကြသကဲ့သို့ အချို့မှာလည်း တာဝန်ကို စွမ်းဆောင်နိုင်သော အရည်အချင်းရှိပါလျက် "ငါမလုပ်လည်း ဘာဖြစ်လဲ၊ အခြားသူ လုပ်လိမ့်မယ်၊ ငါလုပ်ရင် ငါပင်ပန်းရမယ်၊ ဒီတော့ အသာဘေးဖယ်နေလိုက်မယ်" ဟူ၍ အတ္တစိတ်မွေးကာ တာဝန်ကိုမယူဘဲ ခေါင်းရှောင်သွားတတ်ကြသည်။

"ဘယ်သူသေသေ ငတေမာရင်ပြီးရော" ဟူသော စိတ်ထားဖြင့် မသိမသာ နေလိုက်ခြင်းသည် မိမိအတွက် အတွေ့အကြုံနှင့် ဘဝသင်ခန်းစာများသင်ယူခွင့် ဆုံးရှုံးလိုက်ရသည်။ အများအတွက်လည်း ပိုမိုတိုးတက်ကောင်းမွန်မည့် အခြေအနေကို ဆုံးရှုံးလိုက်ရသည် ဆိုသည်ကို ဆင်ခြင်တွေးတောသင့်လှပေသည် ။ မိမိအကျိုး၊ အများအကျိုးကို မကြည့်သော မျက်စိနှစ်ဖက်ချို့သူ၊ မိမိအကျိုးကိုသာကြည့်သော မျက်စိတစ်ဖက်ချို့သူများ မဖြစ်ကြဘဲ မိမိအကျိုး၊ အများအကျိုးကိုကြည့်တတ်သော မျက်စိနှစ်ဖက်လုံးမြင်သူများ ဖြစ်ရန်မှာလည်း အရေးကြီးလှပေသည်။

အချုပ်အားဖြင့်ဆိုရပါလျှင် လူ့အဖိုးတန်များ ပေါများသည့် နိုင်ငံမှသာ အဖိုးတန်သော နိုင်ငံကြီးဖြစ်လာပေလိမ့်မည်။ ထို့ကြောင့် မိမိတို့နေထိုင်ရာပတ်ဝန်းကျင်နှင့် နိုင်ငံကြီး အဖိုးတန်ရန် ရှေးရှုလျက် လူတစ်ဦးချင်းစီက ပညာကိုအဖော်ပြုရင်း တာဝန်သိ၊ တာဝန်ယူ၊ တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြရန် ကြိုးစားကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

## ကာကွယ်ကြစို့

မြန်မာပြည်တွင်း ပျံ့လို့လာ၊
ကိုဗစ် ၁၉ ရောဂါပါ။
သတိပြုကာ ကာကွယ်ထား၊
လက်ဆေးကြစို့လား။
လက်ကြားလက်မ မကျန်ပါ၊
ဖမိုးဖဝါးသေချာစွာ။
ဆပ်ပြာနှင့်သာ သေချာဆေး၊
ရောဂါကာကွယ်ပေး။
လူစုလူဝေး ရှောင်ကြဉ်ပါ
အိမ်မှာနေစို့ကွာ။
မှန်မှန်အိပ်ကာ မှန်မှန်စား
ခွန်အားဖြည့်စို့လား။
ကြိုးစားကာကွယ် ခုခံပါ
ကိုဗစ် ၁၉ ထိုရောဂါ။
တို့ပြည်မြန်မာ အေးစေသား.....
ဘယာဝေးကွာ ငြိမ်းစေသား.....
ငြိမ်းအေးစေသား အေးစေသား.....။

မင်းအောင်ကိုကိုကျော်

## သဘာဝအမွေထိန်းစို့လေ

သူရိန်နေမင်း ရောင်နီဖြာ
တောင်ကုန်းပေါ်ကလာ
တို့ရွာလေးကို ထွန်းလင်းပေး
နံနက်ချိန်ခါနွေး။
ငှက်ကလေးများ တေးဆိုပြီ
ချိုအေးသံစုံမြည်၊
တီတီတာတာ သီဆိုပြ
သူတို့သဘာဝ။
တောအလှက စိတ်ပျော်ရွှင်
မြင်သူတိုင်းကိုပင်၊
နှလုံးသားတွင် ရွှင်ကြည်မြူး
ချမ်းမြေ့ရပုံထူး။
ကြည်ကြည်နူးနူး ချစ်စရာ
ပန်းမျိုးစုံလင်စွာ၊
ဖြူနီပြာဝါ ရောင်စုံခင်း
ရနံ့ထုံလို့သင်း။
ရွှေအဆင်းနှင့် စပါးနှံ
ဝင်းမှည့်အချိန်မှန်၊
ဆောင်းဟေမန်မှာ ရိတ်သိမ်းလို့
ကောက်ရိတ်ပြိုင်ကြစို့။
တို့လူသားများ မြတ်နိုးစေ
တောတောင်ရေမြေတွေ၊
ဝိုင်းဝန်းကာလေ ထိန်းသိမ်းထား
စောင့်ရှောက်ကြစို့လား။ ။

မောင်လူစိုး